# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၆)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# Covid နှင့် ပတ်သက်သည့် စီမံကိန်းများ ချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များသာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း ရေးသားဖော်ပြ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နှင့် ပတ်သက်သည့် စီမံကိန်းများ ချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များသာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုင်းနိုင်ငံနယ်စပ်မှ မြန်မာနိုင်ငံအတွင်း မနေ့ကနှင့် ဒီကနေ့၊ (၂) ရက်အတွင်း ပြန်ရောက်လာသည့် ပြည်သူပေါင်း (၂၀၀၀) ကျော်ရှိပါကြောင်း၊ ဒီလို အလုံးအရင်းနှင့် ပြန်လာကြဖို့ ရှိတာကို ကြိုတင်ခန့်မှန်းထားပြီးဖြစ်လို့ အစီအစဉ်တွေလည်း လုပ်ထားပြီးဖြစ်ပါကြောင်း၊ မူလက မေလဆန်းမှာ ပြန်လာကြမယ်လို့ ခန့်မှန်းခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံ၌ covid ကို အကြောင်းပြုပြီး ချမှတ်လိုက်သည့် ကန့်သတ်ချက်များကြောင့် ပြည်တော်ပြန်များ အလာနောက်ကျသွားရတာ ဖြစ်ပါကြောင်း။

ပြည်တော်ပြန်များကို ကြိုဆိုဖို့၊ လိုအပ်သည့် ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ဖို့၊ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်တွေကို ခရီးဆက်နိုင်ရေးစီစဉ်ဖို့ တာဝန်တွေက ကရင်ပြည်နယ်အစိုးရအပေါ် အများဆုံးကျပါကြောင်း၊ ပြည်နယ်အစိုးရသာမက ပြည်သူများကပါ စိတ်ပါလက်ပါ လုပ်ဆောင်နေကြတာ တွေ့ရသည့်အတွက် အင်မတန် အားတက်မိပါကြောင်း ရေးသားထားသည်။

ထို့ပြင် Covid နှင့် ပတ်သက်သည့် စီမံကိန်းများချမှတ်ရာတွင် ရေတိုအဖြေတစ်မျိုးတည်းကို ကြည့်တာမဟုတ်ဘဲ ရေရှည်အတွက် နိုင်ငံ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များသာမက နိုင်ငံရေးဦးတည်ချက်များကိုပါ မျက်ခြည်မပြတ် ကြည့်ဖို့လိုကြောင်း။

စိန်ခေါ်မှုတစ်ခုကို စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုသွေးရင်းများ အတူရင်ဆိုင်ကျော်လွှားမှုတစ်ခုဆိုတာ တစ်နေ့အတွက်၊ တစ်ခဏအတွက်သာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်ရပ်ကလေး မဟုတ်ပါကြောင်း၊ မိမိတို့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အေးချမ်းသာယာဖွံ့ဖြိုးသည့် ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်ပေါ်ရေး အိပ်မက်အတွက် ရင်းနှီးမြှုပ်နှံလိုက်ခြင်းဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေးသားဖော်ပြထားသည်။

> **“စိန်ခေါ်မှုတစ်ခုကို စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုသွေးရင်းများ အတူရင်ဆိုင်ကျော်လွှားမှုတစ်ခုဆိုတာ တစ်နေ့အတွက်၊ တစ်ခဏအတွက်သာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်ရပ်ကလေး မဟုတ်၊ မိမိတို့အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်”**

## လှိုင်မြို့နယ်၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် ပြည်သူတစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**ရန်ကုန် မေ ၂၅**

ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုနှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်သူများအား အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ဆောင်ရွက်သည်။(ယာပုံ)

*စာမျက်နှာ ၆ ကော်လံ ၁* ❑




**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** — စာ ၈

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန် (၂၅-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ** — စာ ၁၅





## မြန်မာ့အလင်း

# အားလုံးပါဝင်ဆောင်ရွက်ကြရမည့် ကိုဗစ်-၁၉ လွန်ကာလ ကုစားမှု

မျက်မှောက်ကမ္ဘာကြီးသည် မျှော်လင့်မထားခဲ့သော အပြောင်းအလဲကာလတစ်ခုဆီသို့ ရောက်ရှိနေသည်။ ကပ်ရောဂါ၏ ဖိစီးထားမှုကြောင့် ကမ္ဘာ့နိုင်ငံတိုင်းမှာ သူ့အထွာနှင့်သူ ဆိုသလို ထိခိုက်ခံစားနေကြရသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်မြန်ကပ်ရောဂါက လူတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်ရုံသာမက လူတို့၏ နေ့ဥစ္စာနှင့် စားဝတ်နေရေးတို့ကိုပါ ကိုင်လှုပ်နေပြီဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အနာဂတ်သည် မှုန်ဝါးမှိုင်းဝေလျက်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၏ ၀ ဒသမ ၀၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံ၏ စီးပွားရေးသည်လည်း ကိုယ့်အထွာနှင့်ကိုယ် ထိခိုက်ခံစားရသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားယူရုန်းထနေရသည့် မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ကပ်ရောဂါကြောင့် နာလန်မထူနိုင်ဖြစ်ကာ အချိန်ကာလကြာမြင့်စွာ လဲပြိုနေသည့်အခြေသို့ ဆိုက်ရောက်မသွားစေဖို့လိုသည်။ သို့ဖြစ်သည့်အတွက် လက်ရှိကြုံတွေ့နေရသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်နိုင်ရေး၊ နိုင်ငံ၏ စီးပွားရေးအပေါ်တွင် သက်ရောက်နေသည့် ထိခိုက်မှုများ လျော့ပါးသက်သာစေရေး၊ ခိုင်မာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီသို့ အမြန်ဆုံး ခုန်ပျံကျော်လွှားရောက်ရှိစေရေး မျှော်မှန်းချက်များဖြင့် "အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း- ကိုဗစ် -၁၉ စီးပွားရေး ကုစားမှုအစီအစဉ်"ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

CERP ဟု အတိုကောက် ခေါ်ဆိုနိုင်သည့် ကိုဗစ် -၁၉ စီးပွားရေးကုစားမှုအစီအစဉ်တွင် တစ်မူထူးခြားသော ဘဏ္ဍာရေးစီမံချက်များ ပါဝင်ပြီး လူသားရင်းမြစ်နှင့် အလိုအလျောက်မူဝါဒပိုင်း တုံ့ပြန်နိုင်မှုဖြင့် ပေါင်းစပ်ထားသော ပန်းတိုင်ခုနစ်ခု၊ မဟာဗျူဟာ ၁၀ ရပ်၊ ဆောင်ရွက်ရမည့် စီမံချက် ၃၆ ခုနှင့် အရေးယူဆောင်ရွက်မှု ၇၆ ခု ပါဝင်သည်။ CERP သည် မြန်မာနိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်မှုများ လျော့ပါးသက်သာသွားစေမည့်အခြေအနေကို ရှာဖွေပေးနိုင်မှာဖြစ်ပြီး ပေါ်ပေါက်လာသည့်အခြေအနေနှင့် လိုအပ်ချက်များနှင့်အညီ ရေးဆွဲရမည့် ပြောင်းလဲနေမည့်လမ်းညွှန်(Living document) လည်း ဖြစ်သည်။ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်၏ ပန်းတိုင်ခုနစ်ရပ်တွင် ပန်းတိုင်(၁) ငွေကြေးသက်သာခွင့်များဖြင့် အသေးစားစီးပွားရေးလုပ်ငန်းကို တိုးတက်စေခြင်း၊ ပန်းတိုင်(၂) ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများကို ဖြေလျှော့ပေးခြင်း၊ ပန်းတိုင်(၃) အလုပ်သမားများအပေါ် သက်ရောက်မှုကို လျော့ပါးစေခြင်း၊ ပန်းတိုင်(၄) အိမ်ထောင်စုများအပေါ် သက်ရောက်မှုလျော့ပါးစေခြင်း၊ ပန်းတိုင်(၅) ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်း၊ ပန်းတိုင်(၆) ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်း၊ ပန်းတိုင်(၇) ကိုဗစ်-၁၉ တုံ့ပြန်မှုရန်ပုံငွေ သုံးစွဲနိုင်မှု မြှင့်တင်ခြင်း (အရေးပေါ်ရန်ပုံငွေအပါအဝင်)တို့ ပါဝင်ပြီး ယင်းပန်းတိုင်ရည်မှန်းချက်များ အကောင်အထည်ဖော်မှုကိုလည်း စောင့်ကြည့်စိစစ်မှုတို့ ပါဝင်သည်။

အထက်ဖော်ပြပါ ပန်းတိုင် (၇)ရပ်နှင့်တကွ ဆောင်ရွက်ရမည့် စီမံချက်များမှာ ချက်ချင်းဆောင်ရွက်မှုများ၊ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်မကုန်မီနှင့် နှစ်ကုန်ကာလအတွင်း ဆောင်ရွက်မှုများ၊ တတ်နိုင်သမျှ မြန်မြန်ဆောင်ရွက်မှုများဖြစ်ပြီး စောင့်ကြည့်စိစစ်မှုလည်း ပြုလုပ်လျက်ရှိသည်။ ဆောင်ရွက်ရန် စီမံချက်များအလိုက် တာဝန်ယူကြရသည့် အစိုးရနှင့် ဌာနအဖွဲ့အစည်းများရှိကြသလို ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူများကလည်း ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက် ကြရန် လိုအပ်သည်။ ပေါင်းစည်းထားသည့်အင်အား၊ တစ်တပ်တစ်အား သယ်ပိုးတာဝန်ယူမှု၊ ဝေမျှတတ်သည့် စိတ်ဓာတ်၊ စာနာရိုင်းပင်းမှု၊ လုံ့လဝီရိယနှင့် ထိုးထွင်းကြံဆမှုတို့ဖြင့် ကိုဗစ်-၁၉ အလွန်ကာလ စီးပွားရေးအောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည် ဖြစ်ပါကြောင်း။ ။



# ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများကို ပံ့ပိုးကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၅

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ Quarantine Center များနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးရာ၌ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ Quarantine Center များနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထိုစေတနာ့ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့် သင်တန်းများ ပို့ချခြင်း၊ စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍စေတနာ့ဝန်ထမ်းတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ ကူညီဆောင်ရွက်မှုများ အဆင်ပြေ ချောမွေ့စေရန်အတွက် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် အနေအထိုင်၊ အစားအသောက်၊ အသွားအလာ အဆင်ပြေစေရန်နှင့် စနစ်တကျအနားယူနိုင်ရန် လိုအပ်ကြောင်း၊ ဒေသအလိုက် မြေပြင်၌ လက်တွေ့အခြေအနေတွင် လိုအပ်ချက်များ အခက်အခဲများကိုလည်း သိရှိရန် လိုအပ်ကြောင်း၊ သို့မှသာ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ ရည်မှန်းချက်များနှင့်အညီ ညှိနှိုင်းပံ့ပိုးကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထိရောက်သော လုပ်ငန်း အကောင်အထည်ဖော်မှုများ အချိန်နှင့်တစ်ပြေးညီ လက်တွေ့ဖြစ်ပေါ်လာစေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အတွင်းရေးမှူးရုံးအဖွဲ့က လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံး အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်း (MNA) မှ ပြည်ပရောက်မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခြင်းနှင့် ထောက်ပံ့ရေးလှူဒါန်းပစ္စည်းများအား Relief Flights များဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိ

ရန်ကုန် မေ ၂၅

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားမှုကြောင့် နိုင်ငံတကာတွင် အခက်အခဲကြုံတွေ့နေရသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ်များဖြင့်ပြန်လည်ခေါ်ဆောင်လျက်ရှိရာ မြန်မာအမျိုးသားလေကြောင်း (MNA)မှ လေယာဉ်များဖြင့်လည်း ပြည်ပရောက်မြန်မာနိုင်ငံသားများအား သွားရောက်ခေါ်ဆောင်ပေးလျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်း(MNA) စီးပွားရေးဌာနမှ သိရသည်။



ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသားလေကြောင်း (MNA)မှ ပြည်တွင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးခြင်း၊ Relief Flights များဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ပေးခြင်းနှင့် ထောက်ပံ့ရေးလှူဒါန်းပစ္စည်းများ ကူညီသယ်ယူ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းမှ Relief Flights များဖြင့် မေလ ၇ ရက်၊ ၉ ရက်၊ ၁၃ ရက်၊ ၁၆ ရက်၊ ၂၁ ရက်များတွင် ရန်ကုန် – စင်ကာပူ– ရန်ကုန်၊ မေလ ၁၂ ရက်တွင် ရန်ကုန်– ဘန်ကောက် – ရန်ကုန်၊ မေလ ၁၉ ရက်တွင် ရန်ကုန် – နယူးဒေလီ– ရန်ကုန်နှင့် မေလ ၂၄ ရက်တွင် ရန်ကုန် – ချန်နိုင်း – ရန်ကုန် ခရီးစဉ်များ ပြေးဆွဲပေးခဲ့ပြီး မေလ ၂၇ ရက်တွင် ရန်ကုန် – ဂါယာ – ရန်ကုန် ခရီးစဉ်ကို ပြေးဆွဲသွားမည်ဖြစ်သည်။

"လူမှုရေးအကျိုးပြု အနေနဲ့ကတော့ သက်ဆိုင်ရာနိုင်ငံရှိ သံရုံးများနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးတော့ Relief flights အနေနဲ့ စင်ကာပူကိုလည်း ပျံသန်းဆွဲပေးပါတယ်။ ဘန်ကောက်က တစ်ကြိမ်ဆွဲပြီးပြီ။ စင်ကာပူကိုတော့ ငါးကြိမ်မြောက် ဆွဲပေးပြီးပါပြီ။ ပြီးတော့ အိန္ဒိယအနေနဲ့ နယူးဒေလီနဲ့ ချန်နိုင်းကို ပြေးဆွဲပြီး ဖြစ်ပါတယ်။ ဂါယာခရီးစဉ်ကို မေလ ၂၇ ရက် ပြေးဆွဲပေးဖို့ အစီအစဉ်ရှိတယ်။ လောလောဆယ်တော့ အိန္ဒိယဘက်ကို သံရုံးနဲ့ ဆက်သွယ်ပြီးတော့ လုပ်ပေးနေပါတယ်။ ကယ်ဆယ်ရေး flights တွေတော့ ရှိပါတယ်။ ထပ်မံပြေးဆွဲဖို့က သံရုံးတွေနဲ့ ညှိနှိုင်းဆောင်ရွက်နေတုန်းပါပဲ" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) စီးပွားရေးဌာနမှ Marketing Supervisor မခိုင်ခိုင်ကျော်က ပြောသည်။

ထို့ပြင် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ Relief Flights များဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်သော ထောက်ပံ့ရေး လှူဒါန်းပစ္စည်းများအား အခမဲ့ဖြင့် မေလ ၇ ရက် ရန်ကုန် – စင်ကာပူ – ရန်ကုန် ခရီးစဉ်တွင် ကုန်ပစ္စည်းအရေအတွက် ၂၆ ခု (ကုန်တန်ချိန် ၂၈၁ ကီလိုဂရမ်)၊ မေ ၉ ရက် ရန်ကုန် – စင်ကာပူ – ရန်ကုန် ခရီးစဉ်တွင် ကုန်ပစ္စည်းအရေအတွက် လေးခု (ကုန်တန်ချိန် ၂၆ ကီလိုဂရမ်)၊ မေလ ၁၃ ရက်တွင် ရန်ကုန် – စင်ကာပူ– ရန်ကုန် ခရီးစဉ်တွင် ပစ္စည်းအရေအတွက် လေးခု (ကုန်တန်ချိန် ၂၇ ကီလိုဂရမ်) နှင့် မေလ ၁၆ ရက် ရန်ကုန် – စင်ကာပူ – ရန်ကုန် ခရီးစဉ်တွင် ပစ္စည်းအရေအတွက် လေးခု (ကုန်တန်ချိန် ၂၂ ကီလို ဂရမ်) တို့ကို ကူညီသယ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

"Cargo အနေနဲ့ ဆိုရင်တော့ လောလောဆယ်ဘန်ကောက်ကိုတော့ လူမပါဘဲ ပစ္စည်းချည်းပဲ ပို့ပေးတဲ့ Charter Cargo ရှိတယ်။ ပြီးရင် စင်ကာပူက ကျတော့ relief flight တွေဆွဲနေတဲ့အချိန်မှာ Cargo တင်ချင်တယ်ဆိုရင် တင်ပေးတယ်၊ ပို့ပေးတယ်။ ဒါကတော့ ပြည်ပပါ။ ပြည်တွင်းတွေမှာကျတော့ အခုပြေးဆွဲနေတဲ့ နေရာတွေမှာ Cargo တင်ချင်တယ်ဆိုရင် Local Cargo Department ကို ဆက်သွယ်ပြီး တင်လို့ရတယ်"ဟု မခိုင်ခိုင်ကျော်က ပြောသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းအနေဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်သော ခရီးသည်များနှင့် ထောက်ပံ့ရေး လှူဒါန်းပစ္စည်းများအား ပြည်တွင်းခရီးစဉ်များဖြစ်သည့် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မြစ်ကြီးနား၊ ပူတာအို၊ ကလေး၊ ကျောက်ဖြူ၊ အမ်း၊ စစ်တွေ၊ မြိတ်၊ ထားဝယ်၊ ကော့သောင်းမြို့များသို့ ခရီးသည် စုစုပေါင်း ၅၉ ဦးနှင့် ကုန်ပစ္စည်းတန်ချိန် စုစုပေါင်း ၅၄၅ ကီလိုဂရမ်တို့ကို အခမဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပြီး မေ ၂၈ တွင်လည်း ရန်ကုန်– စင်ကာပူ – ရန်ကုန် ကုန်တင်လေယာဉ်ခရီးစဉ်ကို ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(စွမ်းအင်ကဏ္ဍ)၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၅

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန(စွမ်းအင်ကဏ္ဍ)၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လာမည့်တတိယသုံးလပတ်ကာလအတွင်းရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူထားသည့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံတော်ဝင်ငွေအတွက်လည်း အဓိက အားထားရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းသုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချ၊ ပို့လွှတ်ပေးရန် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စီမံချက်များ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစက်သုံးဆီ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိရေနံချက်စက်ရုံများအား ပြုပြင်လည်ပတ်သကဲ့သို့ စက်စွမ်းအား ပိုမိုမြင့်မားသည့် ရေနံဓာတုဗေဒစက်ရုံများ တည်ဆောက်ရေးကိုလည်း စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် Mini-refineryများ စနစ်တကျတည်ဆောက်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ယူရီးယား ဓာတ်မြေဩဇာထုတ်လုပ်ခြင်းကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စီမံရမည်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်ပြီး အမှန်တကယ်အကျိုးရှိမည့် ခေတ်မီဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်ရေးကိုလည်း စီမံထားရန် လိုအပ်ပါကြောင်း။

မိမိတို့ လျာထားချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စုတစ်သန်း LPG သုံးစွဲနိုင်ရေးကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရေနံဓာတ်ငွေ့ရည် သုံးစွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ၂၀၁၀ ပြည့်နှစ်မှ စတင်၍ လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်က ထုတ်ပြန်ခဲ့သော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် ဈေးကွက်ရှိ စက်သုံးဆီ အရည်အသွေး၊ အချင်အတွယ်များ ပြည့်မီအောင် စစ်ဆေးကြပ်မတ်ခြင်းများကိုလည်း ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအား အရည်အသွေး၊ အခြင်အတွယ်ပြည့်ဝသည့် စက်သုံးဆီများ အသုံးပြုနိုင်ရေး စီမံပေးရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် အရေးပေါ်ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် စက်သုံးဆီ အရန်သိုလှောင်ထားမှုများကိုလည်း စီမံထားရန် လိုအပ်ပါကြောင်း၊ အထက်ပါ လုပ်ငန်းများကို စနစ်တကျကြီးကြပ်စစ်ဆေးနိုင်ရန် မကြာမီရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတစ်ခု အသစ်ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းမှု၏ Impact ကို ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပြီး အခြားဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို သုံးသပ်၍ သက်ရောက်မှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အရန်စက်သုံးဆီများ သိုလှောင်ထားရှိရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ထိန်းချုပ်နေသောကာလအတွင်း မိမိတို့လုပ်ငန်းအလိုက် စီမံကိန်းများ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်နေရသည့် အခြေအနေများကို အသေးစိတ်တင်ပြကြရန် လိုအပ်ကြောင်း၊ COVID-19 Impact အား ပြန်လည်ကုစားနိုင်ရန် Prevention Plan များ ရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အတတ်နိုင်ဆုံး ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မကြာမီ မုတ်သုံကာလ ကျရောက်လာတော့မည်ဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ရေနံမြေအထွေထွေမန်နေဂျာများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံတို့မှ စက်ရုံမှူးများ၊ ရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနများမှ အထွေထွေမန်နေဂျာများနှင့် တိုင်းရောင်းဝယ်ရေး အရာရှိများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ သုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ကိုဗစ်-၁၉ မတိုင်မီ စီမံကိန်းလျာထားချက်၊ ကိုဗစ်-၁၉ ကြောင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာဖြစ်ပေါ်နေမှုအခြေအနေများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်ကာလများ၏ ဆက်လက်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းအစီအစဉ်များအား Video Conferencing ဖြင့် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်သူသို့ အသိပေးတင်ပြချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**ပြည်သူသို့ အသိပေးတင်ပြချက်**

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေ လ ၂၅ ရက်)**

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ (COVID – 19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ် ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၁၅.၅. ၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၃၁.၅.၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၃) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ COVID –19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပထမအကြိမ်တိုးမြှင့်ခဲ့သည့် မေလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့)ကို ၂၀၂၀ ပြည့်နှစ် ၊ မေလ (၆) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၁၆.၅.၂၀၂၀) ရက်နေ့မှ (၃၁.၅.၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်သည့်အတွက် မေလ (၁၆) ရက်နေ့မှ မေလ (၃၁) ရက်နေ့အထိ ကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိ ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့)ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ ၂၀၂၀ ပြည့်နှစ် မေလ (၁) ရက်နေ့မှ မေလ (၃၁) ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ(မပါ)) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း (၁၅၀)ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၅။ အဆိုပါ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)နှင့် ပတ်သက်၍ ပြည်သူများမှ ပေးဆောင်ရာတွင် ရှင်းလင်းစေရန်အတွက် အောက်ပါအတိုင်း တင်ပြအပ်ပါသည် –

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>■ နေအိမ်သုံး<br>■ အိမ်သုံးပါဝါ<br>■ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)<br>■ စီးပွားရေးလုပ်ငန်း မပါသော ဘာသာ/ သာသနာ အဆောက်အအုံ | ၁ မှ ၃၀ | ၃၅ |
| | | ၃၁ မှ ၅၀ | ၅၀ |
| | | ၅၁ မှ ၇၅ | ၇၀ |
| | | ၇၆ မှ ၁၀၀ | ၉၀ |
| | | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |
| (ခ) | **အိမ်သုံး မဟုတ်သည့် အမျိုးအစား**<br>• စက်မှုလုပ်ငန်းများ<br>• စီးပွားရေးလုပ်ငန်းများ<br>• တစ်လုံးတစ်ခဲတည်း<br>• ယာယီသုံး<br>• လမ်းမီး<br>• အစိုးရရုံးဌာနအဖွဲ့အစည်းများ | ၁ မှ ၅၀၀ | ၁၂၅ |
| | | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | | ၁၀၀၀၁-၂၀၀၀၀ | ၁၅၅ |
| | | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | | ၁၀၀၀၀၁ နှင့် အထက် | ၁၈၀ |
| | ■ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ<br>■ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ<br>■ မြစ်ရေတင်လုပ်ငန်း<br>■ စည်ပင်သာယာရုံးဌာန/လုပ်ငန်းများ<br>■ အစိုးရမဟုတ်သောအဖွဲ့အစည်းများ<br>■ နိုင်ငံခြားသံရုံးများ<br>■ နိုင်ငံတကာအဖွဲ့အစည်းများ | | |

၆။ ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ခံစားခွင့်ရရှိသည့် ဓာတ်အားသုံးစွဲသူ အမျိုးအစားတွင် ဓာတ်အားခနှုန်းထားသတ်မှတ်ချက်ဇယား၏ စာပိုဒ် ၂ (က) အိမ်သုံးအမျိုးအစားဖြင့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအပြင် စာပိုဒ် ၂ (ခ) အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများသာ အကျုံးဝင်ပါသည်။

၇။ အကျုံးဝင်သော ကာလမှာ ၂၀၂၀ ပြည့်နှစ် ၊ မေလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုများဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/-) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၈။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့်အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများ အားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

၉။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မီတာဖတ်စာရေးများသည် လစဉ်ဖတ်ရှုရမည့်ရက်များအတိုင်း ဖတ်ရှုမှတ်သား၍ ဖြန့်ဝေရမည့် မီတာဘေလ်များကိုလည်း ပုံမှန်ဖြန့်ဝေကာ ၎င်းမီတာဘေလ်များ၌ သုံးစွဲသည့်ယူနစ်များအလိုက် ကင်းလွတ်ခွင့် (အခမဲ့) ခံစားခွင့်ပြုမည့် ငွေပမာဏကို နုတ်ပယ်သွားမည်ဖြစ်ပြီး ၎င်းမီတာဘေလ်များအား သုံးစွဲသူများမှ သိမ်းဆည်းထားရမည်ဖြစ်ပါသည်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်



**ရန်ကုန် မေ ၂၅**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီတို့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။ **(ယာပုံ)**

### တစ်ပိုင်တစ်နိုင်လုပ်ဆောင်နေ

ရှေးဦးစွာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ အများစုသည် နိုင်ငံခြားတိုင်းပြည်များမှ ပြန်လာကြသူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံများမှ မိမိတို့နိုင်ငံသားများသည် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်မှုများလည်း ရှိနေပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာကြသူများသည် နယ်စပ်ဒေသများတွင် တရားဝင်သာမက တရားမဝင် ဖြတ်ကျော်ဝင်ရောက်လာကြသည့်အခါတွင် ရောဂါကာကွယ်တားဆီးထိန်းချုပ်မှုများ မှန်မှန်ကန်ကန် မလုပ်နိုင်ပါက ကူးစက်မှုသည် ပိုမိုပျံ့နှံ့သွားနိုင်ကြောင်း၊ နယ်စပ်ဒေသအများစုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုလျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်း ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ဆောင်နေကြသည်ကို တွေ့ရပါကြောင်း။

### လုပ်ငန်းတာဝန် (၇) ရပ် ချမှတ်ပေး

ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်နှင့် အထောက်အကူပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ဧပြီ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၃/၂၀၂၀ ဖြင့် မိမိဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင်မှ အဖွဲ့ဝင် လေးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၇) ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် No one left behind ဆိုသည့် Policy အရ မည်သူမျှ မကျန်စေရအောင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပြင် NCA လက်မှတ် မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဆက်သွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာဒေသများသည် နယ်စပ်ဒေသတစ်လျှောက်ဖြစ်နေသည့်အတွက် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ထိတွေ့မှုအများဆုံးရှိနေကြသည့်အတွက် အဖွဲ့အစည်းအားလုံးကို ဆက်သွယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့နှင့် ပူးပေါင်းပြီး မေ ၈ ရက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့က တာဝန်ပေးအပ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) ကိုယ်စားလှယ်အဖွဲ့တို့နှင့် online မှတစ်ဆင့် Vedio Conferencing ပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် သဘောတူညီချက် ငါးချက်ကို မူအားဖြင့် ချမှတ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ သဘောတူညီချက်များကို NCA လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း သိရှိပြီး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ခဲ့ပါကြောင်း။

အဆိုပါ သဘောတူညီချက်များအပေါ် အခြေခံ၍ မေ ၁၁ ရက်တွင် KNU အဖွဲ့နှင့် လည်းကောင်း၊ မေ ၁၂ ရက်တွင် NMSP အဖွဲ့နှင့် လည်းကောင်း၊ မေ ၁၄ ရက်တွင် PNLO အဖွဲ့နှင့် လည်းကောင်း၊ မေ ၁၅ ရက်တွင် CNF အဖွဲ့နှင့် လည်းကောင်း၊ မေ ၂၀ ရက်တွင် ALP အဖွဲ့နှင့် လည်းကောင်း၊ မေ ၂၂ ရက်တွင် KNPP အဖွဲ့နှင့် လည်းကောင်း online မှတစ်ဆင့် Operation အပိုင်းကို ဆွေးနွေးခဲ့ကြပြီး ကျန်အဖွဲ့အစည်းများနှင့်လည်း ဆက်လက်ဆွေးနွေးရန် စီစဉ်ထားပါကြောင်း၊ ဆွေးနွေးသဘောတူညီချက်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် နည်းပညာနှင့် အထောက်အကူပစ္စည်းများ ပံ့ပိုးပေးရန် သဘောတူခဲ့ကြပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်ကလည်း မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ကော်မတီများ ဖွဲ့စည်း၍ မိမိတို့ကော်မတီအပါအဝင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

### အဖွဲ့အစည်းများနှင့် ချိတ်ဆက်၊ တွေ့ဆုံဆွေးနွေး

မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာ နယ်မြေအတွင်းရှိ ပြည်သူများ၊ သက်ဆိုင်ရာ နယ်မြေမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်သူများအတွက် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးကော်မရှင်၏ ငြိမ်းချမ်းရေးရန်ပုံငွေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပစ္စည်း ကိုးမျိုးကို ဝယ်ယူခဲ့ပါကြောင်း၊ အဆိုပါ ပစ္စည်းများမှာ Surgical Mask ၊ Hand Sanitizer ၊ ဘက်စုံသုံး ပိုးသတ်ဆေးရည်၊ သာမိုမီတာ၊ PPE ဝတ်စုံ၊ Face Shield၊ ရော်ဘာလက်အိတ်၊ ပိုးသတ်ဆေးဖျန်းပုံးတို့ ဖြစ်ပါကြောင်း၊ မိမိတို့ညှိနှိုင်းချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနကလည်း Quarantine Center များတွင် အဆင်ပြေစေရေးအတွက် ပစ္စည်း ၁၃ မျိုးကို ပါဝင်ပံ့ပိုးပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိက အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် အသိပညာပေးအချက်အလက်များကို တိုင်းရင်းသားဘာသာစကား ထည့်သွင်းထားသည့် Hand Speaker အလုံး ၂၀ ကိုလည်း ပေးအပ်လှူဒါန်းမည် ဖြစ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၊ တွေ့ဆုံဆွေးနွေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံရရှိပါက ထပ်မံပံ့ပိုးပေးရန် အစီအစဉ်များလည်းရှိကြောင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုနှင့် ပျောက်ကင်းရေးအတွက် အချိန်အများကြီး ယူရဦးမည် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း / စည်းကမ်းများ၊ ဆောင်ရန်/ရှောင်ရန် အချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ အသိပညာပေးမှုများကို ပြည်သူတစ်ဦးချင်းစီ အလေးအနက်ထားကာ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ နယ်မြေအတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးစေလိုပါကြောင်း၊ ယခုလို ထောက်ပံ့ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် အကျိုးရှိစွာ ထိထိရောက်ရောက် အသုံးပြုသွားပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့အားလုံး ကိုဗစ်-၁၉ ရောဂါကို ခြိမ်းခြောက်မှု (Threat)အစား အခွင့်အရေး(Opportunity)အဖြစ် သဘောထား၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ယုံကြည်မှုကို တိုးတက်လာစေသော၊ အပေါင်းလက္ခဏာဆောင်သော လုပ်ငန်းရပ်အဖြစ် သဘောထားလုပ်ဆောင်နိုင်ကြပါရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) တို့က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဒေါက်တာ စောမာတာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဦးမျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား SSPP (ရှမ်းပြည်တိုးတက်ရေးပါတီ) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ကိုယ်စား ABSDF ဒုတိယဥက္ကဋ္ဌ၊ NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် SSPP ဒုတိယဥက္ကဋ္ဌ စဝ်ခွန်ဆိုင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ခင်ဇော်ဦးက "ကျွန်တော်တို့ ကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ ၊ NCA လက်မှတ် ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နှစ်ဖွဲ့ ၊ စုစုပေါင်း အဖွဲ့ ၁၂ ဖွဲ့ကို ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးနဲ့ ပတ်သက်တဲ့ အထောက်အကူပြုပစ္စည်းတွေ ပေးအပ်လှူဒါန်းပါတယ်။ အဓိကက ကျွန်တော်တို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပိုပြီးနီးစပ်လာရင်၊ ဒီလုပ်ငန်းကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ရင် ကျွန်တော်တို့သွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးအတွက် ယုံကြည်မှုတည်ဆောက်ရေးကို ပိုမိုရရှိစေနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အားတစ်ခုဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါ ပထမအကြိမ်ပါ။ နောက်ထပ် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားပါတယ်။ ထပ်မံပြီးရရှိလာရင် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ဆက်လက်လှူဒါန်းသွားမှာပါ။ "၀"၊ မိုင်းလားနဲ့ ကေအိုင်အေကတော့ အဖွဲ့ကြီးတွေလည်း ဖြစ်တယ်။ တပ်မတော်က ပံ့ပိုးထားတာလည်း ရှိတယ်။ အခုပထမအသုတ်မှာတော့ မထည့်ထားပါဘူး" ဟု ပြောသည်။

### ကြိုတင်ပြင်ဆင်မှုလုပ်ထား

အစိုးရ၏ လှူဒါန်းမှုများနှင့် ပတ်သက်၍ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်းက "ကျွန်တော်တို့အဖွဲ့အစည်းက ပြည်ပထွက်တာ မရှိပေမယ့် စိုးရိမ်တာက ထိုင်းတို့၊ တရုတ်တို့က အလုပ်လုပ်ပြီး ပြန်လာတဲ့သူတွေကို ရွာတွေမှာတော့ ပညာပေးရေး အရင်လုပ်တယ်။ သူတို့ မပြန်လာခင်ကတည်းက မီဒီယာကတစ်ဆင့် ဒီသတင်းတွေကြားတော့ ကြိုတင်ပြင်ဆင်မှု လုပ်ထားတယ်။ အပူချိန်တိုင်းပြီး တောင်ယာမှာပဲဖြစ်ဖြစ်၊ လယ်တောမှာပဲဖြစ်ဖြစ် ၁၄ ရက်ထားတယ်။ ပြီးမှ ရွာကို ပြန်လာစေတယ်။ ဒီနေ့အထိတော့ ပိုးတွေ့တာတွေ၊ သေဆုံးတာတွေတော့ မရှိဘူး။ အခုထက်ထိ ကျွန်တော်တို့ ဂိတ်တွေဖွင့်ထားပြီး နိုင်ငံတော်က လမ်းညွှန်တဲ့အတိုင်း ပညာပေးရေးတွေ လုပ်ပါတယ်။ ကိုဗစ်-၁၉ ကို အတူတကွ ပူးပေါင်းကာကွယ်တဲ့ လက်တွေ့လုပ်ဆောင်မှုတွေက အလွန်ကောင်းတယ်။ ကိုဗစ်အလွန်မှာလည်း ဒီလိုဖြစ်သွားစေချင်တယ်။ ယုံကြည်မှုဆိုတာ လက်တွေ့ကလာတာ။ ပြောနေရုံနဲ့ မထိရောက်ဘူး။ ကျွန်တော်တို့ အလုပ်တွေ အများကြီး လုပ်ရပါဦးမယ်။ ငြိမ်းချမ်းရေးဆိုတာက ပြောနေတာ လွယ်ပေမယ့် လက်တွေ့မှာ ခက်တယ်။ နှစ်ပေါင်း ၇၀ ကျော် ဒဏ်ရာဒဏ်ချက်တွေ ပြန်လည်ကုစားရဦးမယ်။ ကျွန်တော်ပြောချင်တာက စိတ်ရှည်ကြပါ။ သဘောထားကြီးကြပါ။ အပြန်အလှန် အသိအမှတ်ပြုပေးကြပါ။ အခု ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ဘုံရန်သူဖြစ်တယ်။ ဘုံရန်သူကိုတိုက်ရင် မစည်းလုံးလို့ မရဘူး။ သူတစ်ပေါက်၊ ကိုယ်တစ်ပေါက် လုပ်လို့မရဘူး။ အားလုံးတက်တက်ကြွကြွလုပ်မှ ရပါမယ်" ဟု ပြောသည်။

ယနေ့ ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း- ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်**



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

# အစိုးရကိုယ်စားလှယ်များနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၅

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး" ကို ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ကာကွယ် တားဆီးရေးအတွက် စစ်ဆေးသည့် (Screening Point) များနှင့် နိုင်ငံတကာ အကူအညီရယူမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးမှုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဒီနေ့ KNU နဲ့ ဒုတိယအကြိမ် online အစည်းအဝေး ကျင်းပပါတယ်။ ဆွေးနွေးတဲ့ အဓိကအချက်တွေကတော့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း (Screening Point) တွေမှာ တစ်ဖက်နဲ့တစ်ဖက်ကြားမှာ အထင်လွဲမှားမှုတွေ ဖြစ်ခဲ့တာရှိတယ်။ အဲဒီအပေါ်မှာ ညှိနှိုင်းဆွေးနွေးခဲ့တာပါတယ်။ နောက်တစ်ခုက နိုင်ငံတကာ အကူအညီပေးရေးကိစ္စတွေ ဆွေးနွေးတယ်။ အဲဒီခေါင်းစဉ်နှစ်ခုကို အဓိကထားဆွေးနွေးခဲ့တာ ရှိပါတယ်။ KNU ဘက်က ရှင်းပြတာကတော့ Screen-ing Point တွေမှာ ယူနီဖောင်းဝတ်ပြီးတော့ မဆောင်ရွက်ဘူး။ လက်နက်ကိုင်ဆောင်ပြီးတော့လည်း မဆောင်ရွက်ဘူး။ KNU ဘက်က ကျန်းမာရေးဝန်ထမ်းနဲ့ KNU ရဲတပ်ဖွဲ့လို သူတွေက ကိုဗစ်-၁၉ ဆိုတဲ့ ကုတ်အင်္ကျီဝတ်ပြီး ဆောင်ရွက်မယ်လို့ ရှင်းပြတာ တွေ့ရတဲ့အတွက် ကော်မတီအနေနဲ့ ပြန်လည်ညှိနှိုင်း ဆွေးနွေးတာတွေလည်း ရှိပါတယ်။

"နိုင်ငံတကာ အကူအညီရယူဖို့ ကိစ္စမှာတော့ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာ တုန်းက Option သုံးခုကို ဆွေးနွေးခဲ့တယ်။ အဲဒီအထဲကမှ နှစ်ဖက် ယုံကြည်မှု တည်ဆောက်နိုင်မယ့် အရာမျိုးကို ဆွေးနွေးခဲ့ပါတယ်။ ကောင်းမွန်တဲ့ ဆွေးနွေးပွဲလို့ ပြောနိုင်ပါတယ်။ နောက် လိုအပ်ရင်တော့ KNU အပါအဝင် ကိုဗစ်ကိစ္စကို ချောချောမွေ့မွေ့ ထိန်းချုပ်ကာကွယ် ကုသနိုင်ဖို့ နောက်ထပ်ဆွေးနွေးပွဲတွေ ဆက်လက်ဆောင်ရွက်ဦးမှာ ဖြစ်ပါတယ်။ အခုလကုန်လောက်မှာ အဝေးရောက် မြန်မာနိုင်ငံသား အလုပ်သမားတွေ အနေနဲ့ ပြန်လည်ဝင်ရောက်ဖို့ အထူးသဖြင့် ထိုင်းနိုင်ငံက ပြန်လည်ဝင်ရောက်ဖို့ ရှိပါတယ်။ ဒီလိုကိစ္စတွေမှာလည်း နယ်စပ်ဒေသတွေမှာ ရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ကိုယ်စားလှယ်များအဖြစ် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ အထွေထွေ အတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့် အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ မေလ (၂၅)ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၅-၅-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | Light House Enterprise ltd | 500.00 |
| ၂။ | Telecom International Co.ltd | 224.00 |
| ၃။ | လူမှုကွန်ရက်မှ အများပြည်သူကောင်းမှု | 208.00 |
| ၄။ | မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများ) မှ ဝန်ထမ်းများ၏ (၁)ရက်စာလစာငွေ | 184.75 |
| ၅။ | ဒေါက်တာမြတ်မော်ထွန်း၊ ဒုဥက္ကဋ္ဌ မြန်မာကလပ်(စင်ကာပူ) (စင်ကာပူရောက်မြန်မာမိသားစု) | 132.00 |
| ၆။ | ဦးတင်အောင်ဝင်း + ဒေါ်ကြည်ကြည်မြင့်(ရွှေမဟာဗုဒ္ဓဂါယာ) | 110.00 |
| ၇။ | Red Horse Dairy Industries ltd (PEP နို့မှုန့်) | 100.00 |
| ၈။ | (၁၉၆၃)ခုနှစ် ရန်ကုန်ဆေးတက္ကသိုလ် (၁) ဝင် ပြည်တွင်းပြည်ပရှိ ဆရာဝန်များ | 100.00 |
| ၉။ | အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ | 100.00 |
| ၁၀။ | မြန်မာတော်ဝင်အနွယ်တော်များ အစည်းအရုံး | 100.00 |
| ၁၁။ | ဦးကျန်ပျင်းချိန် + ဒေါ်သန်းကြည် မိသားစု (ရွှေလီလှိုင်း အသားကင်ဆိုင်) | 100.00 |
| ၁၂။ | (၂၀၁၂)ခုနှစ် တက္ကသိုလ်ပေါင်းစုံ ဆရာ၊ ဆရာမများနှင့် စေတနာရှင်များ | 81.70 |
| ၁၃။ | ဆေးတက္ကသိုလ်(၁)ရန်ကုန် ၁၂/၂၀၀၃ ကျောင်းသား/သူ ဟောင်းများ | 65.00 |
| ၁၄။ | စန္ဒာရတနာ စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး | 50.00 |
| ၁၅။ | အသောကကုသိုလ်ဖြစ်ဆေးခန်း ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝိလာသ (ဂန္ထဝါစကပဏ္ဍိတ)အမှူးပြု၍ အသောကကုသိုလ်ဖြစ်ဆေးခန်း(ကျောက်တန်းမြို့) | 50.00 |
| ၁၆။ | ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ | 42.00 |
| ၁၇။ | Pure White Group | 27.78 |
| ၁၈။ | RIT 1986 Mechanical Engineer | 27.00 |
| ၁၉။ | Geology 1979 batch RASU ကျောင်းသားဟောင်းများ | 26.00 |
| ၂၀။ | Vithey Microfinance Myanmar | 20.00 |
| ၂၁။ | Lotus Foundation (၁၁)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် | 20.00 |
| ၂၂။ | ၂၀၀၂ ခုနှစ် (စီနီယာ) သစ်တောသိပ္ပံဘွဲ့ရ ကျောင်းသား/သူဟောင်းများ | 15.50 |
| ၂၃။ | ဒေါ်တင်မူအောင်ကျော်၊ ကနေဒါနိုင်ငံ | 15.00 |
| ၂၄။ | နာရေးကူညီမှုအသင်း ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝိလာသ (ဂန္ထဝါစက ပဏ္ဍိတ) အမှူးပြု၍ နာရေးကူညီမှုအသင်း (၁/ပြည်တွင်း/၀၃၄၂) (ကျောက်တန်းမြို့) | 15.00 |
| ၂၅။ | ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၇/၂၀၁၆) သင်တန်းသား/သင်တန်းသူများ | 11.00 |
| ၂၆။ | MC Easy Micro Finance | 10.00 |
| ၂၇။ | ဘသင် + အေးမြ ဖောင်ဒေးရှင်း | 10.00 |
| ၂၈။ | RIT Batch 84( Mech) Singapore | 10.00 |
| ၂၉။ | Life Plus Health & Beauty | 10.00 |
| ၃၀။ | ဩစတြေးလျရောက် မြန်မာမိသားစုများ | 9.25 |
| ၃၁။ | စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ | 7.00 |
| ၃၂။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှု အမှတ်စဉ် (၁/၂၀၁၈) အုပ်စု(၁) တန်းခွဲ (၂) သင်တန်းသား/ သင်တန်းသူများ | 5.50 |
| ၃၃။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇၃)ဝန်ထမ်းများ | 5.20 |
| ၃၄။ | ဦးကျော်စိုးထက် + ဒေါ်နီလာဦး | 5.00 |

*စာမျက်နှာ ၆ သို့*

❒ *ကျောဖုံးမှ*

စိစစ်သုံးသပ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဘဏ်များအနေဖြင့် အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိနှင့် အားနည်းမှုရှိသည့်ကိစ္စများကို အစဉ်တစိုက်ထောက်ပြ၍ တိုးတက်ကောင်းမွန်မှု ရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဂေဟာကြီးကြပ်မှုကော်မတီများက အနီးကပ်ကြီးကြပ်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်၏ နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာ အရေအတွက်နှင့် တည်ထောင်ခွင့်ပြုမိန့်ပေးရာတွင် မည်ကဲ့သို့စိစစ်၍ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ဂေဟာကြီးကြပ်မှုကော်မတီများက အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးများက ပုံမှန်ကြီးကြပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဂေဟာကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိ နည်းဥပဒေရေးဆွဲနေစဉ်ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitarian Law – IHL) အား အကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့် အမျိုးသားကော်မတီ (National Committee) အား မြန်မာနိုင်ငံတွင် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က IHL နှင့် ပတ်သက်သည့် ဥပဒေရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုကို Focal Ministry သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ ထို Focal Ministry က ဦးဆောင်ပြီး ပါဝင်ပတ်သက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို စုပေါင်း၍ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီးမှသာ ဥပဒေတစ်ရပ်ကို ရေးဆွဲနိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ယင်းဥပဒေထဲတွင် အမျိုးသားကော်မတီဖွဲ့စည်းခြင်း ပါဝင်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု (ခ) ဦးတင်နုအောင်၏ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေသည့် မြေနိမ့်ပိုင်းကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အဦ (Cyclone Shelter) များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က မာန်အောင်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် Shelter များ ထပ်မံလိုအပ်မှုအခြေအနေနှင့် လိုအပ်မှုရှိပါက အဆိုပါ ကျေးရွာများ၏ လူဦးရေ၊ တည်ဆောက်ပြီးဖြစ်သည့် Shelter များနှင့် အကွာအဝေး တည်ဆောက်ရန်လျာထားသည့် Shelter များသို့ သွားရာလမ်းကြောင်းအခြေအနေ၊ မြေနေရာ စီစဉ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့အပေါ် မူတည်ပြီး ထည့်သွင်းတွက်ချက်ကာ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက် ၁၁ နေရာအတွက် ဆိုင်ကလုန်း Shelter လိုအပ်မှုအခြေအနေတို့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဦးစားပေးအလိုက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ၏ လဲချားမြို့နယ် တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်တည်ဆောက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပါရင်သစ်သားတံတား ပေ ၉၀ အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်ကော်မတီများမှ အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၊ ခန့်မှန်းတွက်ချက်မှု စသည်တို့နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေအပေါ် မူတည်၍ အမှန်တကယ် အကျိုးပြုနိုင်မှု ရှိ၊ မရှိ သုံးသပ်ပြီး ရန်ပုံငွေရရှိရေး ထောက်ခံတင်ပြလာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဆိုက်ခေါင် အိမ်တွင်းသက်မွေးပညာသင်ကျောင်း၏ လိုအပ်နေသေးသော ဆောင်ရွက်ရန် ကိစ္စများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးပြီး အမြန်ဆုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများကိုလည်း ခွဲဝေလျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်တွင် Chain Link ခြံစည်းရိုးကာရံခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လတွင် နှစ်ထပ်အိပ်ဆောင် ဆောက်လုပ်ခြင်း၊ ခြောက်ခန်းတွဲနည်းပြဆောင် ဆောက်လုပ်ခြင်း၊ ရှစ်ခန်းတွဲ ရေချိုးခန်းနှင့် သန့်စင်ခန်းများ ဆောက်လုပ်ခြင်း၊ မီးသွယ်တန်းခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂိုဒေါင်နှင့် စားရိပ်သာဆောက်လုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောင်းတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ မီးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ကျန်ရှိနေသေးသည့် အုပ်ချုပ်ရေးမှူးရုံးနှင့် သင်တန်းခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြခဲ့သော်လည်း ရန်ပုံငွေခွဲဝေဖြတ်တောက်မှုအရ ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက သင်တန်းကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ လှိုင်လင်မြို့နယ် နောင်လိုင်ကျေးရွာအုပ်စု နောင်မက်မီးကျေးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လှိုင်လင်မြို့နယ် နောင်လိုင်ကျေးရွာအုပ်စု နောင်မက်မီးကျေးရွာအဝင်လမ်းတွင် ကတ္တရာခင်းရန် လိုအပ်သည့် (၅/၄) မိုင်အနက် နှစ်မိုင်ကတ္တရာလမ်း အဆင့်မြှင့်တင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးအစီအစဉ် (၇) ဖြင့် အဆိုပြုတင်ပြချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ မြို့နယ်အလိုက် အချိုးကျခွဲဝေရရှိသည့် ရန်ပုံငွေ လုံလောက်မှုရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား

ဆက်လက်၍ ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်၏ ချီဖွေမြို့နယ် နိုဖုံဘော် အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ မြဝတီမြို့နယ် တောင်နီကျေးရွာ မူလတန်းကျောင်းတွင် ပျက်စီးပြိုတ်ကျလျက်ရှိသော ကျောင်းမျက်နှာကြက်နှင့် ပြတင်းတံခါးတို့ကို ပြုပြင်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်၏ စဉ့်ကူးမြို့နယ်၏ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ နေ့စားလပေးရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး မည်ကဲ့သို့စီစဉ်ထားသည်ကို သိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်**



ဒုတိယဝန်ကြီး ဦးစိုးအောင်



စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်



လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ

❒ *ရှေ့ဖုံးမှ*

လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေးက "ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိခဲ့တဲ့ လမ်းထဲက ပြည်သူတွေကို အဓိကထားပြီး ကျန်းမာရေးစစ်ဆေးမှုနဲ့အတူ ကျန်းမာရေးစစ်တမ်းတွေကောက်ယူတာပါ။ နေအိမ်တွေမှာ နေမကောင်းဖြစ်နေတဲ့သူတွေ ရှိရင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ခြင်းအားဖြင့် လမ်းထဲနေ ပြည်သူတွေအနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး စိတ်ချယုံကြည်မှုတွေ ရှိသွားမယ်။ ရောဂါဖြစ်ပွားနိုင်မယ့် အခြေအနေကိုလည်း ဟန့်တားလိုက်သလို ဖြစ်သွားမှာပါ" ဟု ပြောသည်။

**ကျန်းမာရေးစစ်ဆေး**

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယနေ့ နံနက်ပိုင်းတွင် လှိုင်မြို့နယ် အမှတ် (၂) ရပ်ကွက် သီရိ (၅) လမ်းရှိ အိမ်ထောင်စု ၁၈၁ စုမှ လူဦးရေ ၆၈၂ ဦးနှင့် အမှတ် (၁၆) ရပ်ကွက် မာလာမြိုင် (၈) လမ်းရှိ အိမ်ထောင်စု ၃၅၀ မှ လူဦးရေ ၁၁၉၅ ဦးတို့ကို ကြိုတင်ကောက်ခံထားသည့် မိသားစုကျန်းမာရေးစစ်တမ်းများအား ကြည့်ရှုစစ်ဆေးကာ အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

**အချက်အလက်ကောက်ယူ**

ယင်းသို့ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက ပြည်သူများအား ကျန်းမာရေးစစ်တမ်းကောက်ယူမှုပုံစံ စာရွက်များကို ကြိုတင်ဖြန့်ဝေကာ မိသားစုအလိုက် ကျန်းမာရေးဆိုင်ရာ အချက်အလက်ကောက်ယူမှုများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုအပေါ် လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက် မာလာမြိုင် (၈) လမ်းနေ ကိုဟန်ခိုင်စိုးက "စစ်ဆေးရမယ်ဆိုတော့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ထူးခြားမှုတွေများ ထွက်လာမလားဆိုပြီး စိုးရိမ်စိတ်တော့ ဖြစ်မိတယ်။ စစ်ဆေးလိုက်တော့လည်း ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကိုယ်တိုင်ယုံကြည်မှုတွေ ရှိလာသလို ခံစားရတယ်။ အခုလို ဆောင်ရွက်ခြင်းဟာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ထိရောက်မယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

**အခမဲ့ဖြန့်ဝေ**

အဆိုပါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှစ်ဦး တွေ့ရှိထားသည့်အတွက် ထိုကဲ့သို့ ဆောင်ရွက်မှုနှင့်အတူ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းအပြင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလှုပ်ရှားမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးတွေ့ရှိထားသော အင်းစိန်မြို့နယ်အပါအဝင် မရမ်းကုန်း၊ တာမွေ၊ လှိုင်သာယာမြို့နယ်တို့တွင် မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာတွေ့ရှိထားသော မြို့နယ်အများစုတွင် အတည်ပြုလူနာနေထိုင်သည့် လမ်းနှင့် ရပ်ကွက်များအတွင်း ထိုသို့ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

အလားတူ အတည်ပြုလူနာတွေ့ရှိထားသည့် မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

*စာမျက်နှာ ၅ မှ*

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၃၅။ | ဒေါက်တာသီတာစန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၏ (၅၇) နှစ်မြောက် မွေးနေ့အလှူ | 3.00 |
| ၃၆။ | ဦးသိန်းဇော် (၆၁) နှစ်ပြည့် မွေးနေ့အလှူ | 3.00 |
| ၃၇။ | ဒေါ်ခင်လေးညိုနှင့် တပည့်များ၊ ဝန်ကြီးရုံး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | 1.30 |
| ၃၈။ | မြဝတီဘဏ်လီမီတက်(ပျဉ်းမနား) ဘဏ်ခွဲ မိသားစု | 1.20 |
| ၃၉။ | ဦးနေလင်း + ဒေါ်သီသီမာ သား ဝီရဘုန်းခန့်၊ ဝါဆိုဘုန်းခန့် | 1.00 |
| ၄၀။ | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းမိသားစု | 0.63 |
| | **စုစုပေါင်း** | **2406.81** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း / စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

◆ *ကျောဖုံးမှ*

ဝင်ရောက်စွက်ဖက်ကြီးကြပ်ခြင်းမရှိဘဲ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းမှသာ စီမံခန့်ခွဲလျက်ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်ဖြစ်သော အားကစားကွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားကစားကွင်းများ မပျောက်ပျက်စေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် မိမိ၏ ပေးထားသော တာဝန်ကို ဆက်လက်တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်စီစဉ်ဆောင်ရွက်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့်အတူ လျှောက်လွှာခေါ်ယူခြင်းကို ဆက်လက်ဆောင်ရွက်ရန်စီစဉ်နေ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ပြင်ပအထွေထွေရောဂါကုဆရာဝန် (General Practitioners) များ တက်ရောက်နေသော Diploma သင်တန်းများအား အဆင့်မြှင့်၍ Master ဘွဲ့သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ဆေးပညာမဟာသိပ္ပံ (မိသားစုကျန်းမာရေးဆေးပညာ)ဘွဲ့လွန်သင်တန်းအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ ဆေးတက္ကသိုလ်(၁) (ရန်ကုန်)၊ ဆေးတက္ကသိုလ်(မန္တလေး)နှင့် ဆေးတက္ကသိုလ် (၂) (ရန်ကုန်)တို့တွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်စီစဉ်ဆောင်ရွက်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့်အတူ လျှောက်လွှာခေါ်ယူခြင်းကို ဆက်လက်ဆောင်ရွက်ရန်စီစဉ်နေပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့ ၏ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် အေးမြသာယာနှင့် နန်းကွေ့ကျေးရွာအုပ်စု ကဘူဒမ်းကျေးရွာအား ဆက်သွယ်ထားသော အေးမြသာယာ-ကဘူဒမ်းလမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မြစ်ကြီးနားမြို့နယ်အတွင်းရှိ အေးမြသာယာ - ကဘူဒမ်း ကျေးရွာချင်းဆက် လမ်းအရှည် ၃ ဖာလုံအား ၁၂ ပေ အကျယ် မြေသားလမ်းတိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ချိုင်းစနူးကျေးရွာအုပ်စုနှင့် မှုံတနူးကျေးရွာ



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်



ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်း



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့

အုပ်စုကြား ဆက်သွယ်ထားသည့် လေးချောင်းကြိုးတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လေးချောင်းလူကူးတံတားကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် တံတား၏ ဆွေးမြည့်ပျက်စီးနေသော အစိတ်အပိုင်းများအား အစားထိုးလဲလှယ်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တံတားအသစ် ပြန်လည်တည်ဆောက်ရန် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ သံတွဲ (ငပလီ -မဇင်)လေဆိပ်ကို နိုင်ငံတကာခရီးစဉ်ပျံသန်းစေမည့် လေယာဉ်များ ဝင်ရောက်/ထွက်ခွာနိုင်သော အကောက်ခွန်လေဆိပ် (Custom Aerodrome) အဖြစ် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မတူပီခရိုင် မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သည့် ခုတင် (၁၀၀)ဆံ့ ခရိုင်ဆေးရုံအဖြစ် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း၏ နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက် အမှတ် (၂၉/စီ - ၁)၊ မြေကွက်အမှတ် (၇-အေ)နှင့် ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အစိုးရမြေကို လေလံတင် ရောင်းချခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပြီး မြစ်ရေတက်လာမှုအပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။


မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင် ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမှုပ်ပေါက် ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။


မြစ်ကူးတံတားရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် (၂)ခု အကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ် (၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ် အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**




## မလှိုင်၌ မီးသတ် အသက်ကယ် လေ့ကျင့်

**မလှိုင် မေ ၂၅-** မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ရေတွင်းအသက်ကယ်လေ့ကျင့်ခြင်းကို မေ ၂၃ ရက်က မြတံခွန်ဘောဒါရှိ ရေတွင်းတွင် ဆောင်ရွက်သည်။ မြို့နယ်အတွင်း ရေတွင်းရေကန်များ တူးဖော်ခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူခြင်းတို့တွင် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြုံတွေ့နေရသဖြင့် ပြည်သူများ ဘေးအန္တရာယ်ကြုံတွေ့လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေတွင်းအသက်ကယ် လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးဇေယျာအောင်ထံမှ သိရသည်။

မလှိုင်မြို့နယ်တွင်း ရေတွင်းအသက်ကယ် လေ့ကျင့်ခန်းဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့ဝင်အင်အား ၁၀ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ **ဘိုဘို(မလှိုင်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၀ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပွန်သုံးလုံးကျေးရွာနေ သိန်းမြင့်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၅-၂၀၂၀ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ပွန်သုံးလုံးကျေးရွာနေ သိန်းမြင့်ဦး (၃၂) နှစ်၊ (ဘ) ဦးမြင့်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကောင်း) မယ(ပ) ၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ ဇော်ဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေ ဇော်ဝင်း (၄၉) နှစ်၊ (ဘ) ဦးအေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ သဲချောင်းကျေးရွာနေ ချိုမွှေး (၄၂) နှစ်၊ (ဘ) ဦးမောင်ကိုကြီးနှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လွယ်မွန်ကျေးရွာနေ ကျော်ဝေ (၄၃) နှစ်၊ (ဘ) ဦးအုန်းမောင် တို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ သစ်ဆုံအင်းကျေးရွာနေ ကျော်ဇင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၅-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ သစ်ဆုံအင်းကျေးရွာနေ ကျော်ဇင်ဦး (၃၆) နှစ်၊ (ဘ) ဦးမောင်စိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှ ဓားရှည်ဖြင့်ခုတ် ပြန်လည်ရန်ပြုတိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ ယာကျောရှပ်ထိဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်)မယ(ပ) ၄၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉ (က)/၂၂ (ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြုံကျေးရွာနေ ဒေါ်အေးတုတ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၅-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြုံကျေးရွာနေ ဇော်သန်း (၅၂) နှစ်၊ (ဘ) ဦးတင်ဖေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီး ဒေါ်အေးတုတ် (၄၈) နှစ်၊ (ဘ) ဦးစောမောင် တို့ (၂) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး)မယ(ပ)၆၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်း ဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာနေ ရန်ကိုဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ကျေးရွာအနီး ပန်းဖြေတောင်တက်လမ်းပေါ်၌ ညောပြင်ကျေးရွာနေ ညီညီဝင်း (ခ) ဖိုးလူမဲ (၁၇) နှစ်၊ (ဘ) ဦးဌေးဝင်းနှင့် ဝေယံမိုး (ခ) မာမား (၁၈) နှစ်၊ (ဘ) ဦးထွန်းမင်းနိုင် တို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ညောပြင်ကျေးရွာနေ မျိုးသူရထွေး (ခ) စီခွား (၂၇) နှစ်၊ (ဘ) ဦးအောင်လင်းထံမှ ဝယ်ယူထားကြောင်း သိရှိရသဖြင့် မျိုးသူရထွေး(ခ) စီခွားအား ၎င်းကျေးရွာ၌ ဖမ်းဆီးရမိပြီး ထပ်မံဖော်ထုတ်ချက်အရ ကျောက်နီမော်ကျေးရွာနေ ရန်ကိုဦး (ခ) ဂဏန်းကျော် (၂၂) နှစ်၊ (ဘ) ဦးကြည်ထွန်း (ခ) ပိထောင်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၄) ဦးအား မမစ (လောင်းလုံး) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ရန်ကိုဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ မိခင် ဒေါ်မေဦး (၄၅) နှစ်၊ (ဘ) ဦးဝင်းနိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(လောင်းလုံး) မယ(ပ) ၁၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၂) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၇-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်နေ ပြည့်ဖြိုးအောင် (၂၆) နှစ်၊ (ဘ) ဦးတင်အောင်ဝင်းနှင့် ဇနီး မဇင်မာဝင်း (၂၅) နှစ်၊ (ဘ) ဦးအောင်ဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား နမစ(မုပွန်) မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂/၆) ရပ်ကွက်နေ အဖွားကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၅-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၂/၆) ရပ်ကွက်နေ အဖွားကြီး (ခ) ဒေါ်ပေါက်စ (၆၃) နှစ်၊ (ဘ) ဦးခင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ)၆၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်နေ ကိုသက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၅-၂၀၂၀ ရက်နေ့တွင် အလုံမြို့နယ်၊ ဌာနာရပ်ကွက်နေ ကိုသက် (ခ) သက်နိုင် (၄၈) နှစ်၊ (ဘ) ဦးလွင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ချစ်ကိုကိုစိုး (ခ) အခြောက်မ (၃၆) နှစ်၊ (ဘ) ဦးစိုးတင့်နှင့် စောရန်ပိုင် တောင်ရပ်ကွက်နေ မျိုးမင်းထွန်း (၄၇) နှစ်၊ (ဘ) ဦးသန်းထွန်း တို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အလုံ) မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတံ ရပ်ကွက်နေ ဒေါ်ချိုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၅-၂၀၂၀ ရက်နေ့တွင် မူဆယ်မြို့၊ ကောင်းမှုတံရပ်ကွက်နေ ဒေါ်ချို (၅၂) နှစ်၊ (ဘ) ဦးဟုန်မြင်ရတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မူဆယ်) မယ(ပ)၅၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူ ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ / ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၉) ဦး၊ မ (၁) ဦး၊ ပေါင်း (၃၀) ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ မြို့ပတ်လမ်းပေါ်၌ ဘုရားဖြူရပ်ကွက်နေ ဖိုးပြည့် (ခ) ပြည့်ဖြိုးအောင် (၁၉) နှစ်၊ (ဘ) ဦးစိုးသန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး တစ်ရပ်ကွက်တည်းနေ မစိုးမြတ်ဦး (ခ) မဦး (၂၉) နှစ်၊ (ဘ) ဦးဌေးကြည်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂) ဦးအား နမစ (တောင်ကြီး) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်နေ မစိုးမြတ်ဦး (ခ) မဦး၏ နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၃၁/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆ (ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်နေ ဇော်ဝင်းမြင့် (ခ) ခေးရှုန် (၄၉) နှစ်၊ (ဘ) ဦးဝမ်ရှမ်းယုံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉ (က) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၃-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၁၃၆) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၄၅၈)ဦး၊ မ(၂၈၇)ဦး၊ ပေါင်း (၁၇၄၅) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၉၄၅၆.၇၇၁၄) ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း (၄၂၈၆၀.၇၃၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၅.၇၇) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၂၂၄၁၄) ပြား၊ ဆေးခြောက် (၁၀၆၅၈.၈၇) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၉၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၂၅) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

## ကိုဗစ်-၁၉ ရောဂါ ကာလ ဒလမြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၂၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလအတွင်း၌ ဆေးရုံ၊ ဆေးခန်းများတွင် သွေးလှူရှင်များ ရှားပါးခြင်းနှင့် သွေးလိုအပ်လျက်ရှိသော လူနာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်အနောက်ဘုန်းကြီးကျောင်းတိုက်တွင် မြို့နယ်မာတာသွေးလှူရှင်အသင်း ဦးဆောင်မှုဖြင့် ပရဟိတအဖွဲ့များနှင့် လူငယ်လူရွယ်များ စုပေါင်းဖွဲ့စည်းထားသည့် We Love Dala၊ ကရုဏာရှင် လူမှုကူညီရေးအသင်းနှင့် စေတနာရှင်များပါဝင်သည့် (၂၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လာရောက်သွေးလှူဒါန်းကြသည့် ပြည်သူများကို စနစ်တကျ သွေးလှူဒါန်းနိုင်ရန် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ ရန်ကုန်မြို့ အမျိုးသားသွေးဌာနမှ တာဝန်ရှိသူများ၊ မာတာသွေးလှူရှင်အသင်းမှ တာဝန်ရှိသူများနှင့် We Love Dala အဖွဲ့တို့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

# စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဧပြီ (၂၀) ရက်မှ မေ(၁၅) ရက် အထိ စစ်ဆေးစဉ်ကာလအတွင်း ယာယီအလုပ်ရပ်နားခဲ့ရသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့် ရက်များအလိုက် လုပ်ခလစာများ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

Online မှလျှောက်ထားသည့် တောင်းခံလွှာများနှင့်မြို့နယ်ရုံးခွဲများမှ တစ်ဆင့်လျှောက်ထားသည့် တောင်းခံလွှာများကို စိစစ်ခွင့်ပြုရေး ဘုတ်အဖွဲ့ဖြင့် စိစစ်ခွင့်ပြုလျက်ရှိရာ မေ (၂၄) ရက်အထိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန (၁၅၆) ဌာနမှ အာမခံအလုပ်သမား (၂၆,၃၀၅) ဦး အတွက် ငွေကျပ် (၅၅၉,၄၃၅,၈၀၅ ဒသမ ၆၉)ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် တောင်းခံလွှာများကိုလည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးသည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနအမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁ | 18002.313.7.2.18 | လုပ်ဖော်ကိုင်ဖက်အဖွဲ့အပြည်ပြည် ဆိုင်ရာ ကုမ္ပဏီလီမိတက် | ၁၅ | ၄၉၄,၀၀၀.၀၀ |
| ၂ | 18002.313.1.2.26 | ရွှေညည်သည်ဟိုတယ် | ၆၃ | ၂,၃၃၉,၃၀၆.၆၇ |
| ၃ | 18002.313.1.2.10 | Capital Hypermarket | ၁၂၁ | ၈၀၅,၂၃၇.၉၂ |
| ၄ | 18002.313.2.2.140 | ရတနာသီဃဟိုတယ် | ၅၁ | ၅၁၇,၃၃၃.၃၃ |
| ၅ | 18002.313.2.2.142 | Park Royal Hotel | ၁၁၁ | ၄,၂၅၄,၀၈၀.၀၀ |
| ၆ | 18002.313.1.2.45 | သင်္ဂဟဟိုတယ် | ၁၉၅ | ၆,၅၅၀,၂၆၆.၆၇ |
| ၇ | 13041.33.1.2.325 | Rainbow Bridge Distribution Co.,Ltd. | ၁၇၇ | ၇,၅၅၆,၃၀၉.၃၃ |
| ၈ | 13041.33.4.2.230 | လုပ်ဖော်ကိုင်ဖက်အဖွဲ့အပြည်ပြည် ဆိုင်ရာ ကုမ္ပဏီလီမိတက်၊ | ၉၇ | ၆,၆၅၁,၁၂၀.၀၀ |
| ၉ | 13009.34.6.2.82 | Nebula Trading | ၃၆ | ၁,၂၅၃,၇၀၆.၆၇ |
| ၁၀ | 13001.37.2.2.168 | K.H.M အထည်ချုပ်စက်ရုံ | ၁၈၀၂ | ၁၆,၉၁၂,၄၀၀.၀၀ |
| ၁၁ | 13001.37.2.2.212 | SAWBWA VT LIMITED | ၇၁၄ | ၁၈,၇၃၅,၆၉၈.၆၇ |
| ၁၂ | 13001.37.1.2.22 | Super Crown Plastic လုပ်ငန်း | ၁၁ | ၁၇၅,၆၈၀.၀၀ |
| ၁၃ | 13001.37.1.2.269 | ယုဇနလက်ဖက်နှင့် အကြော်စုံ | ၂၀၂ | ၂,၇၁၄,၈၈၀.၀၀ |
| ၁၄ | 13001.37.1.2.304 | Shinsung CNTS | ၄၁၈ | ၆,၁၇၈,၅၅၆.၅၃ |
| ၁၅ | 13001.37.1.2.402 | Myint Myat Hein Co., Ltd. | ၃၀ | ၇၁၄,၄၀၀.၀၀ |
| ၁၆ | 13001.37.1.2.64 | Mega One Garment | ၈၆၀ | ၁၃,၃၈၄,၆၈၂.၆၇ |
| ၁၇ | 13001.37.1.2.87 | ရန်ကုန်ပိုက် | ၂၆ | ၄၄၉,၂၈၀.၀၀ |
| ၁၈ | 13001.37.2.2.185 | မြန်မာထူးစံကုမ္ပဏီ | ၆၁ | ၁,၉၅၂,၀၀၀.၀၀ |
| ၁၉ | 13001.37.3.2.15 | Shwe Aung Naing | ၄၄ | ၁,၂၃၈,၁၃၃.၃၃ |
| ၂၀ | 13001.37.3.2.35 | Sathapana Limited | ၂၆ | ၆၁၇,၂၄၈.၀၀ |
| ၂၁ | 13001.37.3.2.61 | CJ Logistics RT Myanmar | ၂၅၆ | ၄,၃၇၂,၄၉၅.၆၀ |
| ၂၂ | 13001.37.4.2.30 | Shinsung Tongsang | ၉၇၆ | ၃၀,၉၇၁,၄၂၅.၃၃ |
| ၂၃ | 13001.37.4.2.59 | IBK Capital Myanmar Co.,Ltd | ၃၃၉ | ၁၁,၂၅၆,၀၀၀.၀၀ |
| ၂၄ | 13001.37.5.2.60 | အုံ့ဖွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၁၈ | ၂၄၁,၉၂၀.၀၀ |
| ၂၅ | 13001.37.6.2.60 | IME International Co;ltd | ၁၉၂ | ၄,၅၉၉,၄၆၆.၆၇ |
| ၂၆ | 13001.37.6.2.8 | First International Co;ltd | ၂၃ | ၅၈၄,၆၆၆.၆၇ |
| ၂၇ | 13001.37.7.2.66 | Popy International Trading Co;Ltd. | ၅၉ | ၆၅၅,၀၇၉.၀၄ |
| ၂၈ | 13001.37.7.2.8 | Myanmar Innocook Grains | ၂၅ | ၇၅၆,၀၀၀.၀၀ |
| ၂၉ | 13008.313.1.2.649 | Winner Plastic | ၇၄ | ၁,၀၉၂,၄၀၀.၀၀ |
| ၃၀ | 13008.313.1.2.575 | Myanmar Brilliant Sky၊ | ၃၇၇ | ၄,၄၃၅,၇၄၄.၀၀ |
| ၃၁ | 13008.313.4.2.5 | PARIBAWGA၊ | ၆၁ | ၂,၃၁၇,၆၆၆.၆၇ |
| ၃၂ | 13008.313.5.2.16 | LEADER၊ စက္ကူဗူးစက်ရုံ၊ | ၂၈၀ | ၃,၄၃၆,၀၀၀.၀၀ |
| ၃၃ | 13008.313.6.2.111 | Haw Mae Make Clothes၊ Assist Material Co;Ltd | ၅၄ | ၁,၂၇၃,၉၂၀.၀၀ |
| ၃၄ | 13008.313.6.2.17 | Sar Taw Kal NISSIN၊ | ၁၂၈ | ၁,၄၇၇,၂၈၀.၀၀ |
| ၃၅ | 13008.313.1.2.100 | Shwe Mi Industrial | ၁၀၁ | ၁,၂၆၄,၃၇၃.၃၃ |
| ၃၆ | 13008.313.5.2.56 | Innovation Food Ind'l Co.,Ltd | ၇၁၄ | ၆,၈၅၄,၄၀၀.၀၀ |
| ၃၇ | 13008.313.3.2.11 | Smart Naniwaအထည်စစ် | ၁၄၉ | ၃,၆၇၃,၅၆၀.၀၀ |
| ၃၈ | 13008.313.1.2.101 | Brighten Glory Myanmar Company Limited | ၅၈ | ၁,၄၂၅,၂၇၇.၃၃ |
| ၃၉ | 13008.313.1.2.237 | လင်းလင်းသာစက်ရုံ | ၁၄၃ | ၅,၀၈၃,၂၀၀.၀၀ |
| ၄၀ | 13008.313.1.2.4 | UPG Paint & Coating Co.,Ltd. | ၄၆၀ | ၄,၀၈၅,၂၂၆.၆၇ |
| ၄၁ | 13008.313.1.2.434 | UK (U Kouk) | ၅၂ | ၆၁၉,၀၀၈.၀၀ |
| ၄၂ | 13008.313.1.2.586 | မာဃကုန်ထုတ်လုပ်မှု ကုမ္ပဏီ | ၆၆ | ၁,၀၁၃,၇၆၀.၀၀ |
| ၄၃ | 13008.313.1.2.593 | Myo Myint Mo Oo Carton Box Mfg Co;Ltd | ၂၄၂ | ၂,၇၈၂,၄၀၀.၀၀ |
| ၄၄ | 13008.313.1.2.663 | Tokyo Pipe Store | ၇၂ | ၁,၅၃၅,၈၉၃.၃၃ |
| ၄၅ | 13008.313.1.2.693 | ပျံလွှားစက္ကူစက် | ၉၅ | ၂,၀၂၉,၂၈၀.၀၀ |
| ၄၆ | 13008.313.1.2.95 | UPG Paint & Coating Co.,Ltd. | ၇၆ | ၆၉၈,၂၁၆.၅၃ |
| ၄၇ | 13008.313.1.2.96 | Peace Co.,Ltd | ၂၇ | ၆၆၆,၂၄၀.၀၀ |
| ၄၈ | 13008.313.2.2.13 | Pattaya Myanmar | ၈၆ | ၂,၀၅၅,၆၈၀.၀၀ |
| ၄၉ | 13008.313.2.2.197 | အောင်ပလပ်စတစ်လုပ်ငန်း | ၁၂ | ၂၃၈,၀၈၀.၀၀ |
| ၅၀ | 13008.313.2.2.76 | TOYOTA Car Service | ၁၉ | ၇၂၆,၈၄၀.၀၀ |
| ၅၁ | 13008.313.3.2.12 | New Century Industries (Myanmar) Co.,Ltd | ၁၇၄ | ၂,၁၉၂,၉၂၈.၀၀ |
| ၅၂ | 13008.313.3.2.140 | Mora International Co., Ltd | ၉၀ | ၂,၄၁၉,၂၀၀.၀၀ |
| ၅၃ | 13008.313.4.2.14 | Simon Labels (SML) Myanmar Manufacturing Co.,Ltd | ၆၁ | ၉၀၃,၃၆၀.၀၀ |
| ၅၄ | 13008.313.4.2.31 | Myanmar Hansan | ၄၅ | ၁,၄၂၈,၄၈၀.၀၀ |
| ၅၅ | 13008.313.4.2.62 | Century Beverage Co.,Ltd | ၄၀၀ | ၃,၈၆၄,၄၀၀.၀၀ |
| ၅၆ | 13008.313.4.2.97 | TIAN CHENG (Myanmar) Rubberiged Co.,Ltd | ၅၅ | ၉၀၅,၂၁၆.၀၀ |
| ၅၇ | 13008.313.5.2.122 | SHOE SHINE | ၁၁၂ | ၄,၄၄၄,၁၆၀.၀၀ |
| ၅၈ | 13008.313.5.2.99 | Star Bay Carton Box Manufacturing | ၁၈၂ | ၁,၇၄၇,၂၀၀.၀၀ |
| ၅၉ | 13008.313.6.2.28 | Jian Da Myanmar | ၁၀၂ | ၃,၇၂၀,၉၆၀.၀၀ |
| ၆၀ | 13008.313.6.2.33 | IBS,Co;Ltd Sunshine Concrete | ၁၃၈ | ၃,၃၀၂,၄၀၀.၀၀ |
| ၆၁ | 13008.313.7.2.3 | J.C Print တံဆိပ်ရိုက် | ၅၉ | ၁,၆၁၅,၀၄၀.၀၀ |
| ၆၂ | 13008.313.7.2.61 | TIAN CHENG (Myanmar) 2Rubberiged Co.,Lt | ၅၅ | ၈၇၉,၃၆၀.၀၀ |
| ၆၃ | 13008.313.7.2.68 | BIGC Construction Co.,Ltd | ၁၀၂ | ၁,၇၀၈,၃၇၃.၃၃ |
| ၆၄ | 13008.313.7.2.77 | ENATIC Automative Co.,Ltd | ၃၂ | ၇၁၆,၉၀၀.၀၀ |
| ၆၅ | 13008.313.1.2.23 | LEADER စက္ကူဘူးစက်ရုံ | ၅၀ | ၁,၁၃၂,၂၆၆.၆၇ |
| ၆၆ | 13008.313.6.2.109 | Myanmar Xin Wei Co.,Ltd | ၇၉ | ၁,၆၆၈,၄၈၀.၀၀ |
| ၆၇ | 13007.312.2.2.159 | Great Lucky Star | ၁၉၅ | ၂,၅၄၉,၅၂၁.၃၃ |
| ၆၈ | 13018.31.4.2.101 | Global Appreal Textile Myanmar Co,Ltd | ၇၈၄ | ၉,၆၄၉,၈၈၀.၆၄ |
| ၆၉ | 13008.313.6.2.2 | Myanmar Full Win | ၅၀၀ | ၄,၇၂၅,၄၄၀.၀၀ |
| ၇၀ | 5001.32.1.2.104 | ကျားမင်းညီနောင်ခေါက်ဆွဲ | ၄ | ၂၁,၃၃၃.၃၃ |
| ၇၁ | 5001.32.1.2.140 | နိုင်းစတားခေါက်ဆွဲ(၁) | ၁၀ | ၆၄,၀၀၀.၀၀ |
| ၇၂ | 5001.32.1.2.181 | မြနှင်းဆီ ခေါက်ဆွဲ | ၃ | ၃၂,၀၀၀.၀၀ |
| ၇၃ | 5001.32.1.2.189 | ဟွာရှင်း သံရည်ကျို | ၅ | ၈၆,၄၀၀.၀၀ |
| ၇၄ | 5001.32.1.2.259 | ရွှေမြန်မာ ခေါက်ဆွဲ | ၅ | ၂၆,၆၆၆.၆၇ |
| ၇၅ | 5001.32.1.2.279 | ရွှေငါး ခေါက်ဆွဲ | ၄ | ၂၁,၃၃၃.၃၃ |
| ၇၆ | 5001.32.6.2.27 | ဒေါ်ဝင်းကြည် သံရည်ကျို | ၅ | ၁၁၂,၆၄၀.၀၀ |
| ၇၇ | 5001.32.1.2.167 | မဏ္ဍိုင် စက္ကူစက် | ၄၉ | ၇၅၈,၆၁၃.၃၃ |
| ၇၈ | 5001.32.1.2.103 | စိန်ကြည်ခေါက်ဆွဲ | ၃၃ | ၁၀၅,၆၀၀.၀၀ |
| ၇၉ | 5001.32.1.2.17 | Blue Bird ပလတ်စတစ်စက်ရုံ | ၄၀ | ၆၁၄,၄၀၀.၀၀ |
| ၈၀ | 5001.32.1.2.216 | OK ပလတ်စတစ်စက်ရုံ | ၃၇ | ၆၃၉,၃၆၀.၀၀ |
| ၈၁ | 5001.32.1.2.57 | ရွှေမြန်မာသံရည်ကျို | ၃၄ | ၉၇၉,၂၀၀.၀၀ |
| ၈၂ | 5001.32.3.2.11 | မဏ္ဍိုင် Tissue | ၃၉ | ၆၀၇,၅၇၃.၃၃ |
| ၈၃ | 5001.32.4.2.15 | ချယ်ရီပွင့် ဖောမီကာ/ ပရိဘောဂလုပ်ငန်း | ၆ | ၁၈၆,၆၆၆.၆၇ |
| ၈၄ | 5001.32.6.2.3 | ရွှေမြင်း ပါကင်တိတ် | ၃၁ | ၁,၃၆၈,၀၀၀.၀၀ |
| ၈၅ | 5001.32.7.2.21 | ငွေဇာမဏီသံရည်ကျို | ၄ | ၈၅,၃၃၃.၃၃ |
| ၈၆ | 5001.32.1.2.215 | 9.9.9 ခေါက်ဆွဲ | ၆ | ၄၄,၈၀၀.၀၀ |
| ၈၇ | 5001.32.1.2.240 | ရွှေကြိုးကြာ ပဲခွဲစက် | ၅ | ၃၇,၃၃၃.၃၃ |
| ၈၈ | 5001.32.3.2.105 | ပြည့်စုံကြီးပွား လှိုင်းတွန့်ဂျပ်ပုံးစက်ရုံ | ၁၀၆ | ၁,၅၉၉,၃၆၀.၀၀ |
| ၈၉ | 5001.32.3.2.113 | KT လုပ်ငန်းစု | ၆၃ | ၁,၀၀၉,၂၈၀.၀၀ |
| ၉၀ | 5004.35.6.2.10 | ဂျူဗီနိုင်းသောက်ရေသန့် | ၃ | ၄၆,၀၈၀.၀၀ |
| ၉၁ | 5004.35.1.2.167 | ရှပ်ပျို့ကုမ္ပဏီလီမိတက် | ၇၀ | ၂,၃၁၁,၀၉၃.၃၃ |
| ၉၂ | 5004.35.1.2.6 | ဘုရင်တိုင်း ရင်းဆေး လုပ်ငန်း | ၁၇ | ၃၉၁,၇၃၃.၃၃ |
| ၉၃ | 5004.35.1.2.197 | ရွှေဘုရင်မအရက်ချက် စက်ရုံ၊ | ၅၁ | ၆၅၈,၁၃၃.၃၃ |
| ၉၄ | 5004.35.1.2.234 | သက်စမ်းရေကြည်သောက်ရေသန့် | ၅၇ | ၇၁၈,၉၃၃.၃၃ |
| ၉၅ | 10002.32.1.2.1324 | အမှတ်(3)စက္ကူစက်ရုံ (ပလိပ်) | ၁၈၆ | ၉,၁၄၃,၈၀၃.၃၃ |
| ၉၆ | 10006.37.1.2.46 | ဒေါ်အိဟန်ကျော် ကော်ကျိုလုပ်ငန်း | ၉ | ၃၂၈,၃၂၀.၀၀ |
| ၉၇ | 10006.37.7.2.25 | Cool Boy Ice Cream | ၁၀ | ၃၇၃,၉၂၀.၀၀ |
| ၉၈ | 17001.31.2.2.170 | Dong long Pathein Garment | ၂၃၂၃ | ၆၇,၁၁၀,၄၀၀.၀၀ |
| ၉၉ | 7001.39.2.2.150 | Bago Sunny Garment | ၂၉၃ | ၆,၂၉၅,၆၈၀.၀၀ |
| ၁၀၀ | 7001.39.2.2.115 | Delta AiG Co.,ltd. | ၁၀၀ | ၄,၁၆၀,၃၆၂.၉၂ |
| ၁၀၁ | 7001.39.3.2.119 | Puri Timber Co., Ltd. | ၃၄ | ၈၄၈,၆၄၀.၀၀ |
| ၁၀၂ | 7001.39.2.2.109 | Myanmar Wise Pacific Co., Ltd. | ၁၀၆၉ | ၂၇,၀၄၅,၄၄၉.၃၃ |
| ၁၀၃ | 7001.39.4.2.28 | Myanmar Hayabusa Co., Ltd. | ၄၄ | ၅၅၇,၆၈၈.၀၀ |
| ၁၀၄ | 7009.33.1.2.113 | Delicious Food Co,Ltd | ၂၈၄ | ၁၀,၄၀၅,၉၂၀.၀၀ |
| ၁၀၅ | 8014.31.4.2.21 | ဇာထိုးပန်းထိုးလုပ်ငန်း | ၁၃၂ | ၄,၁၃၅,၅၃၃.၃၃ |
| ၁၀၆ | 8014.31.2.2.1 | JMKS Co., Ltd. | ၅၅၂ | ၁၀,၂၅၃,၇၆၀.၀၀ |
| ၁၀၇ | 8014.31.4.2.20 | Kojima Iryo Myanmar Co., Ltd. | ၆၅၆ | ၁၂,၁၈၆,၂၄၀.၀၀ |
| ၁၀၈ | 8007.313.4.2.18 | Billion Bays အထည်ချုပ်စက်ရုံ | ၂၀၇ | ၄,၃၇၅,၅၈၄.၆၇ |
| ၁၀၉ | 8012.35.4.2.7 | တင့်ဟော့ဇာပန်းထိုးလုပ်ငန်း | ၂၆၆ | ၈,၁၃၁,၂၀၀.၀၀ |
| ၁၁၀ | 7007.34.1.2.78 | ရွှေဟသာ်အရက်ချက် စက်ရုံ | ၄၀ | ၉၂၁,၆၀၀.၀၀ |
| ၁၁၁ | 11009.33.1.2.72 | ဂရင်းနိုက်ကျောက်ပြားစက်ရုံ၊ | ၁၃ | ၄၀၅,၄၄၀.၀၀ |
| ၁၁၂ | 11005.34.1.2.76 | ရွှေမြန်မာရာဘာအဝယ်ဒိုင်၊ | ၁၉ | ၅၁၉,၄၅၆.၀၀ |
| ၁၁၃ | 11009.33.2.2.111 | A Dragon သောက်ရေသန့် | ၁၃ | ၂၉၆,၄၂၆.၆၇ |
| ၁၁၄ | 11009.33.5.2.12 | Pro သောက်ရေသန့် | ၅ | ၁၁၂,၀၀၀.၀၀ |
| ၁၁၅ | 11005.34.1.2.90 | ဖူရှင်းရာဘာ | ၁၆၄ | ၅,၃၅၂,၉၆၀.၀၀ |
| ၁၁၆ | 11005.34.2.2.107 | ရာစုနှစ်ရာဘာရောင်းဝယ်ရေး | ၃၆ | ၁,၃၁၃,၂၈၀.၀၀ |
| ၁၁၇ | 11005.34.3.2.101 | ဟွန်ဒါမြန်မာ သစ်ပါးလွှာ စက်ရုံ | ၆၁ | ၁,၄၇၄,၈၅၃.၃၃ |
| ၁၁၈ | 11005.34.3.2.105 | Sri Trang Ayeyar Co;Ltd | ၇၇ | ၂,၉၇၅,၁၇၈.၃၃ |
| ၁၁၉ | 11005.34.6.2.7 | ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်း | ၃၁ | ၈၃၃,၂၈၀.၀၀ |
| ၁၂၀ | 11005.34.6.2.3 | Bao Heng Myanmar Furniture Co;ltd | ၅၀ | ၁,၃၄၄,၀၀၀.၀၀ |
| ၁၂၁ | 14001.31.2.2.142 | Myanmar Vineyard Estate Co.,Ltd | ၅၀ | ၉၉၆,၈၉၃.၃၃ |
| ၁၂၂ | 14001.31.4.2.48 | ကံရတနာအမွေးတိုင် | ၆ | ၆၇,၂၀၀.၀၀ |
| ၁၂၃ | 14001.31.1.2.13 | ရွှေကျားပျံမရွှေဝါ ဆေးလိပ်ခုံ | ၉၉ | ၁,၀၃၉,၃၆၀.၀၀ |
| ၁၂၄ | 14001.31.1.2.274 | ကမ္ဘာ့ဖလားဖယောင်းတိုင် | ၁၁ | ၃၈၀,၁၆၀.၀၀ |
| ၁၂၅ | 14001.31.7.2.67 | Earth Trading Co;Ltd | ၁၇ | ၄၅၁,၃၆၀.၀၀ |
| ၁၂၆ | 14001.31.2.2.227 | Aureum Palace Resort & Spa (Inle) | ၈၀ | ၁,၇၂၉,၆၈၀.၀၀ |
| ၁၂၇ | 18002.313.5.2.11 | K T Z Co., Ltd. | ၂၈ | ၁,၆၁၂,၆၆၈.၀၀ |
| ၁၂၈ | 18002.313.3.2.12 | The OASIS Hotel | ၃၇ | ၁,၃၈၀,၆၉၃.၃၃ |
| ၁၂၉ | 18002.313.5.2.27 | Golden Sunland Co., Ltd. | ၆၃ | ၇၅၂,၂၆၆.၆၇ |
| ၁၃၀ | 18002.313.2.2.121 | Terminal (101)စက်သုံးဆီဆိုင် | ၇ | ၂၀၉,၉၀၆.၆၇ |
| ၁၃၁ | 18002.313.1.2.34 | ရွှေမြန်မာဟိုတယ် | ၇၃ | ၂,၇၅၉,၀၄၀.၀၀ |
| ၁၃၂ | 18002.313.6.2.2 | CBC Myanmar Microfinance Company Ltd. | ၃၃ | ၅၆၆,၄၅၁.၅၃ |
| ၁၃၃ | 13001.37.2.2.162 | ZKG(ASIA) | ၁,၈၉၁ | ၄၃,၉၂၁,၇၁၂.၀၀ |
| ၁၃၄ | 13001.37.6.2.25 | Crown Beverage Cans Myanmar | ၈၅ | ၁,၄၀၆,၄၀၀.၀၀ |
| ၁၃၅ | 13008.313.2.2.201 | Master Roller | ၅၂ | ၆၀၆,၁၆၆.၆၇ |

*စာမျက်နှာ ၁၀ သို့*

# ကချင်နှင့် ရခိုင်အတွင်းရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မံစီမြို့နယ်ရှိ နှစ်ခြင်း IDP စခန်းသို့ သွားရောက်၍ Hand Speaker တစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick တစ်ခု၊ အပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးစင်သုံးခု၊ ထုံး ၁၀ အိတ်၊ ဆပ်ပြာ ၇၈၃ ခဲ ၊ လက်သန့်ဆေးရည် ၃၅၄ ဘူး၊ အဝတ် Mask ၁၅၆၆ ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ကန်စောက်ဘုန်းကြီးကျောင်း၊ တောင်မင်းကုလား ကျေးရွာအုပ်စု ဘုန်းကြီးကျောင်း၊ ဝါးတောင်တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာ အရှေ့ဘက်ကျေးရွာပိုင် ဘုံမြေနေရာ၊ မြို့သစ်ရပ်ကွက် မြို့နယ် သာသနာ့ဗိမာန်၊ ပြည်တော်သာရပ်ကွက် ခရစ်တော်အသင်း ကျောင်း၊ မြို့မ(အ.ထ.က)စာသင် ကျောင်း၊ ပိုက်သည်ရပ်ကွက်၊ မဟာကံကြီးသျှင်ဘုရား၊ မြို့သစ်ရပ်ကွက် နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက် (အ.ထ.က) စာသင်ကျောင်း၊ မြို့သစ်ရပ်ကွက် အ.မ.က(၃) စာသင်ကျောင်း စုစုပေါင်း တိုက်ပွဲရှောင်စခန်း ၁၁ ခုတို့တွင် ဆပ်ပြာ ၂၇၂၇ တောင့်၊ Surgical Mask ၅၄၅၄ ခု၊ ထုံးအိတ် ၂၁၀၊ လက်ဆေးစင် ၂၁ ခု တို့အား ထောက်ပံ့ခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ခံတတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီပြန်လည်ဖွဲ့စည်း

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအစည်းအဝေးကို ယနေ့ နေ့လယ်ပိုင်းက MFF အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး နည်းစနစ်ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအသစ်တွင် နာယကများအဖြစ် ဦးတင်အောင်(ဂိုး) နှင့် ဦးဘန်နီတင်အောင်၊ ဥက္ကဋ္ဌအဖြစ် ဦးသန်းတိုးအောင်၊ ဒုဥက္ကဋ္ဌအဖြစ် ဦးတင်မြင့်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးကြည်လွင်၊ ဦးအောင်နိုင်၊ ဦးမျိုးလှိုင်ဝင်း၊ ဦးကျော်မင်းထူး၊ ဦးတင်မောင်ထွန်း၊ ဦးကျော်မင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးသန်းဝေ၊ ဦးစိုးမြတ်မင်း၊ ဦးအောင်ကျော်မိုး၊ ဦးမျိုးမင်းထွန်း၊ ဦးဇော်လင်းထွန်း၊ ဦးအောင်ခိုင်၊ ဦးအောင်နေဝင်း၊ ဦးကျော်သူအောင်မြင့်ထွန်း၊ ဦးငွေးမြင့်တို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီကို ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုကော်မတီအသစ်တွင် ဦးသန်းတိုးအောင်က ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့သော်လည်း အဖွဲ့ဝင်အင်အားသစ်များ တိုးမြှင့်ထားကာ MNL ကလပ်အသင်းများမှ နည်းပြချုပ်များကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကို ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပခဲ့သောကြောင့် နည်းစနစ်ကော်မတီကိုပါ ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်သည်။

နည်းစနစ်ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးသန်းတိုးအောင်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် လက်ရွေးစင်အသင်းများအတွက် နည်းပြသစ်များခန့်အပ်ခြင်း၊ နည်းစနစ်ဒါရိုက်တာရာထူးအတွက် လျှောက်ထားမှုများ၊ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအတွက် ဆွေးနွေးကြသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုများနှင့် ၂၀၁၉ ခုနှစ်အတွင်း ရယူခဲ့သည့် အောင်မြင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၉ မှ*

| | | | | |
|---|---|---|---|---|
| ၁၃၆ | 13008.313.2.2.93 | ZKG(MYM) | ၄၀၅ | ၉,၄၇၄,၈၈၈.၀၀ |
| ၁၃၇ | 13008.313.5.2.55 | Green Wings | ၃၆၄ | ၂,၆၆၈,၈၀၀.၀၀ |
| ၁၃၈ | 14001.31.1.2.120 | လွယ်ဟိန်းကုမ္ပဏီ | ၁၈ | ၁,၀၃၂,၀၀၀.၀၀ |
| ၁၃၉ | 18006.36.7.2.19 | Myanmar Agri Foods Co., Ltd | ၇၀ | ၁,၄၇၈,၄၀၀.၀၀ |
| ၁၄၀ | 18006.36.4.2.2 | Mapco Co., Ltd. | ၅၄ | ၁,၅၄၉,၅၃၃.၃၃ |
| ၁၄၁ | 18006.36.1.2.199 | KTM သောက်ရေသန့် | ၁၀၀ | ၂,၁၇၂,၂၆၆.၆၇ |
| ၁၄၂ | 18006.36.6.2.7 | British American Tobacco Myanmar Co., Ltd. | ၈ | ၂၈၉,၆၆၆.၆၇ |
| ၁၄၃ | 5001.32.7.2.17 | Shinhan Microfinance | ၁၀ | ၄၇၁,၂၀၀.၀၀ |
| ၁၄၄ | 5004.35.1.2.165 | KT လုပ်ငန်းစု | ၁၈၄ | ၂,၆၀၁,၆၄၂.၆၇ |
| ၁၄၅ | 5004.35.6.2.13 | Golden Future သောက်ရေသန့် | ၁၁ | ၈၉,၆၀၀.၀၀ |
| ၁၄၆ | 10006.37.1.2.79 | ကျော်စိန်ဝင်း ပီနံအိတ်လုပ်ငန်း | ၅၀ | ၁,၈၃၃,၁၂၀.၀၀ |
| ၁၄၇ | 10002.32.2.2.171 | Thiri Consmetic Co., Ltd. | ၄၄ | ၂,၈၅၄,၄၂၆.၆၇ |
| ၁၄၈ | 10013.312.2.2.1 | Top Myanmar ပီနံအိတ်စက်ရုံ | ၁၇၅ | ၁,၆၈၀,၀၀၀.၀၀ |
| ၁၄၉ | 10013.312.1.2.24 | ဒီဂါပလပ်စတစ်စက်ရုံ | ၉၁ | ၁,၁၂၄,၈၀၀.၀၀ |
| ၁၅၀ | 7001.39.3.2.101 | Bellmart Myanmar Garment Co., Ltd. | ၄၇၆ | ၁၁,၉၆၉,၉၅၈.၀၀ |
| ၁၅၁ | 7001.39.3.2.102 | Greatman Myanmar Garment Co., Ltd. | ၇၈၇ | ၁၉,၇၆၁,၈၉၈.၀၀ |
| ၁၅၂ | 11001.31.6.2.50 | B A T Myanmar Co,ltd | ၂၄ | ၁,၂၀၀,၇၃၃.၃၃ |
| ၁၅၃ | 14001.31.2.2.23 | Myanmar Belle ဟင်းသီးဟင်းရွက်အခြောက်ခံစက်ရုံ | ၈ | ၈၄,၆၆၆.၆၇ |
| ၁၅၄ | 14001.31.1.2.48 | ကြက်ခြေနီနေကြာဆီ | ၆ | ၇၂,၅၃၃.၃၃ |
| ၁၅၅ | 14001.31.5.2.44 | အေးသူဇာဆီစက် | ၅ | ၉၈,၆၀၀.၀၀ |
| ၁၅၆ | 14001.31.6.2.50 | British American Tobacco | ၁၃ | ၃၃၀,၈၆၆.၆၇ |
| | | စုစုပေါင်း | ၂၆,၃၀၅ | ၅၅၉,၄၃၅,၈၀၅.၆၉ |

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၅**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့နှင့် ပေါက်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ရေဦးမြို့၊ ကြေးမုံ (စိုက်ပျိုးရေး မိုးလေဝသ)၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၅၀၀ ကျော်တွင် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း စိုက်ပျိုးမည်

**မကွေး မေ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရ၏ ပံ့ပိုးကူညီမှု စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း မြို့နယ် ၂၅ မြို့နယ်မှကျေးရွာပေါင်း ၅၁၀ တွင် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း (Home Gardening) စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူး ဒေါ်မော်မော်ဝင်းထံမှ သိရသည်။

ယခုလက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ ကိုဗစ် - ၁၉ ရောဂါ ကြုံတွေ့နေရသည့်ကာလ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်းမရှိစေရန်၊ ဟင်းသီးဟင်းရွက်စားသုံးမှု ထိခိုက်မှုမရှိစေရန်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်မြေရိုင်းနေရာများတွင် ကျေးရွာ တစ်ရွာလျှင် ဝ ဒသမ ၂၅ ဧက အကျယ်အဝန်းရှိမြေနေရာအား စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှု၊ ကျေးရွာလူထု၏ စုပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်း ကျေးရွာ ၁၃၂ ရွာ၊ မင်းဘူးခရိုင်တွင် ကျေးရွာ ၁၁၀ ရွာ၊ ဂန့်ဂေါခရိုင်တွင် ၆၂ ရွာ၊ ပခုက္ကူခရိုင်တွင် ၁၁၀၊ သရက်ခရိုင်တွင် ၉၆ ရွာ၊ စုစုပေါင်း ရွာ ၅၁၀ တွင် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် ရုံးပတီ၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ခရမ်း၊ ငရုတ်၊ ရွှေဖရုံ(မြေလွတ်)၊ ကျောက်ဖရုံ (မြေလွတ်)၊ ဘူး (မြေလွတ်)၊ ကြက်ဟင်းခါး၊ ပြောင်း၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ပဲစောင်းလျား၊ သခွား၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ဆလပ်၊ ပဲလင်းမြေ၊ ဖရုံသခွား အမျိုးအစားများကို အဓိကထားစိုက်ပျိုးရန် စီစဉ်ထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်မအနေနဲ့ ဒီအစီအစဉ်လေးကို အလွန်သဘောကျပါတယ်။ ကိုဗစ် – ၁၉ ကာလမှာ ဟင်းသီးဟင်းရွက်တွေကလည်း နည်းနည်းဈေးကြီးလာလို့ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း စိုက်ပျိုးပြီးသွားရင် ဈေးလည်း သက်သာလာမယ်၊ အားလုံးကလည်း စုစုစည်းစည်းနဲ့ ဝိုင်းလုပ်ရတဲ့အတွက် ရွာသူရွာသားအချင်းချင်းလည်း စည်းရုံးလာမယ်၊ တချို့ Home Gardening မစိုက်ပျိုးသေးတဲ့ ကျေးရွာတွေကလည်း စိတ်ဝင်စားစွာနဲ့ ပူးပေါင်းပါဝင်လာမယ်ဆိုရင် သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းတဲ့ ဟင်းသီးဟင်းရွက်တွေကို မကွေးတိုင်းဒေသကြီး တစ်ခုလုံးဈေးပေါပေါနဲ့ စားသုံးနိုင်တော့မှာပါ" ဟု ဒု – တိုင်းဦးစီးမှူး ဒေါ်မော်မော်ဝင်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို လတ်လတ်ဆတ်ဆတ်စားသုံးနိုင်စေရန်၊ မီးဖိုချောင်ကုန်ကျစရိတ်ကိုကာမိပြီး မိသားစုအပိုဝင်ငွေရရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေကာ စိုက်ပျိုးနည်းစနစ်များကို အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**မေသူလွင် (မကွေး)**

# မြန်မာ့လက်ရွေးစင်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ Chinese 8 Ball သတ္တမမြောက်ပွဲစဉ် မေ ၃၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၂၅**

ကမ္ဘာ့ချန်ပီယံဟောင်းများနှင့် အိုးပင်းချန်ပီယံဟောင်း ကစားသမား ရှစ်ဦး ပတ်လည်ယှဉ်ပြိုင်သည့် Chinese 8 Ball ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီနှင့် လက်ရှိမာစတာကမ္ဘာ့ချန်ပီယံ Chu Bing Jie တို့သည် မေ ၃၁ ရက်တွင် ပထမအုပ်စုသတ္တမြောက် နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် မေ ၃၁ ရက်နေ့ ပြိုင်ပွဲအတွက် ပြင်းပြင်းထန်ထန် ပြင်ဆင်လေ့ကျင့်နေပါတယ်။ လောလောဆယ် ခြောက်ပွဲနိုင်ထားပြီဆိုပေမယ့် ဖွဲ့မလျှော့ပါဘူး။ လက်ရှိ ပူပူနွေးနွေးရထားတဲ့ မာစတာကမ္ဘာ့ချန်ပီယံ ဖြစ်ပါတယ်။ သူနဲ့ထိုးဖို့အတွက်လည်း ကျွန်တော့်ကိုမေးတဲ့ အချိန်မှာ စိန်ခေါ်ထားပါတယ်" ဟု အားတီက ပြောသည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် ဧပြီ ၂၈ ရက်က၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်း Yu Hai Tao ကို ၂၁ ပွဲ – ၁၇ ပွဲ၊ ဧပြီ ၂၉ ရက်က အိုးပင်းချန်ပီယံဟောင်း Li Bo ကို၂၁ ပွဲ – ၁၇ ပွဲ၊ မေ ၃ ရက်က Liu Hai Tao ကို ၂၁ ပွဲ – ၁၅ ပွဲ၊ မေ ၅ ရက်က ကမ္ဘာ့ ချန်ပီယံ ကစားသမား Zheng Yu Bo ကို ၂၁ ပွဲ – ၁၆ ပွဲ၊ မေ ၁၅ ရက်က Yang Fan ကို ၂၁ ပွဲ – ၁၇ ပွဲ၊ မေ ၁၆ ရက်က အိုးပင်းချန်ပီယံဟောင်း Wu Zheng Yu ကို ၂၁ ပွဲ – ၁၉ ပွဲတို့ဖြင့် အနိုင်ရရှိထားသည်။ အဆိုပါ Chinese 8 Ball ပထမအုပ်စုပွဲစဉ်၌ အားတီ အပါအဝင် လေးဦးနှင့် ဒုတိယအုပ်စုတွင် စောင့်နေသည့် ချန်ပီယံကစားသမား နှစ်ဦးနှင့် ဆက်လက်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သိရသည်။ အားတီသည် သတ္တမမြောက်ပွဲစဉ်တွင် ရှုံးရှုံးနိုင်နိုင် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နေပြီး ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်အောင်၊ လက်ထောက်ဦးစီးမှူး ဦးနွယ်မင်းသန်းနှင့် မြေတိုင်း(၄) ဦးသန်းဇော်မင်း တို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာအုပ်စု ကော်သဇင်ကျေးရွာရှိ တောင်သူများသည် လယ်ယာမြေ ပုံစံ (၇) ရရှိရေး တိုင်းတာဖော်ထုတ်မှုအတွက် (၁) ကေလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း တောင်းခံ၍ ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွဋ်အောင် (ယခု မြို့နယ်ဦးစီးမှူး၊ နမ့်စန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရှမ်းပြည်နယ်-တောင်ပိုင်း)၊ လက်ထောက်ဦးစီးမှူး ဦးနွယ်မင်းသန်းနှင့် မြေတိုင်း(၄) ဦးသန်းဇော်မင်း တို့သည် ပဒဲကောကျေးရွာအုပ်စု ကော်သဇင်ကျေးရွာ ကွင်းအမှတ်(၃၄) (ကေတစ်ထောင်ကွင်း) ရှိ လယ် (၈၈၇ ဒသမ ၇၁) ကေ အတွက် ပုံစံ (၇) များ ပြုလုပ်ပေးရာတွင် လယ်တစ်ကေလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ပေးသွင်းရန် ပြောဆို၍ တောင်သူလယ်သမားများထံမှ ကောက်ခံရရှိသည့် ငွေကျပ် ၈၂၀၀၀၀၀ တိတိအား လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ သုံးဦး အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မရဲစခန်းတွင် မေ ၂၂ ရက်က ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ ရွာဒူဇုပ်ကျေးရွာနေ ဒေါ်ရိုဂမ်အောင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ငွါးလီဖာ ကို တွေ့ရှိရပြီး ၎င်းတို့ နှစ်ဦးထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၇၁ ကီလို၊ ငွေကျပ် ၈၀၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာတွင် ဇော်ဘောက်မောင်းနှင်ပြီး အားဝိန်း လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရန်တားဆီးစဉ် ဇော်ဘောက်မှာ ထွက်ပြေးသွားခဲ့ပြီး အားဝိန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသည်။ ကွင်းဆက်အရ ဆိပ်မူကျေးရွာနေ ဇော်ဆိုင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးယိမ်းနှင့် အန်းတဲ တို့ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၂၀၀ ၊ ဘိန်းဖြူ သုည ဒသမ ၁၈ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၃၃ ကီလို၊ ဘိန်းစိမ်း ၄ ဒသမ ၈ ကီလို၊ ၉ မမ ပစ္စတို ၁ လက်၊ ယင်းကျည် ၅ တောင့်၊ ယင်းကျည် အိမ် ၁ ခုနှင့် IPSUM အမျိုးအစား မော်တော်ယာဉ်တစ်စီး စုစုပေါင်း ငွေကျပ် ၇၆၉၁ ဒသမ ၈၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ည ၇ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ယုဇနလမ်းတွင် ဗန်လာလ်ငူရ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ၊ ဘိန်းဖြူ သုည ဒသမ ၀၀၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ အိမ်အမှတ် (၂၃၈) နေ ခင်မောင်ဝင်းကို စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဇော်ဆိုင်း၊ မအေးယိမ်း၊ အန်းတဲ တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းဆည်အတွင်းသို့ ကလေးနှစ်ဦး ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**နေပြည်တော် မေ ၂၅**

နေပြည်တော် ဇေယျာသီရိမြို့နယ် တိုင်းရင်းသားကျေးရွာအနီးရှိ ရေဆင်းဆည်အတွင်း၌ မေ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က ကလေး နှစ်ဦး ရေဆင်းချိုးရာမှ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေဆင်းကျေးရွာနေ ဝေနိုင်ဖြိုး (၁၇ နှစ်) နှင့် ၎င်း၏ ညီဖြစ်သူ ကျော်ဇင်ဖြိုး (လေးနှစ်) တို့သည် တိုင်းရင်းသားကျေးရွာအနီးရှိ ရေဆင်းဆည်အတွင်းသို့ ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးသွားကြောင်း သတင်းအရ ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံရှာဖွေခဲ့ရာ မေ ၂၄ ရက် နံနက်ပိုင်းတွင် ၎င်းတို့ နှစ်ဦး၏ အလောင်းများကို ရေဆင်းချိုးသည့်နေရာနှင့် ပေ ၉၀ ခန့် အကွာ၌ ပြင်ပဒဏ်ရာမတွေ့ရှိဘဲ ရှာဖွေတွေ့ရှိ၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ၎င်းတို့ သေဆုံးမှုနှင့်ပတ်သက်၍ ရေဆင်းနယ်မြေရဲစခန်း၌ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အဖျောက်မြို့ ရောဝတီမြစ်ကမ်းပါးဘေး၌ လူသေအလောင်းတစ်လောင်း တွေ့ရှိ

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ ရောဝတီမြစ်ကမ်းပါးဘေး၌ လူသေအလောင်း တစ်လောင်းကို မေ ၂၄ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့နယ် အဖျောက်မြို့ (၂) ရပ်ကွက် ရောဝတီမြစ်ကမ်းပါးဘေး၌ လူသေအလောင်း တစ်လောင်း တွေ့ရကြောင်း သတင်းအရ ရဲအုပ် ကျော်နိုင်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ လင်းလင်းသိုက် (ခ) လင်းလင်း (၃၂ နှစ်)၊ ကြိုင်မာလာလမ်း၊ (၃)ရပ်ကွက်၊ အဖျောက်မြို့၊ တိုက်ကြီးမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ၏ ဖခင် ဦးတင်မောင် (၅၉ နှစ်) ကို မေးမြန်းရာ သေဆုံးသူ လင်းလင်းသိုက် (ခ) လင်းလင်းမှာ မေ ၂၃ရက် မွန်းလွဲ ၂ နာရီတွင် (၂) ရပ်ကွက်၊ ဗလီဆိပ်ကမ်း၌ ရောဝတီမြစ်အတွင်း မြစ်ခရုစမ်းရန် ဆင်းစဉ် ရေနစ်ပျောက်ဆုံးသွားသောကြောင့် သေဆုံးသူ၏ မိသားစုဝင်များနှင့် (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့များက လိုက်လံရှာဖွေခဲ့ရာ မေ ၂၄ရက် ညနေ ၆ နာရီခွဲတွင် ၎င်းဆင်းသွားသည့် ဗလီဆိပ်ကမ်းတွင် မှောက်လျက်အနေအထားဖြင့် ပြန်ပေါ်နေသည်ကို တွေ့ရှိရကြောင်း သိရသည်။ အလောင်းကို ဆယ်ယူစစ်ဆေးရာတွင် အလောင်း၏ ခန္ဓာကိုယ်၌ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ သေဆုံးနေသည်ကို တွေ့ရှိရပြီး အလောင်းကို အဖျောက်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စစ်ဆေးလျက်ရှိသည်။

၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ် သန်းကျော်ဇောက တရားလိုပြုလုပ် တိုင်တန်း၍ အဖျောက်နယ်မြေရဲစခန်းမှ အမှုဖွင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မူဆယ်မြို့နယ်၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

ရှမ်းပြည်နယ် မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် ည ၇ နာရီခွဲက နောင်မော်ကျေးရွာနေ ဦးစိုင်းဟန်မြင့် (၅၅ နှစ်) ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ချက်နိုင်ငံထုတ် CZ-75 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ အီတလီနိုင်ငံထုတ် Pietro Beretta အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ အမေရိကန်နိုင်ငံထုတ် Smitch and Wesson အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ လေးခုနှင့် ၉ မမ ကျည် ၂၇ တောင့်တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျွန်းတံခါးချပ်များ တရားမဝင် သယ်ဆောင်လာသူ ဖမ်းဆီးအရေးယူ

**မတ္တရာ မေ ၂၅**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မေ ၂၄ရက်က တရားမဝင်ကျွန်းတံခါးချပ်များ သယ်ဆောင်လာသူကို ဖမ်းဆီးရမိကြောင်း သိရသည်။

မတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် လက်ကောင်းကြီးကျေးရွာအုပ်စု၊ လက်ကောင်းလေး-ရွှေးစုလမ်းတွင် မောင်းနှင်လာသော ဟိုင်းလပ်ယာဉ်ကို စစ်ဆေးရာ ပဲအိတ်များဖုံး၍ သယ်ဆောင်လာသော အထောက်အထားမပြနိုင်သည့် တရားမဝင်ကျွန်းတံခါးချပ် ၁၃ ချပ်ကို တွေ့ရှိရသဖြင့် ယာဉ်မောင်း ရဲနောင် (၂၅နှစ်) ၊ စဥ့်ကူးမြို့နယ်နေသူကို သစ်တောဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်နှင့် ပတ်သက်သော အထောက်အထားများကိုလည်း ပြသနိုင်ခြင်းမရှိသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

❈ *ကျောဖုံးမှ*

ဟီဂူအင်ကဲ့သို့သော နာမည်ကြီး ကစားသမားမျိုးကို ခေါ်ယူရန် ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၃၂ နှစ်အရွယ် ရှိပြီဖြစ်သည့် ဟီဂူအင်သည် စတန်းဖို့ဒ်ဘရစ်တွင် အငှားလာရောက်ကစားခဲ့စဉ်က ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်နှစ် ဒုတိယနှစ်ဝက်တွင် နာပိုလီနည်းပြဟောင်း ဆာရီနှင့် စတန်းဖို့ဒ်ဘရစ်တွင် ပြန်လည်ပေါင်းထုပ်ခဲ့ပြီး ၁၈ ပွဲတွင် ငါးဂိုးသာ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းအနေဖြင့် နောက်ထပ် တစ်ရာသီအငှား သက်တမ်းတိုးခွင့်ကို ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း ငြင်းဆိုခဲ့သည့်အတွက် ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရသည်။ ဂျူဗင်တပ်စ်အသင်းတွင် ၃၃ ပွဲ ပါဝင် ကစားထားပြီး ရှစ်ဂိုးသာ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

အဆိုပါ အာဂျင်တီးနား တိုက်စစ်မှူးကို ရေးဗားပလိတ်အသင်းကလည်း ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။ သို့သော်လည်း ပရီမီယာလိဂ်အသင်းများ၏ ကမ်းလှမ်းမှုများကို လက်ခံစဉ်းစားဖွယ်ရှိနေကြောင်း သိရသည်။

ဟီဂူအင်သည် မကြာသေးခင်က ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး "ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားမယူမီတွင် အာဂျင်တီးနားသို့ ပြန်လည်အခြေချနိုင်ဖွယ်ရှိသည်" ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။ TyC Sports သို့ ပြောကြားရာတွင်လည်း "ရေးဗားအသင်းဟာ ကျွန်တော့်အတွက် အရာရာကို ပြောင်းလဲစေတဲ့အသင်း ဖြစ်ပါတယ်။ ခြေစွမ်းတိုးလက်လာတယ်။ ရီးရဲမက်ဒရစ်အသင်းက ကျွန်တော့်ကို ခေါ်ယူတဲ့အထိပေါ့၊ ဒါပေမယ့် ခုတော့ ဘာတွေဖြစ် လာမလဲ ကျွန်တော်မသိသေးဘူး၊ ကျွန်တော်က ဒီမှာ (တူရင်) မှာရှိနေတယ်လေ" ဟု ပြောကြားခဲ့သည်။ ဟီဂူအင်သည် အာဂျင်တီးနားအသင်းအတွက် ၇၅ ပွဲ ပါဝင်ကစားထားပြီး ၃၅ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် အာဂျင်တီးနားအသင်းကို ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယရရှိအောင် ကူညီပေးထားနိုင်ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲတို့တွင်လည်း ဒုတိယရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

နယူးကာဆယ်အသင်းသည် အသင်းပိုင်ရှင်သစ်ရောက်ရှိလာပြီးနောက် ယခုနွေရာသီတွင် ငွေကြေးအမြောက်အမြားသုံးစွဲပြီး နာမည်ကြီးကစားသမားများကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သိရသည်။ ထိုကစားသမားများထဲတွင် ဂါးရတ်ဘေးလ်၊ ကော်တင်ဟိုနှင့် ကူလီဘာလီတို့ ပါဝင်နေသည်။ ဝုဖ်အသင်းကလည်း ပရီမီယာလိဂ်တွင် ထိပ်ပိုင်းစာရင်းဝင်ရန် အင်အားဖြည့်တင်းလုပ်ဆောင်ဖွယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဟီဂူအင်ကို ငွေကြေးအမြောက်အမြားသုံးစွဲပြီး နယူးကာဆယ်အသင်း ခေါ်ယူသွားမည်လား၊ ထိပ်ပိုင်းစာရင်းဝင်ရန် အင်အားဖြည့်တင်းလုပ်ဆောင်နေသည့် ဝုဖ်အသင်းကပဲ ခေါ်ယူနိုင်မည်လား စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

**အောင်ဇော်**

# အမေရိကန်နှင့် ဆက်ဆံရေးတင်းမာနေချိန် အီရန်ရေနံတင်သင်္ဘော ဗင်နီဇွဲလားသို့ရောက်ရှိ

**တီဟီရန် မေ ၂၅**

ရေနံစည်ပေါင်း တစ်သန်းကျော်တင်ဆောင်လာသည့် အီရန်ရေနံတင် သင်္ဘောငါးစင်းအနက် ပထမဆုံးသင်္ဘောတစ်စင်း ဗင်နီဇွဲလားရေပိုင်နက်သို့ ရောက်ရှိလာကြောင်း သိရသည်။

အီရန်ရေနံတင်သင်္ဘောများကို ဗင်နီဇွဲလား ရေတပ်နှင့် လေတပ်ဖွဲ့များက လိုက်ပါစောင့်ကြပ်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံကိုသာမက အီရန်နိုင်ငံကိုပါ အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်နေသည့် အမေရိကန်က အဆိုပါယာဉ်များကို စောင့်ကြည့်နေကြောင်း ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံနှင့် အီရန်က ၎င်းတို့နှစ်နိုင်ငံအကြားရေနံပို့ဆောင်မှုတွင် ကြားဝင်စွက်ဖက်ခြင်းမပြုရန် အမေရိကန်ကို သတိပေးထားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ရေနံထုတ်လုပ်ရေးလုပ်ငန်း ရှိသည့် နိုင်ငံဖြစ်သော်လည်း သန့်စင်ပြီးရေနံ ရှားပါးပြတ်လပ်မှုကို ရင်ဆိုင်နေရသည်။ ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက အီရန်၏ အကူအညီပေးအပ်မှုအတွက် ကျေးဇူးတင်ကြောင်းဖော်ပြခဲ့ပြီး ဗင်နီဇွဲလားနှင့် အီရန်နှစ်နိုင်ငံသည် စွက်ဖက်မှုများကို အရှုံးပေးမည့်နိုင်ငံများ မဟုတ်ကြောင်း ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံနှင့် အီရန်နှစ်နိုင်ငံလုံးသည် ငြိမ်းချမ်းရေးလိုလားနေသော နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံလုံးက လွတ်လပ်စွာကုန်သွယ်ခွင့်ရှိသည့် နိုင်ငံများဖြစ် ကြောင်း ရုပ်မြင်သံကြားမိန့်ခွန်းမှတစ်ဆင့် သမ္မတ မာဒူရိုက ပြောကြားခဲ့ သည်။ အမေရိကန်သည် အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံများကို ကုန်သွယ်ရေးဆိုင်ရာ ပိတ်ပင်တားဆီးသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

**အေအက်ဖ်ပီ**



ဗင်နီဇွဲလားရေပိုင်နက်သို့ ရောက်ရှိလာသည့် အီရန်ရေနံတင်သင်္ဘောကို တွေ့ရစဉ်။

# အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၂၀၀၀ ကို ပြန်လွှတ်ပေးမည်

**ကဘူးလ် မေ ၂၅**

တာလီဘန် စစ်သွေးကြွအဖွဲ့က သုံးရက်ကြာ အပစ်အခတ်ရပ်စဲရေး ကြေညာလိုက်ပြီးနောက်တွင် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၂၀၀၀ ကို လွှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တာလီဘန်အဖွဲ့သည် ရာမာဒန် ဥပုသ်လကုန်ဆုံးသည့် အထိမ်းအမှတ် အီဒ်နေ့ဖြစ်သည့် မေ ၂၄ ရက်မှ စတင်ကာ သုံးရက်ကြာ အပစ်အခတ် ရပ်စဲလိုက်ကြောင်း ကြေညာခဲ့သည်။

တာလီဘန်တို့၏ ယာယီ အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ကို အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ပြီး ယဉ်ကျေးသည့် အပြုအမူတစ်ရပ်အနေဖြင့် အစိုးရဖမ်းဆီးထားသော တာလီဘန်တိုက်ခိုက်ရေးအဖွဲ့ဝင်များကို လွှတ်ပေးမည် ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အစိုးရ၏ ကြေညာချက်ကို လက်ခံကြိုဆိုကြောင်းနှင့် ယင်းအပြုအမူက တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရာတွင် ခရီးရောက်စေသည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း တာလီဘန်အဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်တစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားကြောင်း သိရသည်။

အပြန်အလှန် ထောက်ထားမှုအနေဖြင့် တာလီဘန်အဖွဲ့ကလည်း အစိုးရတပ်ဖွဲ့ဝင် အများအပြားကို လွှတ်ပေးရန်ရှိကြောင်း သိရသည်။

အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၅၀၀၀ ကျော် လွှတ်ပေးရန်ပါရှိပြီး တာလီဘန်စစ်သွေးကြွအဖွဲ့ကလည်း အစိုးရထံမှ ဖမ်းဆီးထားသည့် အကျဉ်းသား ၁၀၀၀ ကျော်ကို လွှတ်ပေးရန်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ကဘူးလ်မြို့ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်တစ်ခု၌ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ကားမောင်းသူများကို ရပ်တန့်စစ်ဆေးနေစဉ်။

## အစ္စရေး၌ လေးရက်ဆက်တိုက် ကိုဗစ်-၁၉ကြောင့် သေဆုံးသူ မရှိ

**ဂျေရုဆလင် မေ ၂၅**

အစ္စရေးနိုင်ငံ၌ မေ ၂၄ ရက်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ထပ်မံပေါ်ထွက်လာခြင်းမရှိသေးကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အစ္စရေး၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် ပြီးခဲ့သည့် မေ ၂၀ ရက်က နောက်ဆုံးသေဆုံးသူ တစ်ဦးထွက်ပေါ်ခဲ့ပြီးနောက် သေဆုံးသူ အရေအတွက်မှာ ၂၇၉ ဦးတွင် ဆက်လက်ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရသိရသည်။ ရောဂါကူးစက်ခံရမှုမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ အရေးပေါ်ကုသမှုခံယူရသည့် လူနာအရေအတွက်မှာ ယခုအခါ ၄၇ဦးမှ ၄၄ ဦးအထိလျော့ကျလာပြီဖြစ်ကာ လူနာ ၁၂၆ ဦး ဆေးရုံတင်ထားကြောင်း သိရသည်။ အစ္စရေးကျန်းမာရေးဝန်ကြီး ယူလီအီဒယ်လ်စတိန်းနှင့် ယဉ်ကျေးမှုဝန်ကြီး ဟီလီထရိုပါတို့က ပြဇာတ်၊ ရုပ်ရှင်များနှင့် ဖျော်ဖြေပွဲများကို လာမည့် ဇွန် ၁၄ ရက်တွင် ကန့်သတ်ချက်များဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုပေး ရန် သဘောတူခဲ့ပြီး ပွဲကြည့်လက်မှတ်များကို အွန်လိုင်းမှသာ ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်ပြည်မကြီး၌ ပြည်သူအချင်းချင်းကြား ကိုဗစ်-၁၉ ထပ်မံကူးစက်မှုမရှိ

**ပေကျင်း မေ ၂၅**

တရုတ်ပြည်မကြီး၌ ဒေသခံပြည်သူအချင်းချင်းကြား ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုမရှိကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရောဂါကူးစက်ခံရသူ ၁၀ ဦးနှင့် စီချွမ်ပြည်နယ်တွင် တစ်ဦး အပါအဝင် ပြည်ပမှ ကူးစက်ခံရသူ ၁၁ ဦးရှိပြီး ပြည်တွင်းကူးစက်မှုမရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က နေ့စဉ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# မွမ်ဘိုင်းလေဆိပ်၌ ပြည်တွင်းလေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုများ စတင်

**မွမ်ဘိုင်း မေ ၂၅**

အိန္ဒိယနိုင်ငံ၌ ကပ်ရောဂါကျရောက်မှုကြောင့် နှစ်လကြာအောင် တစ်နိုင်ငံလုံး အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီးနောက် မေ ၂၅ ရက်တွင် မွမ်ဘိုင်းမြို့ရှိလေဆိပ်၌ ပြည်တွင်းလေကြောင်းခရီးစဉ်ပျံသန်း ပြေးဆွဲမှုများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

မွမ်ဘိုင်းလေဆိပ်မှ အရှေ့မြောက်ပိုင်း ပတ်တနာမြို့သို့ မေ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ပထမဆုံးလေယာဉ်ခရီးစဉ်တစ်ခု ပျံသန်းပြေးဆွဲခဲ့ပြီး မြောက်ပိုင်းလက်ခနောင်းမြို့မှ ပျံသန်းထွက်ခွာလာသည့် လေယာဉ်တစ်စင်း ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မွမ်ဘိုင်းလေဆိပ်သို့ ရောက်ရှိလာကြောင်း လေဆိပ်အာဏာပိုင်များက ပြောသည်။

မေ ၂၄ ရက်နှောင်းပိုင်းအထိ ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက် ၃၀၀၀၀ ကျော်ရှိခဲ့သည့် မွမ်ဘိုင်းမြို့သည် မဟာရက်ရှ်ထရာ ပြည်နယ်၏ မြို့တော်ဖြစ်သည်။

မေ ၂၄ ရက် မွန်းလွဲပိုင်းက မဟာရက်ရှ်ထရာ ဝန်ကြီးချုပ် အာဒက်ဗ်တက်ကရေသည် အန္တရာယ်ရှိဇုန်များ၌ လေဆိပ် များ ပြန်လည်ဖွင့်လှစ်ရန် ဖက်ဒရယ်အစိုးရက ကြိုးပမ်းနေချိန် လေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ပိုမိုအချိန်ယူနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**




မွမ်ဘိုင်းလေဆိပ်၌ ခရီးသည်များ လှုပ်ရှားသွားလာနေစဉ်။

# ဩစတြေးလျနိုင်ငံတွင် ကန့်သတ်မှုများဖြေလျှော့ပေးပြီးနောက် စာသင်ကျောင်းများပြန်ဖွင့်

**ဆစ်ဒနီ မေ ၂၅**

ဩစတြေးလျနိုင်ငံရှိ ပြည်နယ်အချို့တွင် ကျောင်းများပြန်ဖွင့်ပြီဖြစ်သည့်အတွက် မေ ၂၅ ရက်တွင် ကျောင်းသားများ စာသင်ခန်းများအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ် -၁၉ ကန့်သတ်မှုဖြေလျှော့ရန် နောက်ထပ် အစီအစဉ်များကိုလည်း ဖော်ပြခဲ့ကြသည်။ နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းတို့တွင် နှစ်လကြာ ကျောင်းပိတ်ပြီးနောက် ကလေးများ စာသင်ကျောင်းဆီသို့ ပြန်လာနိုင်ပြီဖြစ်သည်။ ကျောင်းသားများ၏ လုံခြုံစိတ်ချရရေးအတွက် နယူးဆောက်ဝေးပြည်နယ်တွင် လုံခြုံရေးကြီးကြပ်သူ အရာရှိ ရာနှင့်ချီပြီး တပ်ဖြန့်ချထားသည်။။



ဆစ်ဒနီမြို့တွင် ကျောင်းတက်လာကြသည့် ကျောင်းသားများကို မေ ၂၅ ရက်က တွေ့ရစဉ်။

ဆစ်ဒနီအများပြည်သူ သယ်ယူပို့ဆောင်ရေး ကွန်ရက်တွင်လည်း ကြီးကြပ်သူအရာရှိများ တာဝန်ချထားခဲ့သည်။ နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ် ဂယ်ရီဂျီကလင်းက ကလေးမိဘများအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ဝန်မပိစေဘဲ ကိုယ်တိုင်ကျောင်းလိုက်ပို့ပေးခြင်း၊ ကလေးများကို လမ်းလျှောက်ကာ ကျောင်းသွားစေခြင်းတို့ ပြုလုပ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ကျောင်းများလုံခြုံစိတ်ချစွာ ပြန်ဖွင့်ရေးအတွက်လည်း သေချာအောင် စီမံပေးမည်ဟု ကတိပြုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကွင်းစလန်းပြည်နယ် ဝန်ကြီးချုပ် အန်နက်စတတာစီကာကလည်း အလားတူ ပြောကြားခဲ့သည်။ ကျောင်းပြန်တက်သည့် ကလေးတိုင်း ကျန်းမာစွာနှင့် လုံခြုံစိတ်ချစွာ ကျောင်းတက်နိုင်ရေး တင်းကျပ်စွာ စီမံဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စာသင်ခန်းများနှင့် လေ့ကျင့်ရေးကစားကွင်းများကို သန့်ရှင်းရေးဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ နယူးဆောက်ဝေးနှင့် ဗစ်တိုးရီးယား အစိုးရတို့သည် ကန့်သတ်မှုများ နောက်ထပ် ဖြေလျှော့ပေးသွားမည် ဟုလည်း ကြေညာခဲ့သည်။ ဇွန် ၁ ရက်မှစတင်ကာ ကိုဗစ် -၁၉ လုံခြုံစိတ်ချရရေးအစီအစဉ်နှင့်အတူ အလှပြင်ဆိုင်များ ပြန်ဖွင့်ခွင့်ပေးမည်ဟု နယူးဆောက်ဝေးပြည်နယ် ကျန်းမာရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အီတလီနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် နေ့စဉ်သေဆုံးသူ ဆက်လက်လျော့ကျ

**ရောမ မေ ၂၅**

အီတလီနိုင်ငံသည် မေ ၂၄ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၅၀ ရှိခဲ့ပြီး ကိုဗစ် -၁၉ အီတလီနိုင်ငံ၌ စတင်ဖြစ်ပွားသည့် အစောပိုင်းကာလမှစတင်ကာ သေဆုံးမှု အနိမ့်ဆုံးပင်ဖြစ်သည်။

သို့သော်လည်း ကူးစက်မှုမြင့်မားသည့်လွှန်ဘာ့ဒီဒေသတွင်မူ သေဆုံးသူစာရင်းကို အသစ်ပြုစု မဖော်ပြသေးပေ။ မကြာသေးမီ သီတင်းပတ်များအတွင်း နေ့စဉ်သေဆုံးမှုစာရင်းမှာ မြင့်တက်ခဲ့ပြီး မတ်လနှောင်းပိုင်းတွင် နေ့စဉ်သေဆုံးမှု ၁၀၀၀ နီးပါးရှိခဲ့သည်။ ယင်းအရေအတွက်မှ တဖြည်းဖြည်းချင်း ကျဆင်းလာခဲ့သည်။ ယခု သီတင်းပတ်အစတွင် သေဆုံးသူ ၉၉ ဦး ဖြစ်ခဲ့သည်။ အီတလီနိုင်ငံ၌ မတ်လ ၇ ရက်တွင် တစ်နေ့အတွင်းသေဆုံးသူ ၃၆ ဦး ရှိခဲ့ရာ ယင်းနောက်ပိုင်းတွင် တဖြည်းဖြည်းချင်း သေဆုံးသူ မြင့်တက်ခဲ့သည်။



ရောမမြို့ရှိ ပင်လယ်ကမ်းခြေတွင် ပျော်ရွှင်စွာ ဆော့ကစားနေကြသည့် ကလေးများကို မေ ၂၄ ရက်က တွေ့ရစဉ်။

မေ ၂၄ ရက်တွင် လူ ၅၀ သာ သေဆုံးခဲ့သည့်အတွက် သေဆုံးမှု ပြန်လည်ကျဆင်းလာသည်ကို တွေ့ရသည်။ မေ ၂၃ ရက်မှ မေ ၂၄ ရက်အထိ အီတလီတွင် လူပေါင်း ၁၁၉ ဦး သေဆုံး ခဲ့ရသည်။ လွှန်ဘာ့ဒီဒေသသည် အီတလီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု အမြင့်ဆုံးဒေသဖြစ်ပြီး မေ ၂၄ ရက်အထိ သေဆုံးသူ ၁၅၈၄၀ ရှိသည်။ အီတလီနိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၃၂၇၅၈ ဦးရှိရာ လွှန်ဘာ့ဒီဒေသမှ တစ်ဝက်ပါဝင်သည်။

**ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ၌ မေ ၂၅ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ထပ်မံ မတွေ့ရှိရ

**ဝယ်လင်တန် မေ ၂၅**

နယူးဇီလန်နိုင်ငံ၌ မေ ၂၅ ရက်တွင် ကိုဗစ် – ၁၉ နောက်ထပ် ကူးစက်ခံရသူ မတွေ့ရှိရသဖြင့် ကူးစက်ခံရသူစုစုပေါင်း ၁၅၀၄ ဦးတွင် ရပ်တန့်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ပြန်လည်သက်သာလာသူဦးရေမှာလည်း တိုးလာခြင်းမရှိဘဲ ၁၄၅၆ ဦးတွင် ရပ်တန့်နေသည်။ မေလ ၆ ရက်မှစတင်ကာ နယူးဇီလန်နိုင်ငံတွင် သေဆုံးသူ ဦးရေမှာ ၂၁ ဦးသာ ရှိသည်။

နယူးဇီလန် ကိုဗစ် –၁၉ ခြေရာခံသည့် အက်ပလီကေးရှင်းတွင် လူပေါင်း ၃၈၀၀၀၀ မှတ်ပုံတင်ထားပြီး မေ ၂၄ ရက် ညနေ ၅ နာရီမှစတင်ကာ ၁၇၀၀၀ တိုးလာခြင်းဖြစ်သည်။

**အကူအညီပေးနိုင်**

အဆိုပါ အက်ပလီကေးရှင်းကို ဒေါင်းလော့ခ်ဆွဲသူများလာရန် တိုက်တွန်းနှိုးဆော်လျက်ရှိပြီး ယင်းအက်ပလီကေးရှင်းသည် ကိုဗစ် –၁၉ နှင့် ပတ်သက်ပြီး ခြေရာခံခြင်း၊ အမျိုးအစားခွဲခြားခြင်း၊စစ်ဆေးခြင်းနှင့် သီးခြားခွဲနေခြင်းဆိုင်ရာ ကိစ္စရပ်များလုပ်ဆောင်ရာတွင် အကူအညီပေးနိုင်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံအပါအဝင် အခြား ၁၀ နိုင်ငံကို ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်ဆိုင်းငံ့မှုတိုးချဲ့

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံသည် ကိုဗစ် –၁၉ ထိန်းချုပ်ရေးအတွက် အိန္ဒိယနိုင်ငံအပါ အဝင် အခြားသော ၁၀နိုင်ငံခရီးသွားများ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်မှုကို အချိန်ကာလ တိုးမြှင့်လိုက်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေ ၂၅ ရက်တွင်ပြောကြားခဲ့သည်။

တောင်အာဖရိကနှင့် အာဂျင်တီးနားတို့အပါအဝင် နိုင်ငံ ၁၁ နိုင်ငံနှင့် ပတ်သက်ပြီးခရီးသွားလာမှုဆိုင်ရာ အကြံပေးချက်များကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယင်းနိုင်ငံများသို့ ခရီးသွားလာခြင်းကို ရှောင်ရှားကြရန်လည်း တိုက်တွန်းထားသည်။ ဂျပန်နိုင်ငံသည် ဇွန်လကုန်အထိ လက်ရှိပြုလုပ်ထားသော နယ်စပ်ထိန်းချုပ်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ကိုဗစ် – ၁၉ တုံ့ပြန်ရေးဆိုင်ရာ အစိုးရလုပ်ငန်းအဖွဲ့အစည်းအဝေး၌ ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

**ကျိုဒိုနယူးစ်**

# ကိုဗစ် -၁၉ ကူးစက်မှုများကြောင့် ဘရာဇီးနိုင်ငံမှ ခရီးသွားဝင်ရောက်မှုကို အမေရိကန် ကန့်သတ်ထား

**ဝါရှင်တန် မေ ၂၅**

တောင်အမေရိက နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှု အဆမတန်မြင့်တက်နေသည့်အတွက် ပြီးခဲ့သည့် သီတင်းပတ် နှစ်ပတ်အတွင်း ဘရာဇီးနိုင်ငံတွင် ရောက်ရှိနေခဲ့သူများကို အမေရိကန် နိုင်ငံက ပြည်ဝင်ခွင့်ပိတ်ထားမည်ဟု အမေရိကန်ပြည်ထောင်စုက ပြောကြားခဲ့သည်။

**ဟန့်တားပေးနိုင်လိမ့်မည်**


မေ ၂၇ ရက်မှစတင်ကာ ယင်းကန့်သတ်ချက်မှာ အသက်ဝင်လာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုဝင်များမှာ ယင်းကန့်သတ်ချက်တွင် ပါဝင်မည် မဟုတ်ပေ။ ယင်းကန့်သတ်မှုကြောင့် အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံခြားသားများထံမှ ကူးစက်ရောဂါ သယ်ဆောင်လာမည့်အရေးကို ဟန့်တားပေးနိုင်လိမ့်မည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ကေလိတ်မက်အန်နန်နီက ပြောသည်။ ဘရာဇီးနိုင်ငံ၌ မေ ၂၄ ရက်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၄၇၀၀၀ ရှိခဲ့ပြီး လူပေါင်း ၂၂၀၀၀ သေဆုံးခဲ့ပြီးဖြစ်သည်။

**ဖိအားပေးလျက်ရှိ**

ဘရာဇီးတွင် နေ့စဉ်သေဆုံးမှုစာရင်းမှာ ၁၀၀၀ အထိရှိသည်။ ကူးစက်မှုနှုန်းမှာ ဘရာဇီးနိုင်ငံအတွင်း အဆမတန်မြင့်တက်နေသော်လည်း ဘရာဇီးသမ္မတ ဘောဆွန်နာရိုကမူ စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ပေးရန် ဖိအားပေးလျက်ရှိသည်။

မြို့ပြရှိ ဆင်းရဲသားအများစုနေထိုင်ရာ နေရာများတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည်။ အမေရိကန်သည် ဘရာဇီးနိုင်ငံအပြင် တရုတ်၊ အီရန်၊ ဥရောပမှ နိုင်ငံသားများ ဝင်ရောက်ခွင့်ကိုလည်း ပိတ်ပင်ထားသည်။ ဂျပန်နိုင်ငံသည်လည်း ဧပြီ ၃ ရက်ကစတင်ကာ ဘရာဇီးနိုင်ငံမှ ခရီးသွားများ ဝင်ရောက်လာမှုကို ဆိုင်းငံ့ထားသည်။

**အင်န်အိတ်ချ်ကေ**



ဘရာဆီလီယာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စောင့်ဆိုင်းနေသည့် ခရီးသည်တစ်ဦးကို မေ ၂၄ ရက်က တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကုသရေးမှာ မရှိမဖြစ်အရေးပါလာဦးမယ့် ရမ်ဒီဆီဗာ

ကလျာမိုးမြင့်

**ပြီးခဲ့တဲ့သောကြာနေ့က ကိုဗစ် – ၁၉ တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး သတင်းကောင်းတချို့ကို ကြားသိခဲ့ရပါတယ်။ ဗိုင်းရပ်စ်ပိုးတွေကို သုတ်သင်ချေဖျက်နိုင်စွမ်းရှိတဲ့ ရမ်ဒီဆီဗာဆေးဟာ မူလက အီဘိုလာရောဂါကို ကုသနိုင်တဲ့ဆေး အဖြစ်ထုတ်လုပ်ခဲ့တာပါ။ ကိုဗစ်–၁၉ ကူးစက်ခံထားရတဲ့လူနာတွေကို ဒီဆေးကပုံမှန်ထက်ပိုပြီး မြန်မြန်သက်သာလာစေတဲ့ အကျိုးသက်ရောက်မှုရှိတာကို ပြသခဲ့ပါတယ်။**

### အချိန်တိုတိုနဲ့ပြန်ကောင်းလာစေ

ပြီးခဲ့တဲ့ဧပြီလနှောင်းပိုင်းက အဆင့်သုံးဆင့်မြောက်လက်တွေ့ စမ်းသပ်ကုသမှု ပြုလုပ်ခဲ့စဉ်အတွင်းမှာ ကနဦးထွက်ပေါ်လာခဲ့တဲ့ ရလဒ်တွေအရ ရမ်ဒီဆီဗာဟာ ကိုဗစ်–၁၉ လူနာတွေကို ကုသတဲ့နေရာမှာ မရှိမဖြစ်အရေးပါတဲ့ ဆေးတစ်လက်ဖြစ်လာနိုင်တယ်ဆိုတာကို The New England Journal of Medicine မှာအတည်ပြု ဖော်ပြခဲ့တာပါ။ ဒါက ကုထုံးတစ်ခုလို့တော့ မဆိုနိုင်ပေမယ့် ရမ်ဒီဆီဗာက ရောဂါကူးစက်ခံရတဲ့လူနာတွေကို အချိန်တိုတိုနဲ့ ပြန်ကောင်းလာစေပြီး ပျမ်းမျှကြာချိန် ၁၅ ရက်ကနေ ၁၁ ရက်လောက်မှာ သက်သာလာစေတယ်လို့ ဆိုထားပါတယ်။

### နေ့တိုင်းစောင့်ကြည့်

လက်တွေ့စမ်းသပ် ကုသခဲ့မှုမှာ အမေရိကန်ပြည်ထောင်စု၊ ဥရောပနဲ့ အာရှနိုင်ငံတွေမှာရှိတဲ့ နေရာဒေသပေါင်း ၆၀ က လူနာတွေ ပါဝင်ခဲ့ကြပါတယ်။ လူနာပေါင်း ၅၃၈ ဦးကို ရမ်ဒီဆီဗာဆေး ၁၀ ရက်ပေးပြီး စောင့်ကြည့်ခဲ့တာဖြစ်ပြီး တခြားလူနာ ၅၂၂ ဦးကိုတော့ စမ်းသပ်ကုသရာမှာသုံးရတဲ့ အာနိသင်မဲ့ ဆေးဝါးတွေကို တူညီတဲ့ အချိန်ဇယားအတိုင်းပေးပြီး စောင့်ကြည့်ခဲ့ပါတယ်။

လူနာတွေရဲ့ ရောဂါလက္ခဏာ ပြင်းထန်မှုအခြေအနေတွေကိုသာမက ဆေးကြောင့်ဖြစ်နိုင်တဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုခု ရှိ မရှိဆိုတာကိုပါ ဆုံးဖြတ်နိုင်ဖို့အတွက် ဒီလူတွေကို နေ့စဉ်နေ့တိုင်း စောင့်ကြည့်အကဲဖြတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

### ကြာချိန်ကိုစောင့်ကြည့်

ဆေးရုံတက်ရခြင်းမရှိတဲ့ အဆင့်ကနေ အထူးပြုစုကုသမှုလိုအပ်လာတဲ့ အခြေအနေကနေစပြီး သေဆုံးနိုင်တဲ့ အခြေအနေရောက်ရှိနိုင်တဲ့ အဆင့်အထိ အချက်ရှစ်ချက်ပါတဲ့ စမ်းသပ်လေ့လာမှုအခြေအနေတွေကို တိုင်းတာပြီး လူနာပြန်ကောင်းလာဖို့အချိန်ဘယ်လောက်ကြာတယ်ဆိုတာကို ဒီစမ်းသပ်မှုမှာ အဓိကထားပြီး စောင့်ကြည့်ခဲ့တာဖြစ်ပါတယ်။

### ကနဦးတွေ့ရှိချက်တွေ မျှဝေ

ကုသမှုပေးပြီးနောက် ရက်သတ္တနှစ်ပတ်ကနေ လေးပတ်မှာ သေဆုံးမှုအခြေအနေတွေကိုသာမက စမ်းသပ်လေ့လာနေတဲ့ အချိန်အတောအတွင်း ပြင်းထန်တဲ့ ဘေးထွက် ဆိုးကျိုးထွက်ပေါ်မှု ရှိ မရှိ ဒုတိယတစ်ကြိမ်ထွက်ပေါ်လာမယ့် ရလဒ်တွေကို စောင့်ကြည့်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ဧပြီလနှောင်းပိုင်းမှာ စမ်းသပ်လေ့လာမှု ကနဦးရလဒ်တွေကို ဆန်းစစ်ဖို့အချိန် ရောက်ရှိလာခဲ့ပါတယ်။ ပြီးတော့ သုတေသနပြု လေ့လာနေသူတွေအနေနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှုတစ်ခု အရ ကနဦးတွေ့ရှိချက်တွေကို နယ်စပ်ဆေးကုသရေးအဖွဲ့အစည်းတွေနဲ့အတူ မျှဝေခဲ့ပါတယ်။

အဲဒီရလဒ်အရ အာနိသင်မဲ့တဲ့ ဆေးတွေပေးခဲ့တဲ့ လူနာတွေကိုပါ ရမ်ဒီဆီဗာဆေးကို ပေးလို့ရနိုင်တယ်ဆိုတာကိုလည်း သိရှိခဲ့ရပါတယ်။




> **“သုတေသနပညာရှင်တွေက ရမ်ဒီဆီဗာဆေးဟာ လူနာတွေ သေဆုံးမှုနဲ့ပတ်သက်ပြီး ထိန်းချုပ်နိုင်တဲ့ အကျိုးသက်ရောက်မှု တစ်ခုရှိတာမှန်ပေမယ့် ဒီဆေးတစ်မျိုးတည်းနဲ့ ကုသဖို့ လုံလောက်နိုင်ဖွယ်မရှိတဲ့အတွက် ဒီဆေးကို တခြားဆေးနည်းတွေနဲ့ပေါင်းစပ်ပြီး ကုထုံးတစ်ခုအနေနဲ့ ပေးနိုင်ဖို့ စမ်းသပ်ထုတ်ဖော်သင့်တယ်လို့ သုံးသပ်”**

### အချိန်တိုတိုနဲ့ မြန်မြန်ပြန်ကောင်း

ခြုံငုံသုံးသပ်ရမယ်ဆိုရင် ရမ်ဒီဆီဗာဆေးကိုသုံးတဲ့ ကုသနည်းဟာ သာမန်ဆေးဝါးနဲ့ ကုသမှုပေးခဲ့တဲ့ လူနာအုပ်စုနဲ့ယှဉ်ရင် အချိန်တိုတိုနဲ့ မြန်မြန်ပြန်ကောင်းလာတယ်ဆိုတာပါပဲ။ ကုသမှုအတွင်းမှာ အောက်ဆီဂျင်အထောက်အကူပေးရတဲ့ လူနာဖြစ်စေ ပေးဖို့မလိုတဲ့လူနာဖြစ်စေ တိုးတက်မှုတွေရှိတာကို တွေ့ခဲ့ရပါတယ်။

ရောဂါလက္ခဏာတွေ စပြလာပြီဆိုတာနဲ့ ရမ်ဒီဆီဗာဆေးကို စောနိုင်သမျှ အစောဆုံးပေးထားဖို့ လိုတယ်ဆိုတာနဲ့ ပတ်သက်တဲ့ စိုးရိမ်ကြောင့်ကြမှုတွေကိုလည်း ငြိမ်းအေးစေခဲ့ပါတယ်။

### ပိုကောင်းတဲ့တုံ့ပြန်မှုရှိ

တကယ်တော့ ရောဂါလက္ခဏာအစပျိုးတဲ့ ပထမ ၁၀ ရက်အတွင်း စတင်ကုသမှုခံယူတဲ့လူနာတွေထက်စာရင် ရောဂါလက္ခဏာတွေပြပြီး နောက် ၁၀ ရက်ကျော်ကြာတဲ့အထိ ဆေးပေးကုသမှုခံယူတဲ့ လူနာတွေမှာ ရမ်ဒီဆီဗာဆေးအပေါ် ပိုကောင်းတဲ့ တုံ့ပြန်မှုရှိတာကို တွေ့ရပါတယ်။

စမ်းသပ်ကုသလေ့လာမှုရဲ့ဒုတိယအဆင့် အဓိကကျတဲ့ ရလဒ်ကတော့ ၁၅ ရက်မြောက်နေ့မှာ လူနာရဲ့ ဘယ်လိုအခြေအနေရှိလဲဆိုတာဖြစ်ပြီး အဲဒီရလဒ်မှာ ရမ်ဒီဆီဗာဆေးဟာ ပုံမှန်ပေးနေကျဆေးတွေထက် သိသိသာသာပိုကောင်းတယ်ဆိုတာကို ပြသခဲ့ပါတယ်။

### သေဆုံးမှုပိုမိုလျော့နည်း

ပြီးတော့ ရမ်ဒီဆီဗာဆေးပေးခဲ့တဲ့ လူနာအုပ်စုမှာ သေဆုံးသူအရေအတွက်ဟာဆိုရင် လည်း ကိန်းဂဏန်းအားဖြင့် သိသိသာသာ ကွဲပြားခြားနားမှုမရှိပေမယ့် သေဆုံး မှု ပိုနည်းတာကို တွေ့ရပါတယ်။ စမ်းသပ်ကုသမှု ၂၈ ရက် မြောက်နေ့မှာ သေဆုံးမှုအခြေအနေနဲ့ ပတ်သက်ပြီး အသေးစိတ်လေ့လာမှုတွေကို ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်တယ်လို့ သိရပါတယ်။

### ထိန်းချုပ်နိုင်တဲ့ အကျိုးသက်ရောက်မှုတစ်ခုရှိ

သုတေသနပညာရှင်တွေက ရမ်ဒီဆီဗာဆေးဟာ လူနာတွေသေဆုံးမှုနဲ့ပတ်သက်ပြီး ထိန်းချုပ်နိုင်တဲ့ အကျိုးသက်ရောက်မှု တစ်ခုရှိတာမှန်ပေမယ့် ဒီဆေးတစ်မျိုးတည်းနဲ့ ကုသဖို့ လုံလောက်နိုင်ဖွယ်မရှိတဲ့အတွက် ဒီဆေး ကို တခြားဆေးနည်းတွေနဲ့ပေါင်းစပ်ပြီး ကုထုံးတစ်ခုအနေနဲ့ပေးနိုင်ဖို့ စမ်းသပ်ထုတ်ဖော်သင့်တယ်လို့ သုံးသပ်ထားပါတယ်။

ပြီးခဲ့တဲ့လနှောင်းပိုင်း ရမ်ဒီဆီဗာဆေးဟာ ကိုဗစ်–၁၉ လူနာတွေကို ကုသရာမှာ အထောက်အကူဖြစ်တယ်လို့ ဖက်ဒရယ်အစိုးရက ကြေညာခဲ့ပါတယ်။ အမေရိကန် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုအဖွဲ့ကတော့ ရမ်ဒီဆီဗာကို အရေးပေါ်အခြေအနေရှိတဲ့ လူနာတွေမှာ အသုံးပြုဖို့ ခွင့်ပြုချက်ပေးထားပါတယ်။

### တရားဝင်ထောက်ခံချက် မရသေးတဲ့ဆေး

သို့သော်လည်း ကိုဗစ် – ၁၉ ကုသရာမှာ မကြာသေးခင်က လေ့လာခဲ့တဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးရဲ့ သက်ရောက်မှုနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါမှာ ဟိုက်ဒရောက်စီကလိုရိုကွင်း ဆေးက လူနာတွေကို သေဆုံးမှုနှုန်းမြင့်စေတဲ့ ဆက်နွယ်မှုတစ်ခုကို ဖြစ်စေတဲ့အတွက် ဒီဆေးကို အောင်မြင်တဲ့ ကုထုံးတစ်ခုအဖြစ် အတိအကျ မမှတ်ယူသင့်ကြောင်း ထောက်ပြထားပါတယ်။

ဟိုက်ဒရောက်စီကလိုရိုကွင်းဟာ ဈေးနှုန်းချိုသာတဲ့ ငှက်ဖျားရောဂါ ကုသဆေးတစ်မျိုးဖြစ်ပြီး ဒီဆေးဟာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်လို ဗိုင်းရပ်စ်တွေပေါက်ဖွားမှုကို ဟန့်တားနိုင်တယ်လို့ လေ့လာစမ်းသပ်မှုအချို့က ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် တချို့လူနာတွေမှာ ဆေးရဲ့ ဘေးထွက် ဆိုးကျိုးပြင်းထန်တဲ့အတွက် တရားဝင် ထောက်ခံချက် မရရှိသေးပါဘူး။ ။

**ကိုးကား – ဆိုင်းရင့်စ်နယူး**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် နိုင်ငံများစာရင်းထပ်တိုး

**တိုကျို မေ ၂၅**

ကိုဗစ်–၁၉ ကပ်ရောဂါကို ထိန်းချုပ်ရန်အတွက် ပြည်ပနိုင်ငံသားများ ဂျပန်သို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားသည့် စာရင်းတွင် အိန္ဒိယနိုင်ငံအပါအဝင် နောက်ထပ်နိုင်ငံပေါင်း ၁၁ နိုင်ငံကို ထပ်မံထည့်သွင်းမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မေ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ပြည်ဝင်ခွင့်ပိတ်ပင်မှုသည် မေ ၂၇ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောသည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံကို ပြည်ဝင်ခွင့်ပိတ်ပင်သည့် စာရင်းတွင် ထပ်မံထည့်သွင်းလိုက်ပြီးနောက် တရုတ်၊ တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများအားလုံး အပါအဝင် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့် ပိတ်ပင်သည့်နိုင်ငံပေါင်း ၁၁၁ နိုင်ငံအထိ ရှိလာခဲ့သည်။

ပြည်ပမှရောက်လာသူများအား ကန့်သတ်စောင့်ကြည့်ခြင်းနှင့် ဗီဇာရပ်နားခြင်းအပါအဝင် ဂျပန်နိုင်ငံ၏ နယ်စပ်ထိန်းချုပ်ရေးစီမံဆောင်ရွက်မှုများကို လာမည့်လကုန်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်လှစ်ရန် တိုကျိုအာဏာပိုင်များ ကြိုးပမ်း

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံတွင် ဗဟိုအစိုးရက မက်ထရိုပိုလီတန်ဧရိယာအတွက် အရေးပေါ်အခြေအနေ ကြေညာထားမှုကို ဖယ်ရှားလိုက်ပြီးနောက် တိုကျိုအာဏာပိုင်များက စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေး ဆောင်ရွက်မှုဖြစ်စဉ်ကို အရှိန်မြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း သိရသည်။

တိုကျိုနှင့် အိမ်နီးချင်း ခရိုင်သုံးခုနှင့် မြောက်ပိုင်းဟော့ကိုင်းဒိုးစီရင်စုတို့၌ အရေးပေါ်အခြေအနေကြေညာထားမှုကို မေ၂၅ ရက်တွင် ရုပ်သိမ်းရေးလုပ်ဆောင်နေပြီဖြစ်သည်။ တိုကျိုအုပ်ချုပ်ရေးမှူး ကီယူရီကိုက ကပ်ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများက ဆက်လက်ကြိုးပမ်း အားထုတ်ကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုကျိုစီးပွားရေးကို မြှင့်တင်ရန်လိုအပ်နေပြီး ပထမအဆင့် တိုးတက်မှုရရှိအောင် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း တိုကျိုအုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ရောဂါကူးစက်မှုအရေအတွက် လျော့ကျလာခဲ့လျှင် စီးပွားရေးပြန်လည်ဖွင့်လှစ်မှု နောက်ထပ်ခြေလှမ်း အဆင့်တစ်ဆင့်ကို ယခုရက်သတ္တပတ်အကုန်လောက်တွင် ထပ်မံတက်လှမ်းနိုင်ဖွယ်ရှိကြောင်း ၎င်းကပြောသည်။ **အင်န်အိတ်ချ်ကေ**

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅–၅–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၄–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၆၀) ခုအား ထပ်မံစစ်ဆေးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၄–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ(၇၄၈) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၉၁၄) ခုအား စစ်ဆေးခဲ့ရာတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၂၅–၅–၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၂၀၁)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၅–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄–၅–၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၇၄၈) ခု |
| (၂၄–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၅–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၅–၅–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၈၁) ခု၊ ဆေးသုတေသန ဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၁) ခု၊ စုစုပေါင်း (၄၀၂)ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ (၂၅–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၀၃) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၅–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case–134) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၃) ဦးရှိပြီး ၎င်းတို့အနက် (၁၁၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၅–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၀၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၁၂၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၅–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၂၅–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၁) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**(၂၅–၅–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု**
**(၂၅–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 202 | ၃၉ နှစ် | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အီတလီ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 203 | ၄၁ နှစ် | မ | ပျဉ်းမနားမြို့နယ်၊ နေပြည်တော် | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဒဂုံမြို့နယ်) |

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေး အခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခွန်အားရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# ကိုဗစ်-၁၉ အလွန်ကာလနှင့် ခရီးသွားလုပ်ငန်း

စည်သူကျော်

**မကြာသေးမီ ရက်အတောအတွင်းက ဆရာကြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောသော အစီအစဉ်တစ်ခုကို Facebook စာမျက်နှာထက်တွင် ကြည့်ရှုနားထောင်လိုက်ရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာမှ ဖြစ်မည်ထင်သည်။ ထိုဟောပြောမှုအစီအစဉ်ကလည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံမှ အဖွဲ့အစည်းတစ်ခုတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလ လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို သုံးသပ်ဆွေးနွေးတင်ပြခြင်း ဖြစ်ပါသည်။ အဓိကအားဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍကို ဗဟိုပြုဆွေးနွေးခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များတက်ကြွစွာ ပါဝင်ဆွေးနွေးသည်ကို တွေ့ရှိရပါသည်။**

ဆွေးနွေးချက်တစ်ခုတွင် ဆရာကြီးက ကိုဗစ်-၁၉ အလွန်ကာလတွင် Mass Tourism ဟု ခေါ်သော လူဦးရေအမြောက်အမြား ခရီးသွားလာမှုပုံစံဖြစ်မလာနိုင်တော့ဟူသော သုံးသပ်ချက်တစ်ခုကို ပေးသွားသည်။ ပညာရှင်တစ်ယောက်ပီသစွာပင် ၎င်း၏သုံးသပ်ယူဆချက်သာ ဖြစ်ကြောင်း၊ မှားကောင်းမှားနိုင်ကြောင်း တင်ပြသွားသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ပြန့်ပွားလာသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် ကမ္ဘာ့တစ်လွှား လူသန်းပေါင်းများစွာ ကူးစက်ခံရပြီး လူဦးရေသိန်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါ ကူးစက်ရောဂါကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုများ ကန့်သတ်ပိတ်ပင်ခဲ့ရပြီး ခရီးသွားလုပ်ငန်းသည် အဆိုးရွားဆုံးထိခိုက်သည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်လာသည်။ လေကြောင်းလိုင်းများရပ်ဆိုင်းပြီး ဟိုတယ်များကို ကူးစက်ရောဂါစောင့်ကြည့်ထိန်းချုပ်ရေးနေရာများအဖြစ် ပြောင်းလဲအသုံးပြုခဲ့ရသည်။ ကမ္ဘာပေါ်တွင် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေသော လုပ်ငန်းကဏ္ဍကြီးသည် မမျှော်လင့်သော ကပ်ရောဂါဘေးကြောင့် ရပ်တန့်သွားခဲ့ရသည်။

နိုင်ငံအသီးသီးသည် ကပ်ဘေးအန္တရာယ်ကျော်လွန်သွားပါက ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးကို မည်သို့မည်ပုံဆောင်ရွက်မည်ကို မျှော်မှန်းကာ စီမံကိန်းများ၊ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြသည်။ အချို့ကား ခရီးသွားလုပ်ငန်းသည် ကပ်ရောဂါပြီးဆုံး၍ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိချိန်တွင် အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးလာမည်ဟု ခန့်မှန်းကြသည်။ နိုင်ငံတကာမှ ခရီးသွားများ မဝင်ရောက်လာသေးစေကာမူ ပြည်တွင်းခရီးသွားလုပ်ငန်းသည် ပုံမှန်နီးပါး ဖွံ့ဖြိုးလာနိုင်ကြောင်း ခန့်မှန်းကြသည်။ အပန်းဖြေခရီးမဟုတ်သော်လည်း နေရပ်ပြန်သူ၊ ဆေးကုသွားသူစသည်ဖြင့် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်ပညာရေးကိစ္စတို့ကြောင့် ခရီးသွားကြမည်မှာ ဧကန်မုချပင်။

သို့သော် အချိန်ကာလအတန်ကြာသည်အထိ ယခင်က ကဲ့သို့ အလုံးအရင်းဖြင့် ခရီးသွားလာကြတော့မည် မဟုတ်ချေ။ ပုံမှန်အနေအထားအသစ်တစ်ခု (ယနေ့ခေတ်တွင် New Normal ဟုခေါ်ဆိုကြသည်) ဖြင့် အသားကျအောင်လုပ်ဆောင်ကြရပေတော့မည်။ Mass Tourism မဖြစ်လာနိုင်သည့်အခြေအနေတစ်ခုကို လေ့လာကြည့်ကြပါစို့။ ကိုဗစ်-၁၉ မဖြစ်ခင် မြန်မာနိုင်ငံသည် တရုတ်ခရီးသွားဧည့်သည် ဝင်ရောက်မှုကို အလေးထားခဲ့ရသည်။ ကမ္ဘာပေါ်တွင်လည်း တရုတ်လူမျိုးတို့သည် များပြားသော အရေအတွက်ပမာဏဖြင့် ခရီးသွားလာကြသည်။ Travel China Guide ၏ အဆိုအရ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ပေါ်တွင် တရုတ်ခရီးသွားဧည့်သည် ၁၆၆ သန်းရှိခဲ့သည်။ တရုတ်လူမျိုးတို့သည် ခရီးသွားလာရာတွင် ၎င်းတို့အချင်းချင်းစကားပြောရသည်ကို နှစ်ခြိုက်သည်၊ အုပ်စုလိုက် ခရီးသွားလာရသည်ကို နှစ်သက်ကြသည်။

ယခု ကိုဗစ်-၁၉ ကူးစက်မှု ကာလအတွင်း လူစုလူဝေးပြုလုပ်ခြင်း၊ သွားလာခြင်းကို ကန့်သတ်ထားရာ အလွန်ကာလတွင်လည်း အစုအဖွဲ့ဖြင့် ခရီးသွားလာခြင်းပုံစံမှသည် အနည်းစု(သို့မဟုတ်)နှစ်ဦးတွဲပုံစံ ခရီးသွားလာခြင်းမျိုးသာ ဖြစ်လာနိုင်သည်ဟု သုံးသပ်ရသည်။ ထို့အပြင် အနောက်တိုင်းမှ မိသားစုခရီးသွားပုံစံများ၊ ပင်စင်စား သက်ကြီးရွယ်အိုများ စုပေါင်း၍ ခရီးသွားလာခြင်းများသည် အချိန်အတန်ကြာ ပျောက်ကွယ်နေမည် ဖြစ်သည်။ ထို့အပြင် အပျော်စီးသင်္ဘော ခရီးစဉ်များ၊ မော်တော်ယာဉ်၊ မော်တော်ကားတို့ဖြင့် စုပေါင်းခရီးသွားလာမှုများ စသည့် စုပေါင်းခရီးသွားလာမှုပုံစံများသည် လတ်တလော ပျောက်ကွယ်နေဦးမည်ဟု ခန့်မှန်းရသည်။ အလားတူပင် ခရီးသွားကုမ္ပဏီများသည်လည်း အုပ်စုလိုက်ခရီးသွားများ လက်ခံမှုပုံစံမှသည် ကူးစက်ရောဂါဘေးကို ကြိုတင်ကာကွယ်နိုင်သော လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် လူဦးရေကိုသာ ခရီးစဉ်ရောင်းချဆောင်ရွက်ပေတော့မည်ဟု ခန့်မှန်းရသည်ဖြစ်ရာ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်ဆိုသကဲ့သို့ Mass Tourism သည် အစဉ်အမြဲမဟုတ်စေကာမူ အချိန်ကာလအတန်ကြာ မှေးမှိန်ပျောက်ကွယ်နေပေမည်။

ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပုံမှန်ဈေးကွက်ရှာဖွေမှုပုံစံမှ New Normal ပုံစံဈေးကွက်သို့ ပြောင်းလဲလျှောက်လှမ်းရပေမည်။ ယခုအခါ ရောဂါကူးစက်မှုနှုန်းကျဆင်း၍ ဖြေလျှော့မှုများ ပြုလုပ်လာသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှုသည် မည်ရွေ့မည်မျှကြာမြင့်မည်ကို အတိအကျ ခန့်မှန်းရန် ခက်ခဲသည်ဖြစ်ရာ ဖြစ်နိုင်ခြေရှိသည်များကို စမ်းသပ်လုပ်ဆောင်ခြင်းဖြင့် နည်းလမ်းအသစ်များ ရှာဖွေဖော်ဆောင်ရမည်ဖြစ်ပါသည်။ လက်ရှိတွင် အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ အသိပညာပေး အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများကို Online အသုံးပြု၍ ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရပါသည်။ သို့သော် သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ လှည့်လည်ပြသရေး စသည့် Person to Person Contact ဖြစ်စေသည့် ခရီးသွားလုပ်ငန်းတွင် မည်သို့လုပ်ကိုင်သင့်သည်ကို အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူတို့ ပူးပေါင်းကြံဆသင့်လှသည်။

အနောက်နိုင်ငံအချို့တွင် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီးနောက် ဆိုင်များတွင် စားသုံးသူအချင်းချင်းသော် လည်းကောင်း၊ စားသုံးသူနှင့် ဝန်ဆောင်မှုပေးသူအကြားတွင် လည်းကောင်း ထိတွေ့မှုအနည်းဆုံးဖြစ်စေသည့် ဝန်ဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရရာ ကိုဗစ်-၁၉ အလွန် ဝန်ဆောင်မှုပုံစံ Service Etiquette အသစ်တစ်မျိုးပင် မကြာမီ ပေါ်ထွက်လာနိုင်သည်ဟု ယူဆရပေသည်။ ငွေပေးချေရာတွင်လည်း ငွေသားဖြင့်ပေးချေခြင်းအစား မိုဘိုင်းဖုန်း၊ အကြွေးဝယ်ကတ်တို့ဖြင့်သာ ပေးချေစေသည်။ Smart Tourism ဟုခေါ်သော ခရီးသွားလုပ်ငန်း ကိုဗစ်-၁၉ ကြောင့် ခေတ်စားလာခြင်းပင်။ စားသုံးသူဦးရေကိုလည်း အကန့်အသတ်ဖြင့်သာ လက်ခံသည်။ New Normal အနေအထားတွင် ဆန်းသစ်သောတီထွင်ကြံဆမှုများဖြင့် ဆောင်ရွက်ပါက ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီစေသည့်အပြင် ဧည့်သည်ကို ပိုမိုဆွဲဆောင်နိုင်မည် ဖြစ်သည်။

အခြားတစ်ဖက်တွင် ခရီးသွားများသည် လူထူထပ်သော နေရာများကို ရှောင်ရှား၍ လွတ်လပ်စွာ အကန့်အသတ်မဲ့ သွားလာလိုသည်ဖြစ်ရာ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းသည် ရေပန်းစားလာမည့် ခရီးသွားလုပ်ငန်းအမျိုးအစားများထဲတွင် တစ်ခုအပါအဝင်ဖြစ်လာသည်။ မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝအလှအပနှင့် သားငှက်တိရစ္ဆာန်တို့ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် လုံလောက်သည့် သဘာဝအရင်းအမြစ်များ ရှိပြီးဖြစ်ပါသည်။

> **“ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပုံမှန်ဈေးကွက်ရှာဖွေမှုပုံစံမှ New Normal ပုံစံဈေးကွက်သို့ ပြောင်းလဲလျှောက်လှမ်းရပေမည်။ ယခုအခါ ရောဂါကူးစက်မှုနှုန်းကျဆင်း၍ ဖြေလျှော့မှုများ ပြုလုပ်လာသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှုသည် မည်ရွေ့မည်မျှကြာမြင့်မည်ကို အတိအကျခန့်မှန်းရန် ခက်ခဲသည်ဖြစ်ရာ ဖြစ်နိုင်ခြေရှိသည်များကို စမ်းသပ်လုပ်ဆောင်ခြင်းဖြင့် နည်းလမ်းအသစ်များ ရှာဖွေဖော်ဆောင်ရမည်ဖြစ်”**

ထို့အပြင် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများပြန်လည်ဖွံ့ဖြိုးလာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာတို့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေချင်သည်-

**(က) ပုံမှန်လုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်စေခြင်း**

ဗိုင်းရပ်စ်အလွန်ကာလတွင် ယခင်က ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကို ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်ပေးရန်။ ဥပမာ- ရပ်ဆိုင်းထားသော လေကြောင်းလိုင်းများ မူလအတိုင်းပြန်လည်ပြေးဆွဲပေးခြင်း၊ ယာယီရပ်ဆိုင်းထားသော ဆိုက်ရောက်ဗီဇာများ ပြန်လည်ခွင့်ပြုပေးခြင်း၊ စမ်းသပ်ကာလ ကျော်လွန်သွားသော်လည်း ထပ်မံသက်တမ်းတိုးမြှင့်ပေးခြင်း။

**(ခ) နိုင်ငံတော်၏ ပြန်လည်ဖွံ့ဖြိုးရေးမူဝါဒနှင့် လုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကို ပါဝင်စေခြင်း**

အခြားသော ဘေးအန္တရာယ် ကျရောက်မှုများကဲ့သို့ပင် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုများ ပြီးဆုံးသွားချိန်တွင် နိုင်ငံ(သို့မဟုတ်)ဒေသတစ်ခုကို ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌ အခြားပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကဲ့သို့ပင် ခရီးသွားလုပ်ငန်းကို ပြန်လည်ထူထောင်ရေးအစီအမံများတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း။

**(ဂ) ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း**

ဗိုင်းရပ်စ်ကြောင့် အစည်းအဝေးများ၊ ကွန်ဖရင့်များ ကျင်းပခြင်း၊ ပုံမှန်ဆက်သွယ် ဆောင်ရွက်ခြင်းများကို ရပ်ဆိုင်းလိုက်ရသည်ဖြစ်ရာ ဆောလျင်စွာ ပြန်လည်ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ကုစားရပါမည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ဒေသဆိုင်ရာ မူဝါဒများချမှတ်ခြင်းတို့ကို နိုင်ငံများအကြား တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**(ဃ) ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း**

ယခုလတ်တလောတွင် ခရီးသွားပြပွဲများပြသခြင်းကို ရွှေ့ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းများရှိပြီး နောက်ပိုင်းတွင် ခရီးသွားပြပွဲများ ပြန်လည်ပြုလုပ်လာပါက မဖြစ်မနေ ပါဝင်ပြသရန်ဖြစ်ပြီး မီဒီယာများကိုဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အခြေအနေကို ရှင်းလင်းပြောကြားကာ ကမ္ဘာ့လှည့်ခရီးသွားများ ပြန်လည်ဝင်ရောက်လာစေရန် ဖိတ်ခေါ်သွားရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကူးစက်ရောဂါဖြစ်ပွားမှုကာလအတွင်း မြန်မာနိုင်ငံသည် ရောဂါပြန့်ပွားမှုကာကွယ်နှိမ်နင်းရေးနှင့် ခရီးသွားလုပ်ငန်းအပေါ် မည်သို့အလေးဂရုပြုအရေးယူ ဆောင်ရွက်မှုပြုခဲ့သည်များကို ထည့်သွင်းရှင်းလင်းတင်ပြခြင်းများကို ပြုလုပ်သင့်ပါသည်။

**(င) ဈေးကွက်ရှာဖွေရေး၊ ခရီးသွားမြှင့်တင်ရေးများ ပြန်လည်လုပ်ဆောင်ခြင်း**

ခရီးသွားပြတ်လပ်မှုကာလ ဖြစ်ပေါ်ပြီးနောက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်တစ်ခုမှာ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်ခြင်း၊ ဈေးကွက်အသစ်ရှာဖွေဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားမြှင့်တင်ခြင်းများဖြစ်သည်။ ယင်းတွင်ရှိပြီး ဈေးကွက်မဟာဗျူဟာကို ပြန်လည်ဖော်ဆောင်ခြင်းနှင့် ဗျူဟာပြောင်းလဲခြင်း (၂)ပိုင်းရှိမည် ဖြစ်ပါသည်။

**(စ) အရေးပေါ်တုံ့ပြန်မှု ကွန်ရက်တစ်ခုတည်ဆောက်ခြင်း**

ယင်းသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အကြံပြုလမ်းညွှန်ချက်ဖြစ်ပြီး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးပြန်လည်ဖော်ဆောင်ရာတွင် အရေးပေါ်တုံ့ပြန်မှုကွန်ရက်တစ်ခုကို ထည့်သွင်းလုပ်ဆောင်ရန်ဖြစ်သည်။ ၎င်းကွန်ရက်သည် ခရီးစဉ်ဒေသ (သို့မဟုတ်) ပါဝင်သည့် အစိုးရ၊ ပုဂ္ဂလိက၊ လူမှုအဖွဲ့အစည်း၏ အတိုင်းအတာအပေါ် မူတည်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

**(ဆ) အရေးပေါ်ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိခြင်း**

ခရီးသွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရေးပေါ်ကယ်ဆယ်ထူထောင်ရေး လုပ်ငန်းအတွက် အရေးပေါ်ရန်ပုံငွေတစ်ရပ်ကို လှူဒါန်းငွေများ(သို့မဟုတ်) အစိုးရထောက်ပံ့ငွေများဖြင့် ထားရှိခြင်း၊ ယင်းသည် ခရီးစဉ်ဒေသနှင့် ခရီးသွားများအတွက် ကျရောက်သည့် ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ၊ ခရီးစဉ်ဒေသပုံရိပ်ကို ပြန်လည်မြှင့်တင်ရေးလုပ်ငန်းများတွင် သုံးစွဲသည်။

**(ဇ) ခရီးစဉ်ကန့်သတ်ချက်များဖြေလျှော့ပေးခြင်း**

ခရီးသွားများပြန်လည်ဝင်ရောက်လာရာတွင် ၎င်းတို့သွားလာလည်ပတ်မှု ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် ခရီးစဉ်ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်း၊ ခရီးစဉ်ဒေသသို့ တိုက်ရိုက်အချိန်တိုအတွင်း သွားရောက်လည်ပတ်နိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တိတိကျကျရရှိစေရန်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

**(ဈ) ယုံကြည်စိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရှိကြောင်း ပြသခြင်း**

ခရီးသွားများ ယုံကြည်စိတ်ချစွာသွားလာလည်ပတ်နိုင်စေရန်နှင့် အမှန်တကယ် ဘေးကင်းလုံခြုံမှုရှိစေရန် လက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် အထောက်အကူပြုပစ္စည်းများကို ထားရှိပေးခြင်း။ ယင်းသည် နိုင်ငံနှင့် ခရီးစဉ်ဒေသပုံရိပ်ကို မြှင့်တက်စေပြီး ခရီးသွားများ၏ အားပေးထောက်ခံမှုကို ရရှိစေမည်ဖြစ်သည်။

သို့ရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာ၌ တာဝန်သိခရီးသွားလုပ်ငန်းဖြစ်ရေးသည် အရေးကြီးကြောင်း သတိချပ်စေချင်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအလွန် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းသည် ရှေ့ဆုံးကပါဝင်သည့် လုပ်ငန်းကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီးမှ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များတွင် “လူသာလျှင် ပဓာန” ဟူသော အဓိကမျှော်မှန်းချက်ကို ချထားပေးပြီး ဖြစ်သည်။

ခရီးသွားများသည် ၎င်းတို့၏ လိုအင်ဆန္ဒပြည့်ဝရေးအတွက်သာမက ၎င်းတို့ သွားရောက်လည်ပတ်သည့် ခရီးစဉ်ဒေသရှိ ဒေသခံများ၏အကျိုးစီးပွား မထိခိုက်စေရေးအတွက်ကိုလည်း တာဝန်ရှိပါသည်။ ဒေသခံများအနေဖြင့်လည်း ခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်၍ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာသည်တွင် နွေးထွေးစွာဖြင့် ပြန်လည်ကြိုဆိုလက်ခံရန် လိုအပ်လှပေသည်။ ဒေသခံနှင့်ဧည့်သည်၊ အစိုးရနှင့် ပုဂ္ဂလိကတို့ နှစ်ဦးနှစ်ဖက် တာဝန်သိခရီးသွားလုပ်ငန်းပုံသဏ္ဌာန်ပေါ်အောင် ဆောင်ရွက်နိုင်မှသာ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုး တိုးတက်လာပြီး ရေရှည်တည်တံ့မှုကို ဦးတည်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မေ ၂၅ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်တိုးလာသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၃ ဦး ရှိသွားပြီ

နေပြည်တော် မေ ၂၅

မေ ၂၅ ရက်တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၂ ဦး တွေ့ရှိပြီး ၎င်းတို့မှာ အီတလီနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လာသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၃ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးရှိသူ ၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှဖြစ်ပြီး လှိုင်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့တွင် အသွားအလာကန့်သတ်ထားရှိသူများဖြစ်ကြောင်း သိရသည်။

ပိုးတွေ့လူနာ ၂၀၃ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၂၃ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၁၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၉၅၅၂ | ၂၀၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၄၆၉၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၁၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၆ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | နေပြည်တော် | ၃ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅–၅–၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၅-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၆၉၁၂၀၆ | ၄၅၁၇၄၉ | ၉၉၃၉၆ |
| ၂။ | ဘရာဇီး | ၃၆၅၂၁၃ | ၁၄၉၉၁၁ | ၂၂၇၄၆ |
| ၃။ | ရုရှား | ၃၅၃၄၂၇ | ၁၁၈၇၉၈ | ၃၆၃၃ |
| ၄။ | စပိန် | ၂၈၂၈၅၂ | ၁၉၆၉၅၈ | ၂၈၇၅၂ |
| ၅။ | ဗြိတိန် | ၂၅၉၅၅၉ | စီစစ်ဆဲ | ၃၆၇၉၃ |
| ၆။ | အီတလီ | ၂၂၉၈၅၈ | ၁၄၀၄၇၉ | ၃၂၇၈၅ |
| ၇။ | ပြင်သစ် | ၁၈၂၅၈၄ | ၆၄၆၁၇ | ၂၈၃၆၇ |
| ၈။ | ဂျာမနီ | ၁၈၀၅၀၅ | ၁၆၁၂၀၀ | ၈၃၈၂ |
| ၉။ | တူရကီ | ၁၅၆၈၂၇ | ၁၁၈၆၉၄ | ၄၃၄၀ |
| ၁၀။ | အိန္ဒိယ | ၁၄၄၀၆၉ | ၅၈၇၂၇ | ၄၁၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ – ၅ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၉၆၀ | ၁၄၈၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၂၇၅၀ | ၅၆၄၂ | ၁၃၉၁ |
| ဖိလစ်ပိုင် | ၁၄၃၁၉ | ၃၃၂၃ | ၈၇၃ |
| မလေးရှား | ၇၄၁၇ | ၅၉၇၉ | ၁၁၅ |
| ထိုင်း | ၃၀၄၂ | ၂၉၂၈ | ၅၇ |
| ဗီယက်နမ် | ၃၂၆ | ၂၇၂ | ၀ |
| မြန်မာ | ၂၀၃ | ၁၂၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၇ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဝမ်းတွင်းမြို့၌ ယာဉ် ဝင် / ထွက် စစ်ဆေး

နေပြည်တော် မေ ၂၅

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ဝမ်းတွင်းမြို့သို့ ဝင်/ထွက်သွားလာလျက်ရှိသော မော်တော်ယာဉ်များကို ယနေ့နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝမ်းတွင်မြို့ အမှတ် (၁) ရပ်ကွက် သိမ်တောင်ပေါက်မြို့အဝင်၌ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူး တင်ဝင်း ဦးစီးသော ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လဝကအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များက ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် မြို့တွင်းသို့ ဝင်/ထွက် သွားလာလျက်ရှိသော မော်တော်ယာဉ်များအား ထုတ်ပြန်ထားသော စည်းကမ်းများလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# နေရပ်ပြန် ထိုင်းနိုင်ငံသား သုံးဦးကို ပြန်လည်လွှဲပြောင်း ပို့ဆောင်ပေး

တာချီလိတ် မေ ၂၅

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ တရားဝင်လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသား အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦးတို့ကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား(၂)မှ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နေရပ်ပြန်ထိုင်းနိုင်ငံသားများသည် မြန်မာနိုင်ငံသို့ တရားဝင် လာရောက်အလုပ်လုပ်ကိုင်သူများဖြစ်ပြီး ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် အလုပ်ရုံများပိတ်သဖြင့် နေရပ်သို့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

နေရပ်ပြန် ထိုင်းနိုင်ငံသားသုံးဦးကို တာချီလိတ်မြို့ လဝကဌာနခွဲ (၆)မှ လက်/ညွှန် ဦးမောင်မောင်မြင့် ဦးဆောင်သည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် CNCMC အဖွဲ့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှ ချစ်ကြည်ရေးတံတား (၂) တာဝန်ခံရဲမှူး Pathapon Onnoul နှင့် လဝကအရာရှိ Songsok Pakiang ဦးစီးအဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

# ဘီးလင်းမြို့၌ မိုးရာသီကာလ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရန် ကိုဗစ်–၁၉ ကာလအတွင်း ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ဖြန့်ဝေ

ဘီးလင်း မေ ၂၅



မွန်ပြည်နယ် ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘုရင့်နောင်ရပ်ကွက်သစ်တွင် ကိုဗစ် –၁၉ ကာလအတွင်း မိမိအိမ်ခြံဝင်း၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် လူဦးရေထူထပ်သည့် ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရေးအတွက် မေ ၂၃ ရက်က ဘုရင့်နောင်ရပ်ကွက်သို့ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၆၄ စုအား အိမ်တိုင်ရာရောက် သွားရောက်၍ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် စိုက်ပျိုးနည်းပညာပေး စာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဘုန်းသက်ထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က ဘုရင့်နောင်ရပ်ကွက်တွင် နေထိုင်သူများအား ရုံးပတီ၊ ဟင်းနုနယ်၊ ပဲတိုင်ထောင်၊ မုန်လာ၊ ကန်စွန်း၊ သခွား၊ ခရမ်း၊ ချဉ်ပေါင် စသည့် ဟင်းသီးဟင်းရွက်မျိုးစေ့များအပြင် နည်းပညာပေး စာစောင်များကိုပါ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အေးမျိုးမျိုးစံ(ပြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော်   မေ   ၂၅

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၀ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ မြို့နယ် ၄၀ ရှိ နေရာ ၈၈ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၂ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၄ ကီလိုဂရမ်၊ ရေဂါလန် ၃၉၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



မေ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။




မေ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့သစ်ရပ်ကွက် Facility Quarantine Center ထားရှိရာ အရှေ့ကျောင်းကြီး ဘုန်းကြီးကျောင်းဝင်းအတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၀ ရက်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စာရင်းစစ်ရုံးတွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

# မာန်အောင်မြို့နယ် ပြင်ကောက်ကျေးရွာပင်လယ်ကမ်းခြေရှိ သန္တာကျောက်တန်းအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိ

မာန်အောင် မေ ၂၅

မာန်အောင်မြို့နယ် မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ပြင်ကောက် ကျေးရွာပင်လယ်ကမ်းခြေတွင် ရောင်စုံသဘာဝအလှ သန္တာကျောက်တန်းသည် ယခင်ကတည်းကပင် တည်ရှိနေခြင်းဖြစ်ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့မှုကြောင့်



လူသိများလာခဲ့သည်။ ယခုအခါ လာရောက်လည်ပတ်ကြည့်ရှုသူ များပြားလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အဆိုပါ သန္တာကျောက်တန်းသည် ဒီရေကျချိန်၌ ရောင်စုံကျောက်ပွင့်၊ ကျောက်ခက်၊ ကျောက်ပန်းများဖြင့် သုံးကေကျော် ကျယ်ပြန့်စွာ မြင်တွေ့ရသည်။

ရေအောက်တွင်ရောင်စုံခရု၊ကဏန်း၊ငါးကလေးများနှင့် လှပစွာရှိနေခြင်းကြောင့် လာရောက်လည် ပတ်သူများက ကျောက်ပန်းကျောက်ပွင့်များအပေါ် မဆင်မခြင်တက်ရောက် ဓာတ်ပုံရိုက်ယူခြင်း၊ ကျောက်ပန်းခက်များကို ချိုးဖွဲ့ယူခြင်း၊ ကမ်းခြေတစ်လျှောက် အမှိုက်များစွန့်ပစ်လာခြင်းတို့ကြောင့်ရောင်စုံသဘာဝအလှ သန္တာကျောက်တန်း ပျက်စီးမည်ကို ဒေသခံပြည်သူများက အလွန်စိုးရိမ်နေကြပြီး သက်ဆိုင်ရာက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၅ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၈၀/၅၂၀ | ကျပ် | ၅၂၀/၅၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၃၀/၅၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၀၀/၄၆၀ | ကျပ် | ၄၇၀/၄၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၃၀/၅၅၅ | ကျပ် | ၆၀၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၈ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၉၁ |

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၂၄၂၂ | ၂၆၄၂၈၅၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၉၃၆၅ | ၃၅၄၆၄၂၅၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၄၀၀၀ | ၂၄၀၀၀ | ၁၇၀၃ | ၄၀၈၇၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၅၁၀ | ၄၂၂၈၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အာဆီယံ သတင်းမီဒီယာကောင်စီ ပူးတွဲကြေညာချက် ထုတ်ပြန်

## ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို ထိန်းချုပ်ဟန့်တားနေကြသည့် အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ အရှေ့တီမောအစိုးရများ၏ ကြိုးပမ်းမှုများကို ချီးကျူးလိုက်ခြင်း

အုန်းကြိုင်(ဟံသာဝတီ)

**ကမ္ဘာ့ကပ်ရောဂါဆိုးကို မိမိတို့ပိုင်နက် နယ်နိမိတ်အတွင်း ထိန်းချုပ်ဟန့်တားနိုင်ရန် ကြိုးပမ်းအားထုတ်နေကြသော အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ အရှေ့တီမောနိုင်ငံများမှ အစိုးရများ၏ ကြိုးပမ်းအားထုတ်မှုများကို အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ (ကွန်ရက်) (SEAPC-Net) က အသိအမှတ်ပြု ချီးကျူးထားသည်။**

**အဝေးရောက်အစည်းအဝေး**

ကမ္ဘာနှင့်အဝန်း အထူးသဖြင့် အာဆီယံဒေသအတွင်း ကိုရိုနာဗိုင်းရပ်စ် (COVID -19) ကပ်ရောဂါ ကူးစက်ပျံ့နှံ့လာမှုနှင့် ပတ်သက်၍ အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ (ကွန်ရက်) (SEAPC-Net) ၏ အဝေးရောက်အွန်လိုင်းအစည်းအဝေး (Online Zoom Meeting) တစ်ရပ်ကို မေလ ၆ ရက်နေ့က ကျင်းပခဲ့ကြပြီးနောက် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာလိုက်ပါသည်။

**အာဆီယံသတင်းမီဒီယာအမြင်များ**

အစည်းအဝေးသဘာပတိ အာဆီယံသတင်းမီဒီယာကောင်စီ (ကွန်ရက်) ဥက္ကဋ္ဌ မစ္စတာမိုဟာမက်နူး (အင်ဒိုနီးရှားကောင်စီဥက္ကဋ္ဌ)က ယခုကျင်းပသော အွန်လိုင်းအစည်းအဝေးသည် ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉) ကပ်ရောဂါဆိုးကြီးနှင့် တွေ့ကြုံရင်ဆိုင်နေကြရစဉ် သတင်းမီဒီယာများအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း၊ အတွေ့အကြုံများ ဝေမျှနိုင်မည့် ဖိုရမ်တစ်ရပ် အနေဖြင့် အရေးပါကြောင်း ပြောဆိုသွားသည်။

ထို့နောက် အာဆီယံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌဦးအုန်းကြိုင်(ဟံသာဝတီ- ဦးအုန်းကြိုင်)က ယနေ့ကမ္ဘာတွင်ဖြစ်ပွားနေသည့် အလွန်ဆိုးရွားပြင်းထန်သော ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို မိမိတို့ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပေါင်းစည်းကြလျက်၊ ခုခံဟန့်တားတိုက်ဖျက်နိုင်ရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ (အာဆီယံကောင်စီ ဒါရိုက်တာအဖွဲ့ဝင်) မစ္စတာ ချာဗာရွန်လင်မ်ပတ်တာမပန်နီး က ဒေသတွင်းရှိ သတင်းမီဒီယာအများအပြားတို့၏ ဆောင်ရွက်မှုများကြောင့် အာရှနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါအခြေအနေ မကြာမီ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အလားတူ အရှေ့တီမောနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ (အာဆီယံကောင်စီဒါရိုက်တာအဖွဲ့ဝင်) မစ္စတာ ဗာဂျီလီယိုးဒါးဆေးလ်မားဂူတာရက်စ်က ကိုဗစ်- ၁၉ ကမ္ဘာ့ကပ်ရောဂါဒဏ်ခံရသူများနှင့် မိမိတို့တစ်သားတည်းရှိကြပါကြောင်းနှင့် ယင်းကမ္ဘာ့ကပ်ရောဂါပြဿနာများနှင့် ပတ်သက်၍ ပျံ့နှံ့နေသော လုပ်ကြံသတင်းများကို တိုက်ဖျက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**အာဆီယံမီဒီယာကောင်စီ ပူးတွဲကြေညာချက်**

ထို့နောက် ၎င်းအဝေးရောက် အွန်လိုင်းအစည်းအဝေးမှ ဆွေးနွေးချက်များအရ အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ (ကွန်ရက်) (SEAPC-Net)၏ သဘောထားအမြင်ဖြစ်သော ပူးတွဲကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**လူမှုရေးနှင့် စီးပွားရေးသက်ရောက်မှုများ**

(၁) ကမ္ဘာ့ကပ်ရောဂါကို မိမိတို့ပိုင်နက်နယ်နိမိတ်အတွင်း ထိန်းချုပ်ဟန့်တားနိုင်ရန် ကြိုးပမ်းအားထုတ်နေကြသော အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်းနှင့် အရှေ့တီမောနိုင်ငံများမှ အစိုးရများ၏ ကြိုးပမ်းအားထုတ်မှုများကို အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်) (SEAPC-Net)က အသိအမှတ်ပြု ချီးကျူးအပ်ပါသည်။ ကိုဗစ်- ၁၉ ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများ၊ အထူးသဖြင့် လူမှုရေးနှင့် စီးပွားရေးနယ်ပယ်အတွင်း သက်ရောက်မှုများကို လျှော့ချရန်တတ်နိုင်သမျှ အစွမ်းကုန်ဆက်လက် လုပ်ဆောင်သွားကြမည်ဟု မိမိတို့ယုံကြည်ကြပါသည်။

**ရှေ့တန်းမှ ကျန်းမာရေးဝန်ထမ်းများ**

(၂) ကိုဗစ် - ၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် မြင့်မြတ်သော လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ၏ စိတ်ဓာတ်ကို အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်) (SEAPC-Net) က အထူးချီးကျူး ဂုဏ်ပြုပါသည်။

**သတင်းမီဒီယာ နယ်ပယ်အားလုံး**

(၃) ကိုဗစ် - ၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ နောက်ဆုံးရ အခြေအနေများကို စဉ်ဆက်မပြတ် ဆက်လက်ရေးသား တင်ပြပေးနေကြပါသော သတင်းမီဒီယာနယ်ပယ်သူ နယ်ပယ်သားအားလုံးတို့ကို အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်)က ကျေးဇူးအထူးတင်ရှိပါသည်။ ၎င်းတို့က ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန် အသိပညာပေးမှုများ ဆင့်ကဲလုပ်ဆောင်ကြခြင်းဖြင့် အများပြည်သူ လိုအပ်သော သတင်းအချက်အလက်များပေးပြီး လုပ်ကြံသတင်းနှင့် ကောလာဟလ သတင်းတုများကို တုံ့ပြန်လျက်ရှိကြသည်။

**ရှေ့တန်းရောက် သတင်းသမားများအတွက်**

(၄) သတင်းရေးသားတင်ပြမှုအားလုံးသည် သတင်းမီဒီယာ ကျင့်ဝတ်တွင်ပါရှိသော အခြေခံစည်းကမ်းချက်များနှင့်အညီ လိုက်နာလုပ်ဆောင်ကြရန်နှင့် ကိုဗစ် - ၁၉ ကပ်ရောဂါအကြောင်း သတင်းရေးသားတင်ပြသည့် သတင်းမီဒီယာသမားများအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတင်းမီဒီယာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် အရှေ့တောင်အာရှသတင်းမီဒီယာကောင်စီ (ကွန်ရက်)က တိုက်တွန်းအပ်ပါသည်။

**စည်းလုံးညီညွတ်ခိုင်မာ အားကောင်းသောမိတ်ဖက်များ**

(၅) အချို့သောဒေသများအတွင်း စတင်ကျင့်သုံးလာသည့် တစ်စိတ်တစ်ပိုင်းပိတ်ဆို့မှု (Partial Lockdown) ကြောင့် နေ့စဉ် အသက်မွေးဝမ်းကျောင်းမှု မလုပ်နိုင်သူများကို အထူးအလေးထားခြင်းဖြင့် လူမှုရေးအရ စည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းစေရန်အတွက် ပိုမိုများပြားသော မိတ်ဖက်များကို အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်) (SEAPC-Net) က ဖိတ်ခေါ်အပ်ပါသည်။ ဤကဲ့သို့သော ကိစ္စရပ်များကို ပိုမိုမြန်ဆန်စွာ ဖြေရှင်းနိုင်ရန်အတွက် ပရဟိတစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်တို့သည် အဓိကသော့ချက်ဖြစ်သည်ဟု မိမိတို့ယုံကြည်ကြပါသည်။ ကိုဗစ် - ၁၉ ရောဂါကူးစက်မှုများကို တားဆီးဟန့်တားကာကွယ်ရာတွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် စည်းလုံးပူးပေါင်း ဖော်ဆောင်နိုင်စွမ်းရှိအပ်ပေသည်။ သို့မဟုတ်ပါက ယင်းကပ်ရောဂါဆိုးအခြေအနေသည် ယခုထက် ပိုမိုဆိုးရွားသွားနိုင်သည်ဟု မိမိတို့ယုံကြည်ကြပါသည်။

**စာနယ်ဇင်းများအားလုံး အားကောင်းမောင်းသန်နေကြရန်**

(၆) ပြည်သူတစ်ရပ်လုံး အမြန်ပြန်လည် နာလန်ထူနိုင်ရေးအရှိန်မြှင့်တင်နိုင်ရန် အများပြည်သူတို့ကို သတင်းပြန်ကြားပေးကြသည့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍကြောင့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် ကာလ၌ ဒေသအတွင်းရှိ စာနယ်ဇင်းများ အားကောင်းမောင်းသန်နေကြရန် အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်) (SEAPC-Net) က အလေးအနက် တိုက်တွန်းအပ်ပါသည်။

**အာဆီယံသတင်းမီဒီယာကောင်စီ**

အရှေ့တောင်အာရှ သတင်းမီဒီယာကောင်စီ(ကွန်ရက်)တွင် ပါဝင်ထမ်းဆောင်လျက်ရှိကြသော အာဆီယံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ မစ္စတာမိုဟာမက်နူး (အင်ဒိုနီးရှားကောင်စီဥက္ကဋ္ဌ)၊ အာဆီယံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင် (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)၊ အာဆီယံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး မစ္စတာ အဆက်ဆက်တီယာဝမ်တို့နှင့် အရှေ့တောင်အာရှသတင်း မီဒီယာကောင်စီ(ကွန်ရက်) ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စွာမင်း (မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)၊ မစ္စတာချာဗာရွန်လင်မ်ပတ်တမပန်နီး (ထိုင်း သတင်းမီဒီယာကောင်စီ)၊ မစ္စတာ အရစ်ဆူဒီဘီယို (အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီ)၊ မစ္စတာ ဗာဂျီလီယိုးဒါးဆေးလ်မားဂူတာရက်စ် (တီမောလက်စတေး သတင်းမီဒီယာကောင်စီ)တို့က ထိုနေ့က ကျင်းပသည့် အဝေးရောက်အွန်လိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသည်။

## သတင်းတိုများ

### ဟားခါးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ဟားခါး မေ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက ဟားခါးမြို့နယ်အတွင်း ပြည်ထောင်စုနှင့်ပြည်နယ် ခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ်သန်း ၇၇ ဒသမ ၄၀၉ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟားခါး- မတူပီ လမ်းပိုင်းမိုင်တိုင် (၃၅/၀) မှ အရှည် ၁၀ မိုင်နေရာအတွင်း လမ်းတည်ဆောက်မှုနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟားခါးမြို့နယ် ဒင်လိုပါး ကျေးရွာတွင် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် တန်ဖိုးနည်း ဝန်ထမ်းအိမ်ရာနှစ်လုံး တည်ဆောက်ပြီးစီးမှု၊ ဟားခါး-မတူပီ ကားလမ်းရှိ လောက်လုံကျေးရွာတွင် ကားလမ်းမမှ အခြေခံပညာအထက်တန်းကျောင်းအထိ ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၈၉၅ သန်းဖြင့် အရှည်ပေ ၁၁၅၀ ကျောက် ခင်းခြင်းလုပ်ငန်းတို့ကိုလည်း မေ ၂၃ ရက်က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

### စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေး

ဂန့်ဂေါ မေ ၂၅

ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဂန့်ဂေါမြို့နယ်အတွင်း ခေတ္တပိတ်ထားရသည့် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ယမန်နေ့က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဉာဏ်ဦးက သတ်မှတ်စည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထိုသို့ဆွေးနွေးကြရာတွင် ဆိုင်ရှင်များက လိုက်နာရမည့်အချက်အလက်များ၊ စားပွဲထိုးများက လိုက်နာရမည့် အချက်အလက်တို့ကို ရှင်းလင်းပြောကြား၍ ဆိုင်ပိုင်ရှင်များ၊ စားသုံးသူများ အထူးဂရုပြု လိုက်နာရမည့် အချက်များ၊ ဆောင် ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

၁၄၄

### ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်

မြန်အောင် မေ ၂၅

ဟင်္သာတခရိုင် မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာအုပ်စု စမ်းရွာကြီးကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအုပ်စုများရှိ သွားလာမှု ကန့်သတ်ထားရှိသည့်စင်တာ ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများနှင့် ကျေးရွာအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အဂတ်နှာခေါင်းစည်းများနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် သွားလာမှုကန့်သတ်ထားရှိသည့် လက်ပံကွင်းကျေးရွာ အထက၊ စမ်းရွာကြီးကျေးရွာအုပ်စု၊ ယောကွင်းကျေးရွာ အမက၊ ညောင်ခြေထောက် အလက၊ ဘန့်ဘွေးကုန်းကျေးရွာ အထက(ခွဲ) ကျောင်းဝင်းများအတွင်းနှင့် ကျေးရွာတွင်းလမ်းများ၊ ဈေးဆိုင်များနှင့် နေအိမ် ခြံဝင်းများ အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အဂတ်နှာခေါင်းစည်း ၁၆၀ နှင့် လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန် ရှောင်ရန် လမ်းညွှန်အသိပေးချက်များကို ရွာတွင်းသို့ လှည့်လည်၍ အသိပေးနှိုးဆော်ခြင်းများ စုပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထွန်းဇော်ထွန်း(မြန်ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်မှုကြောင့် အဆောက်အအုံ ၆၀၀ ကျော်ပျက်စီး

မုံရွာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ် ၂၆ မြို့နယ်မှ ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၁၇ ခုနှင့် လူနေအိမ်အပါအဝင် အဆောက်အအုံ ၆၀၀ ကျော် ပျက်စီးခဲ့ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဦးစဝ်လီဖရန့်ထံက သိရသည်။

မေလအတွင်း တိုက်ခတ်ခဲ့သည့် လေပြင်းကြောင့် ကောလင်း၊ ထီးချိုင့်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ ပင်လည်ဘူး၊ အင်းတော်၊ မော်လိုက်၊ ကလေးဝ၊ ကလေး၊ မင်းကင်း၊ ရေဦး၊ ကန့်ဘလူ၊ ကျွန်းလှ၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ဝက်လက်၊ မြင်းမူ၊ ကနီ၊ ဒီပဲယင်း၊ ရွှေဘို၊ စစ်ကိုင်း၊ နန်းယွန်း၊ တမူး၊ အရာတော်၊ ကျောက်မြောင်း စသည့် မြို့နယ်များတွင် ဘာသာရေးအဆောက်အအုံ ၁၇ ခု၊ ပြိုကျပျက်စီး အဆောက်အအုံ ၁၈ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီး အဆောက်အအုံ ၆၆၂ လုံး၊ အိမ်ထောင်စု ၆၈၀၊ လူဦးရေ ၃၃၁၅ ဦး၊ သေဆုံးသူ ၁ ဦး၊ ဒဏ်ရာရသူ ၁၀ ဦးတို့ လေဘေးသင့်ခဲ့ကြောင်း ၎င်းက ပြောပြသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၃ သိန်း၊ ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ် ၅ သောင်း၊ ပြိုကျသည့် အဆောက်အအုံတစ်ခုလျှင် ငွေကျပ် ၁ သိန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ်များကို ပျက်စီးမှုအပေါ်မူတည်၍ ငွေကျပ် ၁၀၀၀၀ မှ ၇၅၀၀၀ အထိ ထောက်ပံ့လျက်ရှိကြောင်း၊ အလားတူ လူတစ်ဦး စားသောက်နိုင်ရန်အတွက် တစ်ရက်လျှင် ငွေကျပ် ၃၀၀ ဖြင့် တစ်ပတ်စာ စားသောက်နိုင်ရန် ငွေကျပ် ၂၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး ထောက်ပံ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မွေးကြူဇင်



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် သရုပ်ပြသမှု ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် ယနေ့ နံနက်ပိုင်းက မုံရွာမြို့ ကန်သာယာကျောက်တိုင်ကွင်း၌ ကျင်းပသော အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး အဆိုပါ ယာဉ်အား စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး လေ့ကျင့်သင်ကြားပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ်သည် ပိုလန်နိုင်ငံထုတ် LUF–60 Mobile Fighting Vehicle အမျိုးအစားဖြစ်ပြီး ဆီမီးလောင်မှု၊ ရိုးရိုးမီးလောင်မှု၊ ဓာတ်ငွေ့ယိုစိမ့်မှု၊ အောက်ဆီဂျင်ပြတ်တောက်နေသော နေရာများတွင် အောက်ဆီဂျင်ထည့်သွင်းနိုင်ခြင်း၊ သုံးတန်ကားများကို ဆွဲထုတ်နိုင်ခြင်းနှင့် သုံးတန်မတင်သည့် ကိရိယာဖြင့်လည်း ၄၀၀–ကီလိုဂရမ်အထိရှိသော အရာဝတ္ထုပစ္စည်းမျိုးစုံကို အလွယ်တကူ မတင်နိုင်သည့် အပြင် လူမလိုဘဲ ကျဉ်းမြောင်းသောနေရာများအထိ မီးလောင်မှုကြီးမား၍ အန္တရာယ်ရှိသောနေရာများကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်မီးသတ်ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ပြီး ၎င်းအဝေးထိန်းစက်ရုပ် မီးသတ်ယာဉ်အား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၈၂၄ သိန်းအကုန်အကျခံ ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



# ဘော်လခဲမြို့တွင် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအချိန်မီ ပြီးစီးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီး ကြည့်ရှုစစ်ဆေး

**ဘော်လခဲ မေ ၂၅**

ကယားပြည်နယ် ဘော်လခဲမြို့တွင် ဆောက်လုပ်လျက်ရှိသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံ အာစီနှစ်ထပ် ၅၀ ရာခိုင်နှုန်း ပြီးစီးနေမှုကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ် ကွင်းဆင်း စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါခရိုင် အဆောက်အအုံရုံး၌ စစ်ဆေးမှု ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တည်ဆောက်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံ ပေ (၆၀x၅၇) အာစီနှစ်ထပ် တည်ဆောက်ခြင်းကို ပြည်နယ်ဝန်ကြီးက ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် အရည်အသွေးကောင်းပစ္စည်းများဖြင့်သာ ဝယ်ယူအသုံးပြုရန်၊ သတ်မှတ်ကာလအချိန်မီပြီးစီးနိုင်ရေး ကြည့်ရှုကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သောရေရရှိရေး သွယ်တန်းဆောင်ရွက်ရာတွင် ပိုက်လိုင်းများအတွင်းရှိ ရေစီးရေလာမှု လေလွင့်ဆုံးရှုံးမှုမရှိစေရေးကို မှာကြားသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

**လှရွှေ**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများက ပုဂံညောင်ဦးမြို့ပေါ် စာသင်တိုက်များသို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ညောင်ဦး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများက ပုဂံညောင်ဦးမြို့ပေါ် စာသင်တိုက်များရှိ သံဃာတော်များအား ပုဂံမြို့လောကနန္ဒာစာသင်တိုက်တွင် ယမန်နေ့က နေ့ဆွမ်းစုပေါင်းဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ပုဂံမြို့ရှိ လောကနန္ဒာစာသင်တိုက်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ညောင်ဦးမြို့ ကျန်စစ်ဥမင်စာသင်တိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်က ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းနှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ညောင်ဦးမြို့ ဇေယျဝတီစာသင်တိုက်တို့မှ ဆရာတော်သံဃာတော်များ၊ သီလရှင်များအား ပုဂံမြို့ရှိ လောကနန္ဒာစာသင်တိုက်တွင် စုပေါင်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသီရိထံက ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးများထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သည့် ဝန်ကြီးများ၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ဆရာတော်ကြီးများ၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း ဦးဆောင်သည့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဖေလိန်း(ပုဂံ)**

# ချင်းပြည်နယ်အစိုးရက တီးတိန်မြို့နယ် ကပ်တဲလ်ကျေးရွာသို့ ဆန်အိတ်များ ထောက်ပံ့ပေးပို့

**တီးတိန် မေ ၂၅**

ချင်းပြည်နယ်အစိုးက တီးတိန်မြို့နယ် ကပ်တဲလ်ကျေးရွာအတွက် ထောက်ပံ့သည့် ဆန်အိတ် ၁၆၀ ကို ပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပူဂင့်ကမ်းလျန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလုစိုးတို့က ယမန်နေ့က ကပ်တဲလ်ကျေးရွာသို့ သွားရောက်ပေးပို့ကြောင်း သိရသည်။

ပြည်နယ် လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာရန်၊ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ကြရန် မှာကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဒိုးဇတွေဘင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ကိုဗစ်– ၁၉ ကြောင့် အဝင်အထွက်ပိတ်ဆို့ကန့်သတ်မှုကာလအတွင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသော အစိုးရနှင့် အလှူရှင်များ၊ အဖွဲ့အစည်းများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။


ထို့နောက် လူမှုရေးဝန်ကြီးက အားကစားနှင့် ကာယပညာဦးစီးဌာနက ကပ်တဲလ်ကျေးရွာ ဘောလုံးကွင်း ဆောက်လုပ်ရန်အတွက် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀ နှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဘောလုံးကွင်း ဆောက်လုပ်ပြီးစီးမှုကို လူမှုရေးဝန်ကြီးက သွားရောက်ကြည့်ရှုသည်။

ယခုထောက်ပံ့မှုသည် ကိုဗစ်–၁၉ ရောဂါကာလ အတွင်းပြည်နယ်အစိုးရမှ ကပ်တဲလ်ကျေးရွာသို့ စတုတ္ထအကြိမ် ထောက်ပံ့ခြင်းဖြစ်ပြီး ကပ်တဲလ်ကျေးရွာသည် ကိုဗစ်–၁၉ ရောဂါကြောင့် မတ် ၂၇ ရက် မှ မေ ၁၄ ရက်အထိ အဝင်အထွက်ပိတ်ဆို့ကန့်သတ်မှု ချထားသည့်ကျေးရွာဖြစ်ပြီး အိမ်ခြေ ၆၇၂ အိမ်၊ အိမ်ထောင်စု ၆၄၉ စုရှိသောကျေးရွာဖြစ်ကြောင်း သိရသည်။

**ဒိုင်းဒိမ့်(ပြန်/ဆက်)**







# ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း ၃၀၀၀ အခမဲ့ဖြန့်ဝေ

**ကျိုင်းတုံ မေ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်– ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နေအိမ်ပြင်ပ ထွက်ခွာသည့် ဒေသခံပြည်သူများအား နှာခေါင်းစည်း ၃၀၀၀ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက အသွားအလာများသော နေရာများတွင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဦးစိုင်းရှဲန်တစ်လုံနှင့် တာဝန်ရှိသူများက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံလူငယ်ပရဟိတအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက နေအိမ်ပြင်ပ ထွက်ခွာသူများအား ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်း ၃၀၀၀ အခမဲ့ ဖြန့်ဝေခြင်းကို အသွားအလာများသော ကျိုင်းတုံမြို့မဈေးရှေ့၊ မဟာမြတ်မုနိ အဝိုင်းပတ်နှင့် နောင်တွန်းဂိတ်တို့တွင် ဆောင်ရွက်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မေ ၂၅ ရက်၌ ၁၂၇၇ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၂၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံက မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ မေ ၂၅ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ၁၂၇၇ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။



ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် လူဦးရေ ၄၂၀သည် ကားအစီး ၂၀ ဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၈၅၇ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး ပြန်လည်ဝင်ရောက်ခဲ့ကာ စုစုပေါင်း ၃၇၈၃ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါနေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများ ဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ခြောက်ဦး၊ ကယားပြည်နယ်မှ ငါးဦး၊ ကရင်ပြည်နယ်မှ ၁၀၁ ဦး၊ မွန်ပြည်နယ်မှ ၁၄၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၀၊ ပဲခူးတိုင်းဒေသကြီးမှ ၃၂၇ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၀၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၆၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၉၀၊ နေပြည်တော်မှ ၄၈ ဦး၊ ရှမ်းပြည်နယ်မှ ၄၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၉ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၃၂ ဦး စုစုပေါင်း ၁၂၇၇ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**

# ကလေးခရိုင်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်

**ကလေး မေ ၂၅**

ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများမှ ငါးအထွက်နှုန်းတိုးတက်စေရန်၊ အင်းနယ်နိမိတ် ကာကွယ်စောင့်ရှောက်ရန်နှင့် အင်းရာသီအတွက် ငါးကုန်၊ ရေခမ်းဖမ်းဆီးခြင်း မပြုလုပ်ဘဲ အင်းရေချန်၊ ငါးချန်စနစ် လုပ်ကိုင်စေရန်တို့ကို ရည်ရွယ်၍ ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ငါးလုပ်ငန်းရာသီအတွက် ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်ငန်း လုပ်ကိုင်သူများအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် အိတ်ဖွင့်လေလံတင် ရောင်းချပေးခြင်းကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီတွင် အင်းလေလံစည်းကမ်းချက်များနှင့်အညီ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်းများမှာ ကလေးမြို့နယ်တွင် အင်းဒင်အင်း၊ ကလေးအင်း၊ တိန်ညှင်းအင်း၊ ရာဇဂြိုဟ်အင်းနှင့် မင်းကင်းမြို့နယ်တွင် ကံအင်း၊ သင်တောအင်း၊ ဘိုင်အင်း၊ မတောအင်း၊ တုံအင်း၊ ဘင်အင်း၊ ပင်တင်အင်း၊ ပန်းဆက်အင်း စုစုပေါင်း အင်း ၁၂ နေရာတို့ ဖြစ်ကြပြီး အဆိုပါအင်းများအတွက် တင်ပြရမည့် စပေါ်ငွေမှာ အင်းတစ်နေရာလျှင် ၁၀၀ ရာခိုင်နှုန်းစီဖြစ်ကြောင်း သိရသည်။

"ဂရန်အင်းများဟာ နိုင်ငံတော်ပိုင်သယံဇာတတွေဖြစ်ပါတယ်။ အင်းလုပ်ငန်းဟာ သဘာဝကထွက်ရှိတဲ့ ငါးတွေကို ဖမ်းဆီးရတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ရေရှည်စဉ်ဆက်မပြတ် ငါးဖမ်းဆီး ထုတ်လုပ်နိုင်ဖို့အတွက် အဲဒီဂရန်အင်းရဲ့ ငါးမျိုးစိတ်တွေ မျိုးမသုဉ်းစေဖို့၊ ငါးမျိုးတွေပြုန်းတီးနိုင်တဲ့ တရားမဝင် ငါးဖမ်းကိရိယာတွေ အသုံးပြုခြင်းကနေ ကာကွယ်ကြီးကြပ်ဖို့၊ ငါးရစ်ငါးသန်ရာသီချိန် တားမြစ်ကာလ ငါးဖမ်းဆီးမှုမရှိစေဖို့တို့ကို အင်းလေလံဆွဲဝယ်ယူရရှိသူတွေက အလေးထားဖို့ အခုလို ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက ပြောသည်။

**ချင်းတွင်းသား**

# ပူတာအိုရှိ မိုးသည်းထန်မှုကြောင့် ကားလမ်းပိတ်ဆို့မှု မီးသတ်တပ်ဖွဲ့ရှင်းလင်း

**ပူတာအို မေ ၂၅**

ယခုရက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မေ ၂၅ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် လေဆိပ်သွားလမ်းဆုံတွင် ကတ္တရာလမ်းမပေါ်သို့ သစ်ပင်လဲကျ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ အဆိုပါလမ်းပိတ်ဆို့မှုများကို မီးသတ်တပ်ဖွဲ့ဝင်များက နံနက် ၇ နာရီခွဲမှစတင်၍ အချိန်နှင့်တစ်ပြေးညီ ခုတ်ထွင်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကတ္တရာလမ်းမပေါ်သို့ လဲကျနေသော လုံးပတ်လေးပေခန့်ရှိ မဲဇလီသစ်ပင်အား မော်တော်ယာဉ်များနှင့် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ပူတာအိုမြို့ မီးသတ်စခန်းမှ ဒု-မီးသတ်ဦးစီးမှူး ဦးတိတု ဦးဆောင်၍ တပ်ဖွဲ့ဝင် ခြောက်ဦးတို့က ချိန်းဇော့များဖြင့် အချိန်မီခုတ်ထွင်ရှင်းလင်းပေးခဲ့ပြီး အဆိုပါသစ်ပင်လဲကျမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

# မိတ္ထီလာ၌ JICA ချေးငွေ ၃ ဒသမ ၂၅ ဘီလျံဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေပေးဝေရေးလုပ်ငန်းစတင်

**မိတ္ထီလာ မေ ၂၅**

မိတ္ထီလာ၌ JICA ချေးငွေ ၃ ဒသမ ၂၅ ဘီလျံဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေပေးဝေရေးလုပ်ငန်းမှ မူလက ဇူလိုင်လဆန်းပိုင်းတွင် စတင်ရေပေးဝေနိုင်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားမှု အခြေအနေကြောင့် လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသဖြင့် စက်တင်ဘာလတွင်သာ စတင်၍ သောက်သုံးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ဇင်းရပ်ကွက် မိတ္ထီလာကန်အနီးမှာ JICA ချေးငွေ ၃ ဒသမ ၂၅ ဘီလျံနဲ့ဆောင်ရွက်နေတဲ့ ရေပေးဝေရေးလုပ်ငန်းတွေ ဆောက်လုပ်နေတာကို ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေကြောင့် နှစ်လလောက်ရပ်ဆိုင်းခဲ့တယ်။ မူလက အဲဒီရေပေးဝေရေးလုပ်ငန်းစီမံကိန်းက ရေစက်ရုံ ဆောက်လုပ်တဲ့လုပ်ငန်းနဲ့ ရေပိုက်လိုင်းတွေ သွယ်တန်းတဲ့ လုပ်ငန်းနှစ်ခုစလုံးကို ဇွန်လအကုန်မှာ ပြီးစီးပြီး ဇူလိုင်လဆန်းပိုင်းမှာ သောက်သုံးရေပေးဝေနိုင်မယ်လို့ ရည်မှန်း ဆောင်ရွက်ခဲ့တာပါ။ "အခုတော့ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ အခြေအနေကြောင့် လုပ်ငန်းတွေလည်း ရပ်ဆိုင်းခဲ့ရလို့ အခု ပြန်လည်ဆောင်ရွက်နေပြီး လာမယ့် စက်တင်ဘာလရောက်မှ သောက်သုံးရေပေးဝေနိုင်မှာ ဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးခင်မောင်တင်က ပြောသည်။



မိတ္ထီလာ၌ ရေပေးဝေရေး စတင်ရန် ပြင်ဆင်ဆောင်ရွက်ထားစဉ်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းစီမံကိန်းတွင်ပါဝင်သည့် ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများပြီးစီးမည့် စက်တင်ဘာလတွင် ဝန်ဇင်းရပ်ကွက်နှင့် ရန်မျိုးအောင်ရပ်ကွက်ရှိ အိမ်ထောင်စု ၄၅၀၀ ကို သောက်သုံးရေပေးဝေခြင်းကို တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အသံတုဝိဇ္ဇာ ဦးရဲမြင့်လေး ကွယ်လွန်



တစ်ခေတ်တစ်ခါက နောက်ခံအသံတုလောကတွင် ပါးစပ်သေနတ်ပစ်အသံတု၊ တိရစ္ဆာန်အသံတု၊ လူအသံတုဖြင့် ကျော်ကြားခဲ့သော အသံတုရဲမြင့်လေးသည် မေ ၂၄ ရက် ညနေ ၅ နာရီက ၎င်းနေထိုင်ရာ သာကေတမြို့နယ်ရှိ နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

အသံတုရဲမြင့်လေး၏ အမည်ရင်းမှာ ဦးမောင်မြင့်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်ကျေးရွာတွင် အဖ ဦးကျော်ဆိုင်၊ အမိ ဒေါ်ချစ်မြတို့မှ မွေးဖွားခဲ့သည်။

၁၀ တန်းကျောင်းသားဘဝ သာကေတမြို့နယ်ရှိ အောင်ခေတ်မီအနုပညာကျောင်း၌ ပညာဆည်းပူးနေစဉ် အနုပညာကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲတွင် "ကျွန်တော်သာ ရုပ်ရှင်မင်းသားဖြစ်ခဲ့ရင်" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုရရှိခဲ့ပြီး ထိုအချိန်မှစ၍ အသံတုလုပ်ခြင်းကို ဝါသနာပါခဲ့ကြောင်း ၎င်း၏ အင်တာဗျူးတစ်ခုတွင် ဖြေကြားထားသည်။

အသံတုရဲမြင့်လေးသည် မျက်လှည့်ပညာကို အကယ်ဒမီဖိုးပါကြီး၊ ဆရာပဏ္ဏဝ၊ ဆရာပြည်ဘိုလာ၊ အသံတုနှင့်မျက်လှည့် ချန်ပီယံ တင်ညွန့်တို့ထံတွင် သင်ယူခဲ့ပြီး အသံတုပညာရှင် (ရွှေတံဆိပ်ဆုရှင်)၊ စိတ်-အာရုံ-မနောပညာရှင်၊ မျက်လှည့်ပညာရှင်အဖြစ် ထင်ရှားသည်။ အသံတုလုပ်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ငါးဘဝပြဇာတ်အတွက် ဗိုလ်ချုပ်၏ အသံနှင့် မိန့်ခွန်းများကို နောက်ခံအသံဖြင့် သရုပ်ဆောင်ခဲ့သည်။ တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင်၊ အညာသားအေးလွင်၊ မောင်မောင်ညွန့်တို့၏ ကက်ဆက်တိပ်ခွေ ဇာတ်လမ်းများတွင် သရုပ်ဆောင်ပေးခဲ့သည်။

ယခုနောက်ပိုင်း MRTV-4 မျက်လှည့်အစီအစဉ်မှ သင်တန်းများ ပို့ချခဲ့ပြီး Channel 9 မှ ထုတ်လွှင့်ခဲ့သော ဤဘဝဝယ် အစီအစဉ်တွင် စည်သူဗိုလ်ကလေးတင့်အောင်၏ တာဝန်ပေးချက်အရ ဥဩဘသောင်၏ ဘဲကျောင်းသားသီချင်းကို အသံတုဖြင့် သရုပ်ဆောင်ခဲ့ရကာ အသက် ၈၁ နှစ်အရွယ်တွင် ကျန်းမာရေးအရ အနားယူခဲ့သည်။

အသံတုရဲမြင့်လေးသည် နဝမအကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲမှစပြီး ကန်တော့ခံအဖြစ် စတင်ပါဝင်ခဲ့ကာ သာကေတမြို့နယ် (၃) ရန်ပြေရပ်ကွက် ၂ ဈေးလမ်း အမှတ် ၂၁/က နေအိမ်တွင် မိသားစုနှင့် နေထိုင်လျက်ရှိစဉ် အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# သရေခေတ္တရာနှင့် သီရိခေတ္တရာပြတိုက်

**မောင်သာ(ရှေးဟောင်းသုတေသန)**




ခင်ဘကုန်းမှရရှိခဲ့သည့် ဌာပနာတိုက်ဖုံးကျောက်ပြားချပ်နှင့် ဘုရားကြီးအနီးမှ ရရှိခဲ့သည့် ကျောက်အရိုးအိုး

ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခု ဖြစ်သော သရေခေတ္တရာသို့ ရောက်ရှိလာကြသူများသည် သရေခေတ္တရာမြို့ဟောင်းကိုလေ့လာပြီးလျှင် သရေခေတ္တရာမှရရှိခဲ့သည့် ယဉ်ကျေးမှုအထောက်အထားပစ္စည်း ၂၄၇ ခုကိုခင်းကျင်းပြသထားသည့် သီရိခေတ္တရာပြတိုက်သို့လည်း ဝင်ရောက်လေ့လာလေ့ရှိကြသည်။

သီရိခေတ္တရာပြတိုက်သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်ရှိသရေခေတ္တရာမြို့ဟောင်း မှော်ဇာကျေးရွာတွင် တည်ရှိကာ မြို့ဟောင်း၏မြောက်ဘက် မြို့ရိုးဝင်ပေါက်တစ်ခုဖြစ်သည့် နတ်ပေါက်မှ တစ်မိုင်သာကွာဝေးပြီး ပြည်မြို့မှတစ်ဆင့် အလွယ်တကူသွားရောက်နိုင်ကြသည်။

သီရိခေတ္တရာပြတိုက်ကို ၂ ဒသမ ၅ ဧကကျယ်ဝန်းသောမြေကွက်ပေါ်တွင် တည်ဆောက်ထားကာပြတိုက်အဆောင်သုံးဆောင်နှင့်သတင်းအချက်အလက်ဌာနကို ဖွင့်လှစ်ထားသည်။

### သရေခေတ္တရာ၏နောက်ခံ

မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာကို ဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး ၁၀၁ နှစ် (ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်) တွင် တည်ထောင်ခဲ့ကြောင်း၊ ဒွတ္တပေါင်မင်းမှစ၍ မင်းစဉ်မင်းဆက်အုပ်စိုးခဲ့ကြပြီး သုပညာနာဂရဆိန္ဒမင်းလက်ထက်တွင် ပျက်စီးခဲ့ကြောင်း ရေးသားကြသည်။

တွေ့ရှိထားပြီးသော အထောက်အထားများအရ သရေခေတ္တရာသည် အေဒီ ၁ ရာစုမှ ၉ ရာစုအကြား၌ ထွန်းကားခဲ့သောပျူမြို့ပြနိုင်ငံများအနက် အထင်ရှားဆုံးမြို့ဖြစ်ပြီး ခရစ်တော်မပေါ်မီ ၂ ရာစုနှောင်းတွင် တည်ဆောက်ခဲ့သည်ဟုအဖြေထွက်ရှိကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက **ဂြိုကွေတြ** (မူရင်းကျောက်စာ) သရေခေတ္တရာမြို့ဟောင်းဆောင်းပါးတွင် ရေးသားခဲ့သည်။ ဒေါက်တာသန်းထွန်းက ဒွတ္တပေါင်ဟုခေါ်ဆိုကြသည့် **တ္ဒဗုံး** (မူရင်းကျောက်စာ) ဝေါဟာရသည် လူပုဂ္ဂိုလ်တစ်ဦး၏အမည်မဟုတ်ဘဲ မင်းကြီးဟုရည်ညွှန်းသည့် ဂုဏ်ပုဒ်တစ်ခုဖြစ်ကြောင်း၊ ပျူလူမျိုးများသည် အစောပိုင်းတွင် ဗြဟ္မဏအယူဝါဒကိုလက်ခံခဲ့ကြကာ နောက်ပိုင်းတွင် မဟာယာနဗုဒ္ဓဘာသာကို ယုံကြည်ခဲ့ကြဟန်ရှိကြောင်းနှင့် ၁၄ ရာစုတွင် ပျောက်ကွယ်ခဲ့ကြောင်း ရေးသားခဲ့သည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းသုတေသနတာဝန်ခံအဖြစ် ပထမဆုံး ထမ်းဆောင်ခဲ့သူ ဒေါက်တာအီးဖိုချားမား (Dr.EForchammaer) သည် သရေခေတ္တရာကို ပထမဆုံး ကွင်းဆင်းသုတေသနပြုခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗြဲလီယေ (Leon de Beylie) နှင့် ကျောက်စာဝန်မစ္စတာတော်စိန်ခိုတို့သည် သရေခေတ္တရာကို တူးဖော်ခဲ့ကြပြီးနောက်ပိုင်းတွင် မစ္စတာတော် စိန်ခို၊ ဦးလူဖေဝင်း၊ မွန်ဆီယာဒူရွိုင်ဆယ် အစရှိသော ကျောက်စာဝန်များသည် သရေခေတ္တရာကို ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်အထိ အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ သရေခေတ္တရာကို ခေတ်အဆက်ဆက် တူးဖော်ခဲ့ကြသဖြင့် ယခုအချိန်အထိ ကုန်း ၆၅ ကုန်းကို တူးဖော်ခဲ့ပြီး တူးဖော်မှုများတွင် ပျူယဉ်ကျေးမှုအထောက်အထားများစွာကို တွေ့ရှိခဲ့ရသည်။

ရှေးဟောင်းမြန်မာရာဇဝင်များတွင် သရေခေတ္တရာ၌ တံခါးကြီး ၃၂ ပေါက်၊ တံခါးငယ် ၃၃ ပေါက်ရှိခဲ့ကြောင်းရေးသားကြသော်လည်း လက်တွေ့ကွင်းဆင်းလေ့လာမှုများအရမြို့ဝင်ပေါက်ကိုးပေါက်သာတွေ့ရှိရသေးပြီး ယင်းတို့သည် မြို့ဟောင်း အရှေ့ဘက်ရှိမုဋ္ဌောပေါက်နှင့် တွင်းဖြဲပေါက်၊ အနောက်ဘက်ရှိရွှေတံခါးပေါက်နှင့်မုတ်ရှည်ပေါက်၊ တောင်ဘက်ရှိရဟန္တာ ပေါက်၊ ဘီလူးမပေါက်နှင့်သာယာဝတီပေါက်၊ မြောက်ဘက်ရှိနတ်ပေါက်နှင့် နဂါးတွန့်ပေါက်တို့ ဖြစ်ကြသည်။

### သီရိခေတ္တရာပြတိုက်

ရှေးဟောင်းသုတေသနတူးဖော်မှုများမှ ရရှိခဲ့သည့် ယဉ်ကျေးမှုအထောက်အထားများအား ထိန်းသိမ်း၍ အများပြည်သူများကိုပြသရန် အဆောက်အအုံများ လိုအပ်လာခဲ့သဖြင့် ရှေးဟောင်းသုတေသနပြတိုက်များ ပေါ်ထွန်းလာခဲ့သည်။ ပြတိုက်ဟူသည့် ဝေါဟာရ၏အဓိပ္ပာယ်ကို မြန်မာ့စွယ်စုံကျမ်းအတွဲ (၇)တွင် "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသောပစ္စည်းအမျိုးမျိုးတို့ကိုသိုမှီးပြသထားရာအဆောက်အအုံများကို ပြတိုက်ဟုခေါ်ဆိုနိုင်ပေသည်"ဟု ဖွင့်ဆိုသည်။ ထို့အတူမြန်မာအဘိဓာန်တွင် ပြတိုက်၏အဓိပ္ပာယ်ကိုအများကြည့်ရှုလေ့လာဖွယ်ရာများကို ခင်းကျင်းပြသထားသော အဆောက်အအုံဟု ဖော်ပြသည်။

ပြတိုက်သည် ရှေးဟောင်းပစ္စည်းများ သို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့် ပစ္စည်းများကိုတစ်နေရာတည်း၌ စုစည်းထားပြီးအများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဖြစ်ကြောင်း အခြေခံပြတိုက်ပညာစာအုပ်တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေး ဥပဒေအရပြတိုက်သည် အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသောရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တစ်ခုခုက ဖြစ်စေ၊ ပုဂ္ဂလိက ကဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်အနက် အမျိုးသားပြတိုက်များတွင် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကိုဖော်ညွှန်းသည့် ပြကွက်များကိုအဓိကပြသလေ့ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ခု၏အမျိုးသားပြတိုက်သည် ပြည်တွင်းပြည်ပဧည့်သည်များလာရောက်ကြည့်ရှုလေ့လာကြရသည့် နေရာတစ်ခုဖြစ်လာခဲ့ပေသည်။ ထို့အတူ အစိုးရနှင့်ပုဂ္ဂလိကကဖွင့်လှစ်သည့် ပြတိုက်များတွင်လည်းပြတိုက်အမျိုးအစားအလိုက် လေ့လာနိုင်ကြသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း၌ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(ရန်ကုန်) အပါအဝင် ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်၊ နေအိမ်ပြတိုက်၊ ပုံစံငယ်ပြတိုက်စသည်ဖြင့် ပြတိုက်ပေါင်း ၃၀ ဖွင့်လှစ်ထားရာသီရိခေတ္တရာပြတိုက်သည် ရှေးဟောင်းသုတေသနပြတိုက်တစ်ခုဖြစ်သည်။

၁၉၀၇ ခုနှစ်တွင် သရေခေတ္တရာကိုပထမဆုံးတူးဖော်ခဲ့ချိန်မှစ၍ တူးဖော်မှုများမှရရှိခဲ့သည့် ရုပ်ဝတ္ထုပစ္စည်းများကိုကမ္ပည်းကျောက်စာဌာနက စုဆောင်းထိန်းသိမ်းခဲ့သည်။ ယင်းနှစ်မှာပင် ပြင်သစ်ဗိုလ်ချုပ်လီယွန်ဒီဗြဲလီယေနှင့် မစ္စတာတော်စိန်ခိုတို့သည် မှော်ဇာကျေးရွာ၊ နန်းတော်ကုန်းမြောက်ဘက်ရှိ ကျောက်ကာသိမ်ကျောင်းအတွင်းမှ ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆစ်ရုပ်ကြွများကိုတွေ့ရှိခဲ့သည်။ ယင်းတို့သည် အလွန်ကြီးမားလေးလံပြီး သယ်ယူထိန်းသိမ်းရန် မလွယ်ကူသောကြောင့် ယင်းနေရာ၌ပင် အလျားပေ ၅၀၊ အနံပေ ၂၀ ရှိသည့် အဆောက်အအုံတစ်ခုကို ဆောက်လုပ်၍ ထိန်းသိမ်းထားခဲ့ရာမှ ၁၉၁၅ ခုနှစ်၊ မတ်လ၌ ကျောက်ကာသိမ်ပြတိုက် ပေါ်ထွန်းခဲ့သည်။ ကျောက်ကာသိမ်ပြတိုက်ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော တူးဖော်မှုနေရာပြတိုက် (Site Museum)ဟု ခေါ်ဆိုနိုင်ပေသည်။

သရေခေတ္တရာတူးဖော်မှုများမှ ရရှိခဲ့သည့် ပစ္စည်းများသည် တစ်စတစ်စ များပြားလာသဖြင့် ၁၉၆၀-၆၁ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှု ကောင်စီက သီရိခေတ္တရာ ပြတိုက်သစ်ကို ဆောက်လုပ်၍ ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ တိုးချဲ့ဆောင် (၂)ကို ၁၉၇၂ ခုနှစ်တွင် လည်းကောင်း၊ တိုးချဲ့ဆောင်(၃)ကို ၂၀၀၂ ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

### ခင်းကျင်းပြသထားမှုများ

သီရိခေတ္တရာပြတိုက်ကို အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဍာန် တည်ဆောက်၍ ပြခန်းသုံးခန်းဖွဲ့စည်းထားသည်။ သီရိခေတ္တရာ ပြတိုက်ဝင်းအတွင်းသို့ ဝင်လိုက် သည်နှင့် ပြတိုက်ရှေ့မြေကွက်လပ်တွင်ပြသထားသည့် ကျောက်အိုးကြီးလေး လုံးကို လဟာပြင်ပြကွက်အဖြစ် မြင်တွေ့ကြရသည်။ ယင်းကျောက်အိုးကြီး များကို သရေခေတ္တရာမြို့ဟောင်းအတွင်းမှရရှိခဲ့ကာ ပြတိုက်ရှေ့တွင် ထားရှိ ၍အလှဆင်ထားသည်။

ပြတိုက်၏ပင်မဆောင်ဖြစ်သည့်အဆောင်(၁)တွင်ရှေးဟောင်းသုတေသနနှင့် သမိုင်းပညာရပ်နယ်ပယ်တွင် အလွန်ထင်ရှားသည့် ပျူဘုရင်များ၏ ကျောက်အရိုးအိုးသုံးလုံး၊ အဖုံးပါရှိသည့်မြေရိုးအိုး၊ ကျောက်အရိုးအိုးငယ်၊ ခင်ဘကုန်း မှရရှိခဲ့သည့် ဌာပနာတိုက်ဖုံးကျောက်ပြား၊ ကျောက်ပလ္လင်များ၊ ဒွါရပါလ၊ တာရာဒေဝီ၊ ဗောဓိသတ္တကျောက်ဆစ်ရုပ်ကြွများနှင့်အတူသရေခေတ္တရာတူးဖော်မှုမှတ်တမ်း၊ သရေခေတ္တရာ၏ရေအရင်းအမြစ်စီမံခန့်ခွဲမှုပုံစံ၊ သရေခေတ္တရာမင်းဆက်၊ သရေခေတ္တရာသမိုင်းကြောင်းစသည် တို့ကိုရုပ်ပုံကားချပ်များ၊ ဇယားများ၊ ဓာတ်ပုံများဖြင့် ပြသထားသည်။

ပြခန်းဆောင်(၂)တွင် ပျူခေတ်ယုံကြည်ကိုးကွယ်မှုနှင့် စာပေအထောက်အထားများကိုပြသထားရာဗုဒ္ဓဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ဟိန္ဒူအယူဝါဒဆိုင်ရာသဲကျောက်ရုပ်တုများ၊ ပျူစာများပါရှိသည့် အုတ်ခဲများ၊ ပျူအက္ခရာများ ရေးထိုးထားသည့် ကျောက်ချပ်များ၊ ကျောက်စာတိုင်၊ ကြေးအရိုးအိုး၊ ငွေပေလွှာများနှင့်အတူခင်ဘကုန်းမှ တူးဖော် ရရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀ မူရင်းဓာတ်ပုံနှင့် အဓိပ္ပာယ်ရှင်းလင်းချက်ကိုလေ့လာနိုင်ကြသည်။

ပြခန်းဆောင်(၃)တွင်မူ ပျူခေတ်ကဆောက်လုပ်ခဲ့သည့် အဆောက်အအုံများတွင် အသုံးပြုခဲ့သည့် ပွတ်လုံးတိုင်များ၊ မြေမီးဖုတ်ရုပ်ကြွများ၊ သံမယ်နများ၊ ပျူယဉ်ကျေးမှုဆိုင်ရာအသုံးအဆောင်များဖြစ်သည့် အရိုးအိုးများ၊ ပုတီးစေ့များ၊ ဒင်္ဂါးများ၊ ရွှေလက်စွပ်များ၊ ကြေးခြူများ၊ ပန်းကန်ပြားများကို ပြသထားသည်။

ထို့အတူ ၁၉၆၇ ခုနှစ်တွင် ဘုရားမာအနီးမှ ရရှိခဲ့ပြီးပျောက်ဆုံးသွားခဲ့ကာ ၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ သူဌေးတစ်ဦးကပြန်လည်ပေးအပ်ခဲ့သည့် ပျူကချေသည် ကြေးရုပ်တုငါးရုပ်၏ ပုံစံတူအရုပ်များကိုပြသထားသည်။ ယင်းတို့သည် ကခုန်နေသူ၊ဗုံတီးနေသူ၊ ပလွေမှုတ်နေသူ၊ လင်းကွင်း တီးနေသူနှင့် ကျောပေါ်တွင်အထုပ်တစ်ထုပ်ကို ထမ်းထားသည့် အရုပ်တို့ ဖြစ်ကြသည်။

ပြတိုက်တွင်ပြသထားသည့် ပစ္စည်းများသည် သရေခေတ္တရာတူးဖော်မှုများမှရရှိခဲ့သည့် ပစ္စည်းများ၊ ကွင်းဆင်း သုတေသနပြုလုပ်ရာမှ ရရှိခဲ့သည့် ပစ္စည်းများနှင့်လှူဒါန်းမှုများမှရရှိသည့် ပစ္စည်းများဖြစ်ကြကာ ယင်းတို့ကို ပစ္စည်းပေါ်မူတည်လျက် အင်္ဂတေခုံများအပါအဝင် တင်ခုံမျိုးစုံ၊ မှန်ပုံးများ၊ နံရံကပ်မှန်ဗီရိုများဖြင့် ပြသထားကာရှင်းလင်းချက်များကိုအင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားသည်။ ပြသထားသည့် ပစ္စည်းများကိုထင်ပေါ်မှုရှိစေရန် LED (Spot Light) မီးများဖြင့် အလင်းပေးထားသကဲ့သို့ သဘာဝအလင်းရောင်ကိုလည်း အသုံးပြုသည်။

သီရိခေတ္တရာပြတိုက်ကိုပြန်တမ်းဝင် ရုံးပိတ်ရက်များနှင့် တနင်္လာနေ့မှလွဲ၍ နေ့စဉ် နံနက် ၉ နာရီမိနစ် ၃၀ မှ ညနေ ၄ နာရီမိနစ် ၃၀ အထိဖွင့်လှစ်ပြသထားသည်။ ပြည်ပဧည့်သည်များကို ဝင်ကြေး ကျပ် ၅၀၀၀ ကောက်ခံ၍ ပြည်တွင်းဧည့်သည်များကို ဝင်ကြေးကောက်ခံခြင်း မရှိချေ။

ယဉ်ကျေးမှုအမွေအနှစ်စံနှုန်းများနှင့်ကိုက်ညီသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကိုလုံခြုံစိတ်ချစွာတည်ရှိနေရေး၊ မပျက်စီးစေရန်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ သေသပ်လှပတင့်တယ်စွာပြသနိုင်ရေး၊ အများပြည်သူများ

**စာမျက်နှာ ၂၄ သို့**

**"သီရိခေတ္တရာပြတိုက်သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သရေခေတ္တရာမြို့ဟောင်း မှော်ဇာကျေးရွာတွင် တည်ရှိကာ မြို့ဟောင်း၏မြောက်ဘက် မြို့ရိုးဝင်ပေါက်တစ်ခုဖြစ်သည့် နတ်ပေါက်မှ တစ်မိုင်သာကွာဝေးပြီး ပြည်မြို့မှတစ်ဆင့် အလွယ်တကူသွားရောက်နိုင်"**

# မိုးနဲမြို့ရှိ ကျေးရွာနေပြည်သူများထံသို့ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် မြေသြဇာထုပ်များ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေ

**မိုးနဲ မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းကာ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေရန်နှင့် မီးဖိုချောင် ကုန်ကျစရိတ် လျှော့ချနိုင်စေရန် ရည်ရွယ်၍ သီးနှံမျိုးစေ့များနှင့် ကွန်ပေါင်း မြေသြဇာထုပ်ငယ်များ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင် ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် မြေသြဇာထုပ်များ အခမဲ့ဖြန့်ဝေစဉ်။

ကိုဗစ်-၁၉ ကာကွယ်ရေးကာလတွင် လူစုလူဝေးမဖြစ်ပေါ်စေရေး၊ မိမိအိမ်ခြံထွက် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေရန် ရည်ရွယ်ချက်ဖြင့်ကျေးရွာနေအိမ်ထောင်စု ၂၀ ကို သီးနှံမျိုးစေ့ ခြောက်မျိုးဖြစ်သော (မုန်ညင်းစိမ်း၊ ရုံးပတီ၊ ငရုတ်၊ ဆလတ်၊ ဘူး၊ ဖရုံ၊ တိုင်ထောင်ပဲ) နှင့်ကွန်ပေါင်း ဓာတ်မြေသြဇာထုပ်ငယ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးငိုပွယ်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ သီးနှံမျိုးစေ့များနှင့်ကွန်ပေါင်းဓာတ်မြေသြဇာ ထုတ်ငယ်များကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာအရောက် အခမဲ့လိုက်လံ ထောက်ပံ့ပေးအပ် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မင်းဘူးမြို့ ခရုကန်ကျေးရွာတွင် မြေသားရေကန်တိုးချဲ့တူးဖော်

**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ခရုကန်ကျေးရွာအုပ်စု ခရုကန်ကျေးရွာ၌ ကျေးရွာနေ ပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်စေရန် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြေသားရေကန်တိုးချဲ့ တူးဖော်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ခရုကန်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် အလျားပေ ၈၀၀၊ အနံ ပေ ၂၀၀၊ အနက် ငါးပေ နှင့် အလျား ပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် လေးပေရှိ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၅၉၃ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့ကာ ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကာ ယခုအခါ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ထိုကျေးရွာရှိ အိမ်ခြေ ၄၀၃ အိမ်၊ လူဦးရေ ၁၆၉၆ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များပါ ရာသီမရွေး သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ခရုကန်ကျေးရွာသည် မင်းဘူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ ၄၀၃ အိမ် လူဦးရေ ၁၆၉၆ ဦးခန့်နေထိုင်ကာ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းပြု နေထိုင်ကြသည်။ ယင်းကျေးရွာသည် စက်ရေတွင်းတူးဖော်ရန်ခက်ခဲသဖြင့် ကျေးရွာရှိ မြေသားရေကန်မှ ရေကိုသာ သောက်သုံးကြရသည်။ "ဒီကန်ကိုပြုပြင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်လို့ နုန်းမြေများမြင့်တက်လာကာ နွေရာသီကာလတွင် ရေသိုလှောင်နိုင်သည့်ပမာဏ လျော့နည်း လာတဲ့အတွက် ဒေသခံပြည်သူများမှ တင်ပြခဲ့လို့ ယခုလိုကန်ကို ပြန်လည်တိုးချဲ့ တူးဖော် ပေးရခြင်းဖြစ်ပါတယ်"ဟု မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးက ပြောကြားသည်။

**သူရိန်(မင်းဘူး)**

# ဝက်လက်မြို့နယ်တွင် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်

**ဝက်လက် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မိမိဒေသရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဝက်လက်မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်း၊ သီးနှံများ စိုက်ပျိုးပေးခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ လုပ်ငန်းများ တောင်သူအကျိုးပြု ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လုပ်သား ရှားပါးသောပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်မှု လယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ စက်မှုလယ်ယာ ဦးစီးဌာန အစီစဉ်ဖြင့် မြို့နယ်အတွင်းရှိ တောင်သူများအား ဒေါင်းဖန်း လက်တွန်း ထွန်စက် ၅၇ စီးကို အရစ်ကျ စနစ်ဖြင့် ယခု ဘဏ္ဍာရေးနှစ်အတွင်း ရောင်းချပေးနိုင်ခဲ့သည်။



ဝက်လက်မြို့နယ်တွင် လယ်ယာမြေဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဝက်လက်မြို့နယ် စက်မှုလယ်ယာစခန်းသည် မြို့နယ်အတွင်း စနစ်ကျ လယ်ယာမြေ ဖော်ဆောင်ခြင်းလုပ်ငန်းများ အနေဖြင့် ယခင်မိုးစပါး စိုက်ပျိုးရာသီ ကာလတွင် ရွာတော်ကုန်း ကျေးရွာ၌ ၃၁၅ ဧက၊ တပ်ရွာကျေးရွာ၌ ဧက ၂၀၀ စုစုပေါင်း လယ်ယာမြေ ၅၁၅ ဧကကို လယ်ယာမြေ အဆင့်မြင့် လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခု မိုးစပါး စိုက်ပျိုးရာသီတွင် လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းကို ဝင်းလက်မြေ လယ်ယာဝန်ဆောင်မှု အသင်းနှင့် ပူးပေါင်း၍ ဧက ၇၀၀ ခန့် ဆောင်ရွက်ရန်အတွက် ထွန်စက်ကြီး ၁၅ စီးနှင့် ကောက်စိုက်စက် ၁၀ စီးကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း ဝက်လက်မြို့စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငွေဇော်စိုး၏ ပြောကြားချက်အရ သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

# မိတ္ထီလာမြို့နယ် ဖလံကျင်းသစ်တောကြိုးဝိုင်းနှင့် မုန်တိုင်သစ်တောကြိုးဝိုင်းတို့တွင် သစ်ပင်များ စိုက်ပျိုးလျက်ရှိ

**မိတ္ထီလာ မေ ၂၅**

မိတ္ထီလာမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်နှင့် ရာသီဥတုမျှတကောင်းမွန်လာစေရန် ဖလံကျင်းသစ်တောကြိုးဝိုင်းနှင့် မုန်တိုင်သစ်တောကြိုးဝိုင်းတို့တွင် မေလ ပထမပတ်က သစ်ပင်များ စိုက်ပျိုးနေပြီဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည် သာယာလှပစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများဖြည့်ဆည်းပေးရန်အတွက် နှစ်စဉ် သစ်တောများ ထူထောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ မိတ္ထီလာမြို့နယ်အတွင်း၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးရာသီတွင် ဖလံကျင်း၊ မုန်တိုင်၊ လျှော်ကန်(တောင်)၊ ကုန်တန်းသစ်တောကြိုးဝိုင်းများနှင့် အခြား စိုက်ခင်း ၂၅ ဧကတို့တွင် တမာ၊ ယူကလစ်၊ မြန်မာကုက္ကို၊ ရှားစသည့် သစ်ပင်ပေါင်း ၈၀၀၀၀ ကျော်ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းကြည် ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံတို့ပူးပေါင်း၍ စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့စိုက်ပျိုးလျက်ရှိရာမှ မုန်တိုင်သစ်တောကြိုးဝိုင်းတွင် သစ်ပင် ၁၆၂၀၀၊ ကုန်းတန်း သစ်တောကြိုးဝိုင်းတွင် သစ်ပင် ၃၀၂၅၀၊ လျှော်ကန်(တောင်) သစ်တောကြိုးဝိုင်းတွင် သစ်ပင် ၄၀၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ၎င်းအပြင် ဖလံကျင်းသစ်တောကြိုးဝိုင်းတွင် သစ်ပင်ပေါင်း ၃၇၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုလက်ရှိ သစ်ပင်ပေါင်း ၉၁၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းကြည်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**စာမျက်နှာ ၂၃ မှ**

ဗဟုသုတ ရရှိစေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြတိုက်များကိုဖွင့်လှစ်ပြသလျက်ရှိသဖြင့် သီရိခေတ္တရာပြတိုက်ကိုလည်း အဆင့်မြှင့်တင်၍ ခင်းကျင်းပြသထားသည်။

**ပြတိုက်မှ ကျောက်ထွင်းအရိုးအိုးများ**

သီရိခေတ္တရာပြသထားသည့် ပျူယဉ်ကျေးမှုဆိုင်ရာအထောက်အထားများအနက် ပျူအက္ခရာမှတ်တမ်းစာများရေးထိုးထားသည့် ကျောက်အရိုးအိုးများသည် အထူးစိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ မြန်မာနိုင်ငံရှိရှေးဟောင်းနေရာဒေသများတွင် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများကို ဆောင်ရွက်ခဲ့ရာ ကျောက်အရိုးအိုးကြီးငါးလုံးကို သရေခေတ္တရာ တစ်နေရာတည်းမှ ရရှိခဲ့သည်။ ယင်းတို့အားလုံးကို သရေခေတ္တရာရှိစေတီများ အနီးဝန်းကျင်များမှတွေ့ရှိခဲ့ရပြီး ဘုရားကြီးစေတီအနီးမှ လေးလုံးနှင့် ဘုရားထောင်စေတီအနီးမှ တစ်လုံးရရှိခဲ့သည်။ ကျောက်စာဝန် မစ္စတာတော်စိန်ခိုသည် သရေခေတ္တရာမြို့ဟောင်းအပြင်ဘက်ရှိ ဘုရားကြီးတောင်ဘက် ကိုက် ၂၀၀ အကွာမှ ကျောက်အရိုးအိုးလေးလုံးကို ၁၉၁၁ ခုနှစ်က တွေ့ရှိခဲ့သည်။

ကျောက်အိုးများပေါ်တွင် ရေးထွင်းထားသည့် စာသားများကိုအဓိပ္ပာယ်ဖော်နိုင်ခဲ့ကာ ဘုရားကြီးမှရရှိသည့် အိုးလေးလုံးသည် သူရိယဝိကြမ၊ ဟရိဝိကြမ၊ သိဟဝိကြမမင်းတို့၏အရိုးအိုးများဖြစ်ကြောင်းနှင့် ကျန်တစ်အိုးမှာ မင်းဆွေမင်းမျိုး သို့မဟုတ် မိဖုရားတစ်ဦးဦး၏ အရိုးအိုးဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

၁၉၉၃ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် သရေခေတ္တရာမြို့ရိုးအတွင်းရှိ ဘုရားထောင်စေတီအနီးမှ ထုလုံးရှည်ကျောက် အိုးတစ်လုံးကို ထပ်မံရရှိခဲ့ကာ အိုးအတွင်း၌ ဆင်းတုတော် အကျိုးအပဲ့များကို တွေ့ရှိခဲ့သည်။

ဘုရားကြီးမှ တွေ့ရှိခဲ့သောကျောက်အိုးများတွင် ရေးထွင်းထားသော စာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည်တူညီသောအက္ခရာများဖြစ်ကြကာ ဘုရားကြီးကျောက်အိုးလေးလုံးပေါ်တွင် ရေးထွင်းထားသည့် အမည်များအရသရေခေတ္တရာတွင် ဝိကြမမင်းဆက်အုပ်စိုးခဲ့ကြောင်းယူဆနိုင်ခဲ့သည်။ ဘုရားကြီးကျောက်အိုးတစ်လုံးစီပေါ်တွင် အမည်တစ်ခုစီသာ ရေးထွင်းထားပြီး ဘုရားထောင်ကျောက်အိုးတွင် ဘုရင်အမည်များကို စာကြောင်းငါးကြောင်း ရေးထွင်းထားသည်။

ယင်းကျောက်ထွင်းအိုးများကိုအိုးတွင်ရေးထိုးထားသည့် ဘုရင်အမည်များနှင့်ကွယ်လွန်ခဲ့သည့်ခုနှစ်များကြောင့် အရိုးအိုးများဟုသတ်မှတ်ခဲ့ကြသည်။ သို့သော် ယင်းကျောက်အိုးများကိုတွေ့ရှိခဲ့ချိန်တွင် ကျောက်အိုးများအတွင်း အရိုးစများ၊ အရိုးပြာများကို မတွေ့ရှိရဘဲ မြေကြီးများကိုသာ တွေ့ရှိခဲ့ရကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်ကရေးသားခဲ့သည်။ ထိုမြေကြီးများသည် ကွယ်လွန်သူများ၏ အရိုးပြာများလည်းဖြစ်နိုင်ဖွယ်ရှိပြီးယင်းကျောက်အိုးများကို အရိုးအိုးများဟု လက်ခံကြသကဲ့သို့ လက်မခံကြသူများလည်း ရှိခဲ့ပေသည်။

ယခုအခါတွင် ဘုရားထောင်ကျောက်အရိုးအိုးကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြသထားကာ ဘုရားကြီး ကျောက်အိုးများအနက် သိဟဝိကြမအမည်ပါရှိသည့်အိုးကိုအမျိုးသားပြတိုက် (နေပြည်တော်) တွင် ပြသထားသည်။ သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင်မူ သူရိယဝိကြမအမည်ပါရှိသည့် အရိုးအိုး၊ ဟရိဝိကြမအမည်ပါရှိသည့် အရိုးအိုးနှင့်မင်းဆွေမင်းမျိုး သို့မဟုတ် မိဖုရားတစ်ပါး၏ အရိုးအိုးဟုယူဆရသည့် အိုးကိုပြသထားသည်။

ကြီးမားကျယ်ဝန်းသောသရေခေတ္တရာသည် ပျူမြို့ပြနိုင်ငံတစ်ခုအဖြစ် ထွန်းကားခဲ့ပြီးပျူယဉ်ကျေးမှုအမွေအနှစ် ရုပ်ဝတ္ထုများ အများဆုံးကြွင်းကျန်ခဲ့သည့်ဒေသဖြစ်သည်။ သမိုင်းနှင့်ရှေးဟောင်းသုတေသနပညာအပါအဝင် ဘာသာရပ် အသီးသီးမှ သုတေသီများအထူးစိတ်ဝင်စားကြသည့် ရှေးဟောင်း မြို့တော် သရေခေတ္တရာသို့ ရောက်ရှိလာကြသူများသည် ကမ္ဘာ့အမွေအနှစ်ဒေသယဉ်ကျေးမှုအထောက်အထားများကို သီရိခေတ္တရာပြတိုက်တွင် လေ့လာနိုင်ကြပေသည်။ ။

# သာပေါင်းမြို့နယ် ရွှေတောင်ကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်

**သာပေါင်း မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီး၍ ရွှေတောင်ကျွန်းကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်တံတား တည်ဆောက်လျက်ရှိသည်။

ရွှေတောင်ကျွန်း ကျေးရွာရှိ ကွန်ကရစ်တံတား အရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၄ ပေ ရှိပြီး လုပ်ငန်းကို သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၂၀၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ရွာသူ ရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဆွေက ပြောသည်။



သာပေါင်းမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ရွှေတောင်ကျွန်း၊ ဘုရားကုန်း၊ သဲဖြူလက်ပံကွင်း ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

**စိုးမိုးကျော်**

# ရေနံချောင်းမြို့၌ အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရန် ချုပ်လုပ်လှူဒါန်း

**ရေနံချောင်း မေ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် ပိတ်စဖြင့် ချုပ်လုပ်ထားသော အဝတ်နှာခေါင်းစည်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညီ့ခန်းမ၌ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နင်ခိုတင်ဌေးနှင့် တာဝန်ရှိသူများ၊ နှာခေါင်းစည်းချုပ်လုပ်သူများက အဝတ်နှာခေါင်းစည်း အခုရေ ၂၀၀၀ လှူဒါန်းရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမန်ကိုဟောနှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါနှာခေါင်းစည်းများကို ချည်သားပိတ်စဖြင့် စနစ်တကျချုပ်လုပ်ထားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန် အတွက် ဒေသတွင်း အခြေခံလူတန်းစားများ၊ ဈေးရောင်း ဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေပေးနိုင်ရန် ချုပ်လုပ်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# ချောက်မြို့နယ်၌ ဂျီအေပီစနစ်ဖြင့် မိုးသီးနှံ ဧက ၂၅၀၀ ကျော် စိုက်ပျိုး

**ချောက် မေ ၂၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ တောင်သူများ ဘေးကင်းသော စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ် (ဂျီအေပီ) ဖြင့် ယခုနှစ် မိုးရာသီ မိုးနှမ်းဧက ၂၅၀၀ ကျော်၊ မိုးမြေပဲ ဧက ၂၀၀ နှင့် မိုးပဲတီစိမ်းဧက ၅၀ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကန်ကျေးရွာမှ တောင်သူ ဦးမင်းအောင်က "ကျွန်တော်တို့ဒေသမှာ ဧပြီလကုန်ရက်ပိုင်းက မိုးနေ့စဉ်ဆက်တိုက် ရွာသွန်းတဲ့အတွက် မြေပြုပြင်တာ၊ စိုက်ပျိုးတာတို့ ဆောင်ရွက်ခဲ့ပါတယ်။ မိုးနည်းလို့ မစိုက်နိုင်ခဲ့တဲ့ ရွာတောင်ပိုင်း အကွက်တွေမှာ မေ ၁၉ ရက်နဲ့ ၂၀ရက်က နှမ်း၊ မြေပဲတွေ စိုက်ပျိုးနေကြပြီ" ဟု ပြောသည်။

"ဒေသနဲ့သင့်တော်ပြီး အရည်အသွေး ပြည့်ဝဘေးကင်းတဲ့ စိုက်ပျိုးစားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့အညီ လေ့ကျင့်ဆောင်ရွက်ပေးနေပါတယ်။ စာအုပ်တွေလည်း ဖြန့်ဝေပေးထားတယ်၊ စိုက်ကွင်းက မြေတွေကို မြေဆီလွှာ ခတ်ခွဲပေးခြင်းလုပ်ငန်း၊ မြေယာပြုပြင် ထွန်ယက်ခြင်းလုပ်ငန်း၊ မျိုးစေ့နှင့် မြေဩဇာစုဆောင်းခြင်း စသည့်လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးတယ်၊ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအတွက် ဈေးကွက်ကောင်းရရှိဖို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ အခြားမိတ်ဖက်ဌာန အဖွဲ့အစည်းတွေ၊ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးမြင့်မြတ်သင်းက ပြောကြားသည်။

ချောက်မြို့နယ်သည် ၂၀၁၉ ခုနှစ်၌ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ကျေးရွာ ခုနစ်ရွာရှိ တောင်သူ ၂၁၆ ဦးတို့၏ မိုးသီးနှံစိုက်ဧက ၁၀၀၀ စိုက်ပျိုးနိုင်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာ ၁၉ ရွာရှိ တောင်သူ ၆၂၀ တို့၏ မိုးသီးနှံစိုက်ပျိုးဧက ၂၅၀၀ ကျော် တိုးချဲ့စိုက်ပျိုး လျာထားလျက်ရှိကြောင်း သိရသည်။

**မချို(ပြန်/ဆက်)**

# ဆောမြို့နယ် သစ်တောဦးစီးဌာန၌ ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

**ဆော မေ ၂၅**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ပျိုးပင်များအခမဲ့ရယူစိုက်ပျိုးနိုင်ရန် မြို့နယ် သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော်ကို စိုက်ပျိုးထားကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှ ယခုနှစ် သစ်ပင်စိုက်ပျိုးရာသီအတွက် ဒေသခံပြည်သူများဆန္ဒဖြင့် ပျိုးထောင်ထားသည့် လူထုဖြန့်ပျိုးပင် ကျွန်းပင် ၃၀၀၀၀ ကျော်ကို ဒေသခံပြည်သူများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများသို့ လာမည့် ဇွန်၊ ဇူလိုင် မိုးဦးကျရာသီတွင် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

**ဇော်မျိုးသန့်(ဆော)**

# သောက်သုံးရေ ခက်ခဲသည့် အန်းတားကျေးရွာသို့ သောက်ရေသန့်များလှူဒါန်း

**ဂန့်ဂေါ မေ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသဖြင့် စေတနာရှင် ဆရာ ဆရာမ ၁၃ ဦး စုပေါင်း၍ ယမန်နေ့က သောက်ရေသန့် လီတာ၂၀ ဘူးကြီး ၂၅၀ လှူဒါန်းသည်။ "နွေရာသီ ပူပြင်းခြောက်သွေ့တဲ့ အချိန်ရောက်ရင် ဒီရွာမှာက နှစ်တိုင်းသောက်သုံးရေ အခက်အခဲ ဖြစ်ပါတယ်။ ဖြိုးမေတ္တာယာဉ်ငယ်အသင်းက ကားငါးစီးနဲ့ အခမဲ့ကူညီပို့ဆောင်ပေးပါတယ်။ ဆရာ ဆရာမ ၁၃ ဦးက လှူဒါန်းထားတာပါ။ နောက်တစ်ပတ်မှာလည်း သောက်သုံးရေအတွက် အလှူငွေတွေရရှိပြီးပါပြီ။ ဆက်လက်ပြီး ဒီရွာကို လှူဒါန်းသွားမှာပါ" ဟု အလက(ခွဲ)အန်းတားကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေထွေးက ပြောသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

## ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း အစီအစဉ်

| အသက် | | ကာကွယ်ဆေးများ | ကာကွယ်ပေးသည့်ရောဂါများ |
|---|---|---|---|
| မွေးပြီးပြီးချင်း | | ဘီစီဂျီ* | ပြင်းထန်တီဘီရောဂါ |
| | | အသည်းရောင်အသားဝါ (ဘီ) | အသည်းရောင်အသားဝါ(ဘီ) |
| (၂) လ | | ဘီစီဂျီ* | ပြင်းထန်တီဘီရောဂါ |
| | | ပိုလီယို (ပထမ) | ပိုလီယိုအကြောသေရောဂါ |
| | | ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ) (ပထမ) | ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ |
| | | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) (ပထမ) | ပြင်းထန်အဆုတ်ရောင်ရောဂါ |
| | | ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) (ပထမ) | ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ/အဆုတ်ရောင်ရောဂါ |
| (၄) လ | | ပိုလီယို (ဒုတိယ) | ပိုလီယိုအကြောသေရောဂါ |
| | | ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ) (ဒုတိယ) | ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ |
| | | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) (ဒုတိယ) | ပြင်းထန်အဆုတ်ရောင်ရောဂါ |
| | | ပိုလီယိုထိုးဆေး | ပိုလီယိုအကြောသေရောဂါ |
| | | ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) (ဒုတိယ) | ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ/အဆုတ်ရောင်ရောဂါ |
| (၆) လ | | ပိုလီယို (တတိယ) | ပိုလီယိုအကြောသေရောဂါ |
| | | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) (တတိယ) | ပြင်းထန်အဆုတ်ရောင်ရောဂါ |
| | | ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) (တတိယ) | ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ/အဆုတ်ရောင်ရောဂါ |
| (၉) လ | | ဝက်သက် - ဂျိုက်သိုး (ပထမ) | ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ |
| | | ဂျပန်ဦးနှောက်ရောင် | ဂျပန်ဦးနှောက်ရောင်ရောဂါ |
| (၁) နှစ်ခွဲ | | ဝက်သက် - ဂျိုက်သိုး (ဒုတိယ) | ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ |
| | | ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) (စတုတ္ထ) | ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ/အဆုတ်ရောင်ရောဂါ |
| (၉) နှစ် | | အိတ်(ချ်)ပီဗီ (ပထမ) | သားအိမ်ခေါင်းကင်ဆာရောဂါ |
| (၁၀) နှစ် | | အိတ်(ချ်)ပီဗီ (ဒုတိယ) | သားအိမ်ခေါင်းကင်ဆာရောဂါ |

Gavi World Health Organization unicef

## ဒီနေ့အတွက် သိကောင်းစရာ (၄)

(၂၀၂၀) ပြည့်နှစ်၊ မေလ (၂၅) ရက်

### ဘာကြောင့်ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးဖို့လိုသလဲ?

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကာကွယ်ဆေး (၁၂) မျိုးကို အခမဲ့ထိုးနှံ/ တိုက်ကျွေးပေးလျက် ရှိပါတယ်။
- အဲ့ဒီ ကာကွယ်ဆေး (၁၂) မျိုးကို သတ်မှတ်အကြိမ်အပြည့်အဝ ထိုးနှံ/ တိုက်ကျွေးပေးခြင်းဖြင့် -
  - ✓ ပြင်းထန်တီဘီ၊ ပိုလီယိုအကြောသေ၊ ကြက်ညှာချောင်းဆိုး၊ ဆုံဆို့နာ၊ မေးခိုင်၊ Hib ဦးနှောက် အမြှေးရောင်/ အဆုတ်ရောင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုးနှင့် ရိုတာပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊
  - ✓ ရောဂါ (၁၂) မျိုးကြောင့် ဆေးရုံမတက်ရောက်ရတော့ခြင်း၊
  - ✓ ရောဂါကြောင့် ရာသက်ပန်မသန်စွမ်းဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့မှ ကာကွယ်နိုင်ခြင်း၊
  - ✓ မလိုလားအပ်သည့် စိတ်ပူပန်ရမှု၊ ငွေကြေးကုန်ကျရမှုများမရှိတော့ခြင်း၊
  - ✓ ဉာဏ်ရည်နှင့် ကိုယ်ကာယကြီးထွားဖွံ့ဖြိုးခြင်းတို့ကို အထောက်အကူပြုစေခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ပါတယ်။
- ကာကွယ်ဆေးတွေအတွက် ကလေး (၁) ဦးကို ကျပ်ငွေ (၆၀,၀၀၀)ခန့် ကုန်ကျစရိတ် ရှိပြီး မိမိတို့နိုင်ငံမှာ အခမဲ့ထိုးနှံ/ တိုက်ကျွေးပေးနေတာ ဖြစ်ပါတယ်။
- ဒါ့ကြောင့် မိဘများအနေနဲ့ ကာကွယ်ဆေးကို တန်ဖိုးထားပြီး ကာကွယ်ဆေးထိုးပေးနေတဲ့ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာန/ စုရပ်နေရာများကို ရှာဖွေ ထိုးနှံတိုက်ကျွေးပေးကြပါ။





# သစ်မျိုးစေ့များ ပျက်စီးလေလွင့်မှု လျော့နည်းရေး ရွံ့စေးမြေဖြင့် ထည့်လုံး၍ မျိုးစေ့ပစ်ကြဲနည်း သစ်တောဦးစီးဌာန အသုံးပြုနိုင်ရန်လုပ်ဆောင်

ကသာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် လူ့ပယောဂကြောင့် ပျက်စီးဆုံးရှုံးနေသော ရွှေသတ္တုရှာဖွေပျက်စီးမြေနေရာများကို သစ်မျိုးစေ့များ ပျက်စီးလေလွင့်မှု လျော့နည်း ကျဆင်းရေး သစ်မျိုးစေ့ပစ်ကြဲနည်းကို သစ်တောဦးစီးဌာန၌ ပြုလုပ်လျက်ရှိသည်။



ကသာမြို့နယ် တောအုပ်ကြီး ဦးဘိုသိန်းက သစ်တောအခေါ်မှာ Seed ball ဟု ခေါ်ကြောင်း၊ သစ်စေ့ကို စိုက်ပျိုးမည်ဆိုလျှင် ပျိုးထောင်မြေပြုခြင်း၊ ပန္နက်ချခြင်း၊ သယ်ယူစိုက်ပျိုးရခြင်း၊ ရေလောင်းရခြင်းများ ပြုလုပ်ရသောကြောင့် အလုပ်အများကြီး လုပ်ရသကဲ့သို့ အချိန်များစွာ ကုန်ကြောင်း၊ ယခုလုပ်ထားမှုက ရွံ့စေးမြေပျော့ကို နွားချေးဖြင့် ရောနှောကာ အသင့်ပြုလုပ်ထားသော မြေထဲသို့ စိုက်ပျိုးလိုသည့် သစ်စေ့ကို ထည့်သွင်းထားရှိပြီး သင့်လျော်သော ပုံသဏ္ဍာန် အလုံးလေးများလုံးပြီး အခြောက်ခံထားရှိပါက သစ်စေ့များ ရက်အနည်းငယ်အတွင်း အညှောက်ပေါက်လာကြောင်း၊ မိုးရာသီကာလမှသာ ပြုလုပ်အဆင်ပြေပြီး ပစ်ကြဲချနိုင်ရန် လေးခွဖြင့် အသုံးပြုရန် လိုအပ်ကြောင်း ရှင်းပြသည်။

မြို့နယ် သစ်တောဦးစီးဌာနရုံးတွင် ကုက္ကိုစေ့ ၇၇၀၀၀၊ ဘောစကိုင်းစေ့ ၄၆၆၈၀၊ ရှားစေ့ ၁၅၈၄၀ တို့ကို ပြုလုပ်ထားရှိကြောင်းနှင့် ကသာခရိုင် ဗန်းမောက်မြို့နယ် သတ္တုရွှေတူးဖော်၍ ပျက်စီးမြေနေရာများကို သစ်တောများ ပြန်လည်ရှင်သန်စိမ်းလန်းစေရန်၊ မျိုးစေ့လုံးများကို ဖြန့်ဖြူးပံ့ပိုးပေးရန် ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် ဗန်းမောက်မြို့နယ်တွင် သတ္တုရွှေတူးဖော်မှုကြောင့် လယ်ယာမြေများ၊ ချောင်းမြောင်းများ၊ သဘာဝသစ်တောများ တစ်ပိုင်တစ်နိုင် ရှာဖွေလုပ်စားသူများထက် စက်ယန္တရားကြီးများဖြင့် ရှာဖွေတူးဖော်မှုအပေါ် တားမြစ်အရေးယူမှု ထိထိရောက်ရောက် အရေးယူခြင်း ပြုလုပ်ပေး၍ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု လျော့နည်းရန် ကျေးရွာတိုင်း စိမ်းလန်းစိုပြည်ရေး၊ သစ်မျိုးစေ့များ ပျက်စီးလေလွင့်မှု လျော့နည်းရေးအတွက် ရွံ့စေးမြေဖြင့် ထည့်လုံး၍ မျိုးစေ့ပစ်ကြဲခြင်း လုပ်ဆောင်ပေးရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ပင်းတယမြို့နယ်ရှိ တောင်သူများအား အစေ့ထုတ်ပြောင်းမျိုးစေ့များ အခမဲ့ဖြန့်ဝေ

ပင်းတယ မေ ၂၅

ကိုဗစ်-၁၉ ကာလအတွင်း အစေ့ထုတ်ပြောင်းမျိုးစေ့ ဈေးနှုန်းမြင့်တက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့် မျိုးစေ့ဝယ်ယူရန် ခက်ခဲခြင်းနှင့် သွင်းအားစုအတွက် ကုန်ကျစရိတ်များခြင်းတို့မှ ကျော်လွှားနိုင်ရန်နှင့် လုပ်ကွက်ငယ် ပြောင်းစိုက်တောင်သူများအား တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ရန် ရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံရှိ သုတေသနပညာရှင်များက မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခဲ့သည့် သဘာဝ ဝတ်မှုန်ကူး ကေရီ အစေ့ထုတ်ပြောင်းမျိုးစေ့များကို ပင်းတယမြို့နယ်ရှိ တောင်သူများထံ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ပင်းတယမြို့နယ် မိုင်းလီကျေးရွာ မိုင်းလီ ဘုန်းကြီးကျောင်း၌ မေ ၂၃ ရက်က ပြုလုပ်သည်။

အခမ်းအနားကို ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံနှင့် ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံ ဒေါက်တာ ဝင်းဝင်းနွယ်က သဘာဝ ဝတ်မှုန်ကူး ကေရီမျိုးနှင့် စပ်မျိုးပြောင်းတို့၏ ကွာခြားပုံ၊ မျိုးစေ့အဖြစ်မျိုးခံ၍ ပြန်လည်စိုက်ပျိုးနိုင်ပုံနှင့် ကေရီပြောင်းမျိုး၏ ထူးခြားချက်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မော်မော်လွင်က သဘာဝဝတ်မှုန်ကူး ကေရီ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံမှ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ထားသည့် ကေရီအစေ့ထုတ်ပြောင်းမျိုးစေ့ ၅၅၀ ကီလိုဂရမ်ကို အခမဲ့ ဖြန့်ဝေပေးခြင်းသည် ပင်းတယမြို့နယ် မိုင်းလီကျေးရွာအုပ်စုရှိ တောင်သူ ၁၀၀ အတွက် ဧက ၁၁၀ တွင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# မြစ်သားမြို့နယ်တွင် ငရုတ်ဈေးကျဆင်းနေသော်လည်း အထွက်နှုန်းကောင်းမွန်လျက်ရှိ

မြစ်သား မေ ၂၅

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ငရုတ်ဈေးကျဆင်းနေသော်လည်း ငရုတ်စိုက်ပျိုးမှုများအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိသည်။

မြစ်သားမြို့နယ် ဥသျှစ်ကုန်းကျေးရွာအုပ်စု သမတန်းကျေးရွာမှ တောင်သူ ဦးဇော်မင်းဦးက ယခုနှစ်တွင် ယခင်နှစ်ကထက် ငရုတ်သီးဈေးကျဆင်းနေသော်လည်း ငရုတ်စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်သဖြင့် စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း၊ သမတန်း ကျေးရွာတွင် အများဆုံး စိုက်ပျိုးသည့် ငရုတ်မှာ ၆၉၂ အမျိုးအစားဖြစ်ကြောင်း၊ အဆိုပါ မျိုးကို စိုက်မည်ဆိုပါက တစ်ဧကအတွက် မျိုးစေ့ထုပ် ၁၅ ထုပ်ကုန်ကျကြောင်း၊ ပျိုးထောင် ၍ ၄၅ ရက်သား ပျိုးပင်ငယ်များကို တန်ဆောင်မုန်းလပြည့်ကျော်တွင်စတင်စိုက်ပျိုး၍ တန်ခူးလတွင် ခူးဆွတ်ရပြီဖြစ်ကြောင်း၊ ၆၉၂ မျိုးသည် ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်း ကောင်းသည့်အတွက် စိုက်ပျိုးရခြင်း ဖြစ်ကြောင်း ပြောသည်။



သမတန်းကျေးရွာရှိ ငရုတ်စိုက်တောင်သူများသည် ပန်းလောင်မြစ်နှင့် စမာဆည်ရေသောက်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးခြင်းဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် တစ်ခါကောက်တင်း ၁၅၀ မှ ၂၀၀ နီးပါးထွက်ရှိကြောင်းနှင့် မြစ်သားမြို့နယ်တွင် ငရုတ်ဈေးကွက်အနေဖြင့် ငရုတ်အမှည့်အစို တစ်ပိဿာလျှင် ယနေ့ပေါက်ဈေးနှုန်းမှာ ငွေကျပ် ၁၆၀၀ ရှိပြီး ဝယ်လိုအား ကောင်းမွန်လျက်ရှိကာ အဆိုပါ ငရုတ်သီးမှည့်အစိုများကို မန္တလေးမြို့ရှိ အအေးခန်းသို့ ပို့ဆောင်၍ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် ယခင်နှစ်ကထက် ငရုတ်ဈေးနှုန်းကျဆင်းနေသော်လည်း အထွက်နှုန်းကောင်းမွန်သည့်အတွက် ဝင်ငွေရရှိမှု အဆင်ပြေကြောင်း သိရသည်။

**ဆုမွန် (ပြန်/ဆက်)**

# တောင်သာဒေသထွက် စိန်တလုံးသရက် ဈေးကျသဖြင့် သရက်ခြံပိုင်ရှင်များ တွက်ခြေမကိုက်ဖြစ်နေ

တောင်သာ မေ ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဒေသထွက် စိန်တလုံးသရက်သီးများ လှိုင်လှိုင်ထွက်ရှိချိန်တွင် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် စိန်တလုံးသရက် စိုက်ပျိုးသည့် ခြံပိုင်ရှင်များ တွက်ခြေမကိုက်ဖြစ်နေကြောင်း အမှတ်(၂)ရပ်ကွက်ရှိ (မုဒိတာ) စိန်တလုံး သရက်ခြံပိုင်ရှင် ဦးသက်ခိုင်ဝင်းက ပြောသည်။

တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စိန်တလုံးသရက်ကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ ယခုနှစ်စိန်တလုံးသရက်သီး အသီးများကြောင်း သိရပြီး စိန်တလုံး သရက်သီးမှည့်ချိန် အောက်ဈေးဖြင့် ရောင်းချနေရကြောင်း သိရသည်။ ယခင်နှစ်များက စိန်တလုံး သရက်ပွင့်ချိန်မှ အသီးကင်း စတင်သီးချိန်တွင် စိန်တလုံးသရက်ပွဲစားများ ကျေးရွာများအထိ ဆင်းကာ ခြံပြတ်ဈေးဖြတ်ပြီး လာရောက်ဝယ်ယူသူများ ရှိကြသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ကြောင့် စိန်တလုံးသရက်သီးပွဲစားများ လာရောက်ဝယ်ယူမှုမရှိခြင်းကြောင့် သရက်သီးဈေးကွက်အရှုံးနှင့် ရင်ဆိုင်နေရကြောင်း သရက်စိုက်တောင်သူများက ပြောသည်။

တောင်သာဒေသထွက် စိန်တလုံးသရက်သီးများ အရည်အသွေးကောင်းမွန်ပြီး နှစ်စဉ်နှစ်တိုင်း ဈေးကွက်ကောင်းစွာ ရောင်းချခဲ့ရသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ကြောင့် ဆယ်လုံးဈေး ငွေကျပ် ၃၀၀၀ မှ ၁၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။

**ကျော်မျိုးနိုင် (တောင်သာ)**

# မျိုးစပါးများ ထောက်ပံ့ပေးအပ်

လှိုင်းဘွဲ့ မေ ၂၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအလုပ်အကိုင် အခွင့်အလမ်းနှင့် မျိုးစပါးအခက်အခဲများ မရှိစေရန် မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ဒိုင်းပြကုန်းကျေးရွာ၌ ပြုလုပ်ခဲ့ပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးသန်းလှိုင် ဦးဆောင်၍ တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် မိုးရာသီမျိုးစပါး ထောက်ပံ့ပေးအပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်၍ မျိုးသန့်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်ရှိ တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ ကူညီပေးလျက်ရှိ

နေပြည်တော် မေ ၂၅

ပျော်ဘွယ်မြို့နယ်အတွင်းရှိ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ထွန်ယက်ရန်အတွက် ပြင်ပပုဂ္ဂလိက စက်များအား ငှားရမ်းထွန်ယက်ရာတွင် အခက်အခဲ ဖြစ်နေသော တောင်သူများအား မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဌာနပိုင်ထွန်စက်ကြီးများဖြင့် ရွှေ့လျားရှေ့တန်းစခန်းဖွင့်၍ ထွန်ယက်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေပြီ ဖြစ်သည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကိုဗစ်- ၁၉ ကာလအတွင်း မြို့နယ်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း အခက်အခဲ မကြုံတွေ့စေရေး အတွက် ဌာနပိုင် New Holland ထွန်စက်ကြီးများဖြင့် ထွန်ယက်မြေပြုပြင်ပေးခြင်း၊ ပျက်စီးနေသော တောင်သူပိုင် လက်တွန်းထွန်စက်များကို ပြုပြင်ပေးမှုများပြုလုပ်ပေးခြင်း၊ လယ်ယာထွန်စက်မောင်းနှင်ခြင်းကို စိတ်ပါဝင်စားကြသည့် တောင်သူသားသမီးများအား ထွန်စက်ကြီးမောင်းနှင်ထိန်းသိမ်းမှု ပညာသင်ကြားပေးခြင်း၊ မိတ်ဖက်တောင်သူများအဖြစ် ပူးပေါင်းဆောင်ရွက်စေခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်ကြိုင်က ပြောကြားသည်။



အခက်အခဲရှိသော တောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာန၊ ရမည်းသင်းခရိုင်၊ ဦးစီးဌာနမှူး ဖုန်း ၀၉- ၂၂၁၂၄၆၆၊ မြို့နယ်ဦးစီးဌာနမှူး(ရမည်းသင်း) ဖုန်း ၀၉ - ၄၂၀၇၃၃၆၂၊ မြို့နယ်ဦးစီးဌာန မှူး(ပျော်ဘွယ်) ဖုန်း ၀၉- ၄၀၃၇၂၈၆၄၂ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ရွှေကုက္ကို**

## ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များထောက်ပံ့

**ညောင်ဦး မေ ၂၅**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ပုဂံ ညောင်ဦးဒေသ တောင်သူများသို့ ဟင်းသီးဟင်းရွက် မျိုးစေ့များကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်သည်။

ဟင်းသီးဟင်းရွက် မျိုးပေါင်း ၂၅ မျိုးနှင့် ပျိုးပင်ပေါက်များကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်ခင်သန်းမြင့်က တောင်သူများအား ထောက်ပံ့ပေးအပ်ပြီး မျိုးစေ့များ ပံ့ပိုးပေးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ညောင်ဦးခရိုင် အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးရေးဌာနက ညောင်ဦး၊ ကျောက်ပန်းတောင်းနှင့် ငါ့သရောက်မြို့နယ်များမှ တောင်သူ ၅၅၂ ဦးတို့ကို ဟင်းသီးဟင်းရွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ဌာနမှ ဟင်းသီးဟင်းရွက်မျိုးစေ့ပေါင်း ၂၅ မျိုး၊ ပျိုးပင်ရေ ၁၀၀၀ ကျော် ပျိုးထောင်ထားပြီးဖြစ်သဖြင့် အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရန် မျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေး ဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဖေလိနီး(ပုဂံ)**

## စာအုပ်အဟောင်းအရောင်းဆိုင်များကို ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် မေ ၂၅**

ကိုဗစ် -၁၉ ကာလအတွင်း အခက်အခဲရှိသည့် စာအုပ်အဟောင်းအရောင်းဆိုင်များအား မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်းနှင့် စာပေတိုက်များက ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ရွှေဥဒေါင်းခန်းမ၌ ထောက်ပံ့ငွေပေးအပ်သည်။

"စာအုပ်အဟောင်းဆိုင်တွေမှာ ရောင်းချလို့မရတဲ့ အခက်အခဲရှိတယ်။ အဲဒီအပေါ်မှာ အသင်းအနေနဲ့ မတည်ပြီး ကူညီထောက်ပံ့တာ ဖြစ်ပါတယ်။ ကျန်တဲ့စာပေတိုက်တွေကလည်း ပါဝင်ပြီး ထောက်ပံ့ပေးပါတယ်။ စာအုပ်အဟောင်းရောင်းတဲ့သူ ၆၀ ကို လှူဒါန်းတာ ဖြစ်ပါတယ်။ တစ်ယောက်ကို ငွေကျပ်ခုနစ်သောင်းလောက် ထောက်ပံ့ပါတယ်"ဟု မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးသိန်းစိုး ပြောသည်။

အဆိုပါထောက်ပံ့ငွေများကို မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်း က စာအုပ်အဟောင်းဆိုင်များကိုယ်စား သုခဘုံစာပေ စာအုပ်ဟောင်းဆိုင်ရှင် ဦးသန်းစိန်အား ပေးအပ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

AYA Financial Group ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် အမှတ်(၄၁၆) တွင် ကုမ္ပဏီရုံးခန်းဖွင့်၍ ဘဏ်လုပ်ငန်းလုပ်ဆောင်လျက်ရှိသော ဧရာဝတီဘဏ်လီမိတက်သည် အောက်ဖော်ပြပါ ဘဏ်လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၈-၂-၂၀၂၀)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်-(၂၉၈၉/ ၂၀၂၀)၊ (၂၉၉၀/ ၂၀၂၀)၊ (၂၉၉၁/ ၂၀၂၀) ဖြင့် ကုမ္ပဏီ၏လုပ်ငန်းအမည်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

AYA PAY
လွယ်ကူ ရော စိတ်ချပါ

ကုန်သည်
AYA PAY
ငွေပေးချေလိုက်ပါ

ကိုယ်စားလှယ်
AYA PAY
ငွေလွှဲ၊ ငွေထုတ်၊ ငွေသွင်း

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများသည် ဧရာဝတီဘဏ်လီမိတက်၏ မူပိုင်အမှတ်တံဆိပ်ဖြစ်ပြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ချမှတ်လုပ်ကိုင်ခွင့်ပြုထားသော ဘဏ်ဝန်ဆောင်မှုများနှင့်တကွ ဖုန်းနှင့်ကွန်ပြူတာတို့တွင်အသုံးပြုမည့် Application အမျိုးမျိုး၊ Software အမျိုးမျိုးတို့ကို လုပ်ကိုင်ဆောင်ရွက်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသနှင့် အစိတ်အပိုင်းကိုသော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားတုပ ပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မပြုလုပ်ကြ ပါရန်နှင့်အကယ်၍ပြုလုပ်ပါကတရားဥပဒေအရထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမင်းစိန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၉/ ၁၉၇၈)

ဒေါ်တင်မိုးဝေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၄၀/ ၂၀၀၈)

အမှတ် (၁၈၉-၁၉၅)၊ ပန်းဆိုးတန်းအော့(ဖ်)ဖစ်တာဝါ၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၉၅၁-၂၅၃၂၇၃ ၊ ၉၅၉-၅၀၁၇၂၀၀၊ ၉၅၉-၉၅၅၁၆၇၆၃၇။

### ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ထားကြောင်း ကြေညာခြင်း

ကျွန်တော်ဦးထင်လင်းအောင် ၁၂/ရကန(နိုင်) ဝ၆၃၇၃၉ အမှတ်(၃၀/ခ)အနီဃာလမ်း၊ ရန်ကင်းမြို့နယ်နေထိုင်သူသည် ဦးအယ်ဇော်မန်(ခ)ဦးဇော်မန်လထော် ၁၂/စခန(နိုင်) ဝ၅၅၅၃၂ အမှတ်(၃ဝ၄)ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူထံမှ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၁၃)ဟုခေါ်တွင်သော ကွန်ဒိုတိုက်၏ (၁၃လွှာ)တွင်တည်ရှိသော အခန်းအမှတ်(unit-D)အကျယ်အဝန်း(2014) စတုရန်းပေရှိသော အခန်းကို တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်ရန်ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ဤကြေညာခြင်းသတင်း အတွဲပါရှိသည့်ရက်မှ ခုနစ်ရက်အတွက် ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထင်လင်းအောင်
အမှတ်(၉)၊ သီရိမြိုင်လမ်း၊ သီရိရတနာရိပ်သာ၊ သဃ်န်းကျွန်းမြို့နယ်

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၁၄)ရပ်ကွက်၊မြကန်သာဥယျာဉ်အိမ်ရာ၊မိုးကောင်းလမ်း၊အမှတ်(၁၀/၁၂/ဂျီ)တွင်နေသူများဖြစ်သော ဦးမောင်မောင်တင် (၅/မရန(နိုင်)၂၄၄၃၁၈)နှင့် ဒေါ်ခင်မိုးမိုး(၅/မရန(နိုင်)ဝဝ၂၇၉၄)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများမှ ရန်ကုန်တိုင်းဒေသကြီး၊မြောက်ပိုင်းခရိုင်၊ရွှေပြည်သာမြို့နယ်၊ လှော်ကား(ထ/၁၆)ရပ်ကွက်၊ယခင်ကွင်းအမှတ်(၅၅၇)၊ဦးပိုင်အမှတ်(၂၀/၂၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊(၁၆)ရပ်ကွက်ဟုခေါ်တွင်သောလယ်ယာမြေ(၉. ၁၆)ဧကကို မူလလယ်သမားများဖြစ်သော ဦးစိန်မောင်၊ဦးစောကေသီ တို့ထံမှအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူထားခဲ့သည် မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

အဆိုပါ လယ်ယာမြေများနှင့်ပတ်သက်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချပေါင်နှံ၊ပေးကမ်း၊လှူဒါန်း၊စွန့်လွှတ်ထားခြင်းမရှိကြောင်းနှင့် ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်တင်နှင့်ဒေါ်ခင်မိုးမိုးတို့သာလျှင် ဝယ်ယူပိုင်ဆိုင်လုပ်ကိုင်နေပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသိန်းထူး LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)

ဦးဇော်မိုးလွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၅)လမ်း၊ အပေါ်ဘလောက်၊ အမှတ် (၅၀၉/ခ) ဟုခေါ်တွင်သော (၁၈×၅၄)ပေ၊ တတိယထပ်တိုက်ခန်းကို ပိုင်ဆိုင်သူ ဦးဝင်းကျော်မြင့်(၁၂/ပဘတ(နိုင်)ဝ၁၉၈၇၄) (Union Mahar Meik Construction Co.,Ltd)ထံမှဝယ်ယူရန် ကျွန်မ ဒေါ်ဆုရည်လဲ့ (၁၂/ရပသ(နိုင်)ဝ၆၅၈၉၆)မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုရည်လဲ့
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၀၅)
အမှတ် (၃၀/၉၃)၊ ဒေါင်းမင်းလမ်း၊(၂)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉ ၄၃၁၂၈၆၀၇

### (၂၀-၅-၂၀၂၀)ရက်စွဲပါ မခိုင်ဝါမင်းနှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ(၅)လမ်း၊ အမှတ်(၁၀၄၉)နေ မခိုင်ဝါမင်း ၁၂/မဂတ(နိုင်) ဝ၇၃၈၀၇၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် လူကြီးမင်း မနီနီဝင်းထံမှ မနီနီဝင်း၏ကိုယ်ပိုင်ငွေ တစ်ပြားတစ်ချပ်ကိုမှ လက်ခံရယူခဲ့ခြင်းမရှိပါ။ မခင်သဇ္ဇာထူး (ခေတ္တ-ဂျပန်)မှ ၎င်း၏ငွေပိုငွေလျှံများကို လစဉ်အတိုးရရှိအောင်ဆောင်ရွက်ပေးခိုင်း၍ ကျွန်ုပ်အမှုသည်မှ အခြားသူများသို့ (၅%) (၇%)(၈%) အတိုးငွေများဖြင့် ငွေဖြန့်ပေးခဲ့ခြင်းသာဖြစ်ပါသည်။ မနီနီဝင်းသည် မခင်သဇ္ဇာထူးနှင့် ကျွန်ုပ်အမှုသည်ကြားတွင် ကြားခံလူတစ်ဦးသာဖြစ်ပါသည်။ ကျွန်ုပ်အမှုသည် မခင်သဇ္ဇာထူးနှင့် ငွေရေးကြေးရေးကိစ္စများကို online, messager မှတစ်ဆင့် အသိပေး အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ အကြိမ်ကြိမ် ပျက်ကွက်နေသည်ဆိုခြင်းမှာ လုံးဝမမှန်ပါ။ ကျွန်ုပ်အမှုသည်သည် လူကြီးမင်းထံမှ ငွေတစ်ပြားတစ်ချပ်မှ ရယူခဲ့ခြင်းမရှိ၍ လာရောက်ဖြေရှင်းရန်လည်းမလိုအပ်ပါ။ လူကြီးမင်းကသာ (၂၀-၅-၂၀၂၀)ရက် ကြေညာနှင့်ပတ် သက်ပြီး ကျွန်ုပ်အမှုသည်အား ပြန်လည်တောင်းပန်ရန် လိုအပ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အကြောင်းကြားစာများ ပေးပို့ထားပါ သည်။ ထို့ကြောင့်လူကြီးမင်း၏ (၂၀-၅-၂၀၂၀) ကြေညာချက်သည် အဖြစ်မှန်နှင့် လုံးဝကိုက်ညီမှုမရှိသော အဖြစ်မှန်ကို ထိမ်ချန်ထားသော ကြော်ငြာသာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်သီတာဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)
အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

### မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ နိုးကိုးကျေးရွာအုပ်စု၊ ရေယိုကျေးရွာနေ(ဘ) ဦးမြင့်အောင်၏သမီး မစန္ဒာမြင့်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၁၉၉၅ ဖြစ်ပါကြောင်း။

မစန္ဒာမြင့်အောင်

### ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန် ရပ်ကွက်နေ ဒေါ်လှလှအုန်း ၉/ကဆန (နိုင်) ဝ၈၅၅၂၂ ပိုင်ဆိုင်သော (ရွာမ အလယ်)ရှိပေ(၂၀x၄၄) မြေကွက်ပေါ်တွင် လူနေအိမ်အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ၎င်းအပေါ်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ခိုင်လုံသော အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်လှလှအုန်း
၉/ကဆန(နိုင်) ဝ၈၅၅၂၂
ဖုန်း-ဝ၉-၂၅၉၁၅၄၄၅၁

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက် အမှတ် (S-079)၊ မြေဧရိယာ ဝ.ဒသမ ၂၂၉ ဧကရှိ ဒေါ်ရီရီဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးလွင်မင်းဟန်(ဘ) ဦးမင်းလွင်စိုး ၁၂/တမန(နိုင်) ၁၂၈၅၂၅မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၅၂၉/၂၀၂၀)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော် ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## စာအုပ်စာပေ

## လှူ့မိတ်ဆွေ

## လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများအတွက် အတည်ပြုပြီး မြန်မာစံချိန်စံညွှန်း (၃၅)ခုနှင့်အညီ ၂၀၂၁ ခုနှစ် မှ စတင်၍ ထုတ်လုပ်၊ ကုန်သွယ်မှုပြုရန် အသိပေးကြညာခြင်း

၁။ အာဆီယံနိုင်ငံများအတွင်းအပြန်အလှန် အသိအမှတ်ပြုအစီအစဉ်(EE MRA) နှင့် အာဆီယံဒေသတွင်း လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများ တစ်ပြေးညီသတ်မှတ် ကွပ်ကဲရေးစနစ်(AHEEERR)ပါ လုပ်ငန်းစဉ်များအရ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းမှ Test Reportနှင့် ကိုက်ညီကြောင်းအသိအမှတ်ပြုလက်မှတ်တို့ပါရှိလျှင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုလက်ခံ ဆောင်ရွက်ရန်အတွက် လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများအတွက် အတည်ပြုပြီး မြန်မာစံချိန်စံညွှန်း (၁၅)ခုကို ၂၀၂၁ ခုနှစ်တွင် စတင်ကျင့်သုံး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထုတ်လုပ်သူ၊ကုန်သွယ်သူများနှင့် သုံးစွဲသူပြည်သူများ သိရှိလိုက်နာနိုင်ရန် (၈.၂.၂၀၂၀)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါလျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း(၁၅)ခုအပြင် အမျိုးသားစံချိန်စံညွှန်းကောင်စီမှ (၁၅.၁.၂၀၂၀) ရက်နေ့တွင် ထပ်မံအတည်ပြုခဲ့သည့် ပူးတွဲဖော်ပြပါ မြန်မာစံချိန်စံညွှန်း (၃၅)ခုကိုလည်း ၂၀၂၁ ခုနှစ်မှ စတင်ကျင့်သုံးသွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများရှိ အသိအမှတ်ပြု ဓာတ်ခွဲခန်း တစ်ခုခုတွင် စစ်ဆေးပြီးကြောင်း Test Report နှင့် သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြုအဖွဲ့အစည်းမှ ထုတ်ပေးထားသည့် ကိုက်ညီကြောင်း အသိအမှတ်ပြုလက်မှတ်(Certificate) များနှင့်အတူ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေးဌာန)တွင်မှတ်ပုံတင်၍ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်း ထုတ်လုပ်သူ၊ကုန်သွယ်သူများနှင့် သုံးစွဲသူပြည်သူများသိရှိလိုက်နာရန် အသိပေးအပ်ပါသည်။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

**အတည်ပြုပြီး လျှပ်စစ်နှင့်အီလက်ထရောနစ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်း(၃၅)ခု**

| စဉ် | လျှပ်စစ်နှင့်အီလက်ထရောနစ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
|---|---|
| ၁ | MMS IEC 60227–1: 2007 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီွနိုင်းကလိုရိုက်ဒ် လျှပ်ကာဝါယာကြိုးများ အပိုင်း ၁၊ အထွေထွေလိုအပ်ချက်များ |
| ၂ | MMS IEC 60227–3: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီွနိုင်းကလိုရိုက်ဒ် လျှပ်ကာဝါယာကြိုးများ အပိုင်း ၃၊ ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ |
| ၃ | MMS IEC 60227–4: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီွနိုင်းကလိုရိုက်ဒ် လျှပ်ကာဝါယာကြိုးများ အပိုင်း ၄၊ ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ |
| ၄ | MMS IEC 60227–2: 1997 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီွနိုင်းကလိုရိုက်ဒ် လျှပ်ကာဝါယာကြိုးများ အပိုင်း ၂၊ စမ်းသပ်စစ်ဆေးနည်းများ |
| ၅ | MMS IEC 60227–6: 2001 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီွနိုင်းကလိုရိုက်ဒ် လျှပ်ကာဝါယာကြိုးများ အပိုင်း၆၊ ဓာတ်လှေကားဝါယာနှင့်ဝါယာကြိုးပျော့ဆက်သွယ်မှုများ |
| ၆ | MMS IEC 60228 : 2004 လျှပ်ကာကေဘယ်များ၏ လျှပ်ကူးပစ္စည်းများ |
| ၇ | MMS IEC 60335–2–2:2009 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး –အပိုင်း(၂.၂)၊ ဖုန်စုပ်စက်နှင့်ရေစုပ်ယူသည့်သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၈ | MMS IEC 60335–2–6 : 2014 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး –အပိုင်း(၂.၆)လုပ်ငန်းသုံးမီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ၊ |
| ၉ | MMS IEC 60335–2–8: 2012 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၈) မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူ လျှပ်စစ်ပစ္စည်းများ |
| ၁၀ | MMS IEC 60335–2–21 : 2012 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၁) ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၁၁ | MMS IEC 60335–2–28 : 2008 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၈) အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၁၂ | MMS IEC 60335–2–29 :2016 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၂၉) ဘတ္ထရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၁၃ | MMS IEC 60335–2–31 :2012 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၃၁) မီးဖိုတွဲများနှင့်အခြားချက်ပြုတ် ညှော်စုပ်စက်များအတွက် သီးခြား လိုအပ်ချက်များ |
| ၁၄ | MMS IEC 60335–2–45 : 2008 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၄၅) သယ်ဆောင်နိုင်သော အပူပေးကိရိယာနှင့် အလားတူ လျှပ်စစ် ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၅ | MMS IEC 60335–2–52 : 2008 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၅၂) သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၆ | MMS IEC 60335–2–55 : 2008 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၅၅) ငါးမွေးကန်နှင့် ဥယျာဉ်သုံးရေကန်များတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၇ | MMS IEC 60335–2–56 : 2008 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး–အပိုင်း(၂.၅၆) ပုံရိပ်ပြစက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြား လိုအပ်ချက်များ |
| ၁၈ | MMS IEC 60335–2–65 : 2008 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၆၅) လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၉ | MMS IEC 60335–2–73 : 2006 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၇၃) အသေတပ်ဆင်ထားသည့် ရေတိုင်ကီအတွင်းနှစ်မြှုပ်အပူပေး ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၀ | MMS IEC 60335–2–74; 2006 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး–အပိုင်း(၂.၇၄) ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်းနှစ်မြှုပ် အပူပေး ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၁ | MMS IEC 60335–2–79 : 2016 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၇၉) လုပ်ငန်းသုံး ဖိအားမြင့်သန့်ရှင်းရေးကိရိယာနှင့် ရေနွေးငွေ့သုံး သန့်ရှင်းရေးကိရိယာများအတွက် သီးခြား လိုအပ်ချက်များ |
| ၂၂ | MMS IEC 60335–2–88 : 2002အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၈၈) အပူပေးခြင်း၊ လေဝင်လေထွက်စနစ်နှင့် လေအေးပေးစက်စနစ်များအတွက် အသုံးပြုသည့် စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၃ | MMS IEC 60335–2–98 : 2008အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂.၉၈) စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၄ | MMS IEC 60947–2 : 2016 ဗို့အားနိမ့် ပတ်လမ်းဖြတ်ကိရိယာနှင့် ထိန်းချုပ်ကိရိယာ– အပိုင်း (၂) ဓာတ်အားလိုင်းဖြတ်ခလုတ်များ |
| ၂၅ | MMS IEC 60929 : 2011 မီးချောင်းများအတွက် AC နှင့်/သို့မဟုတ် DC သုံး အီလက်ထရောနစ် ထိန်းချုပ်ကိရိယာ – စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၂၆ | MMS IEC 60968 : 2015 အလင်းရရှိရန်အသုံးပြုသော ချုပ်တွဲပါသည့် မီးသီး/မီးချောင်းများ – အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များ |
| ၂၇ | MMS IEC 60969 : 2016 အလင်းရရှိရန်အသုံးပြုသော ချုပ်တွဲပါသည့် မီးသီး/မီးချောင်းများ – စွမ်းဆောင်ရည်လိုအပ်ချက်များ |
| ၂၈ | MMS IEC 61008–1 : 2010 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင်ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs)–အပိုင်း(၁) အထွေထွေစည်းမျဉ်းစည်းကမ်း |
| ၂၉ | MMS IEC 61008–1 : 2012 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင်ဖြတ်တောက်သည့် ပတ်လမ်းဖြတ်ကိရိယာ (RCCBs)–အပိုင်း(၁) အထွေထွေစည်းမျဉ်းစည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက်–၁) |
| ၃၀ | MMS IEC 61008–1 : 2013 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင်ဖြတ်တောက်သည့် ပတ်လမ်းဖြတ်ကိရိယာ (RCCBs)–အပိုင်း(၁) အထွေထွေစည်းမျဉ်းစည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက်–၂) |
| ၃၁ | MMS IEC 61058–1: 2016 လျှပ်စစ်ပစ္စည်းများအတွက် ခလုတ်များ – အပိုင်း (၁) အထွေထွေ လိုအပ်ချက်များ |
| ၃၂ | MMS IEC 62271–200 : 2011 ဗို့အားမြင့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ – အပိုင်း(၂၀၀) အေစီ သတ်မှတ်ဗို့အား ၁ ကီလိုဗို့နှင့် အထက် ၅၂ ကီလိုဗို့အထိရှိ သတ္တုအဖုံးအကာပါသည့် ဆွစ်ဂီယာ နှင့်ကွန်ထရိုးဂီယာ |
| ၃၃ | MMS IEC 62552–1 : 2015 အိမ်သုံးရေခဲသေတ္တာများ – ထူးခြားသည့်လက္ခဏာများနှင့် စမ်းသည့်သည့်နည်းလမ်းများ – အပိုင်း (၁) အထွေထွေလိုအပ်ချက်များ |
| ၃၄ | MMS IEC 62552–2 : 2015 အိမ်သုံးရေခဲသေတ္တာများ – ထူးခြားသည့်လက္ခဏာများနှင့် စမ်းသည့်သည့်နည်းလမ်းများ – အပိုင်း (၃) စွမ်းဆောင်ရည်လိုအပ်ချက်များ |
| ၃၅ | MMS IEC 62552–3 : 2015 အိမ်သုံးရေခဲသေတ္တာများ–ထူးခြားသည့် လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ– အပိုင်း(၃) စွမ်းအင်သုံးစွဲမှုနှင့် ပမာဏ |

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ရုံးချုပ် (နေပြည်တော်)

## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးနေရာ(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံး ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) | ၂၁ | B.Sc (Geology) |
| (ခ) | ဘူမိရူပဗေဒလက်ထောက်(၂) | ၃ | B.Sc(Geology)/ B.Sc(Physics)/ Dip.in Geophysics |
| (ဂ) | ဘူမိဓာတုဗေဒလက်ထောက်(၂) | ၃ | B.Sc (Geology)/ B.Sc (Chemistry)/ Dip.in Geochemistry |

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၀-၆-၂၀၂၀ ရက်တွင် အသက်(၃၀)နှစ် မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ဝန်ထမ်းဖြစ်ပါကလက်ရှိဌာန၏ ခွင့်ပြုချက်ပါရှိရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
- (င) ဌာနတွင် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
- (စ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက မြန်မာနိုင်ငံ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင် -
- (က) အမည်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊
- (ဂ) မွေးသက္ကရာဇ်
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (စ) လျှောက်ထားလိုသည့်ရာထူး
- (ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
- (ည) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email
- (ဋ) အမြဲတမ်းနေရပ်လိပ်စာတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ -
- (က) (၁)လအတွင်းရိုက်ကူးထားသော (၁)လက်မ ပတ်လည် ကာလာဓာတ်ပုံ (၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(၁)စောင်
- (ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
- (င) (၃) လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း
- (စ) ကျန်းမာကြောင်းဆေးစစ်ထောက်ခံချက်
- (ဆ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ
- (ဇ) ဘူမိရူပ/ ဓာတုဗေဒလက်ထောက်(၂) ရာထူးအတွက် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက်အထား

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား Department of Geological Survey & Mineral Exploration website **www.mining.gov.mm**တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်ဟု လိပ်စာတပ်၍ မှတ်ပုံတင်စာ (သို့မဟုတ်) အမြန်ချောပို့(သို့မဟုတ်)**dgseplanning@gmail.com**သို့ ၁၀-၆-၂၀၂၀ရက်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို Department of Geological Survey & Mineral Exploration website **www.mining.gov.mm** တွင်လည်းကောင်း၊ Department of Geological Survey & Mineral Exploration Facebook Pageတွင်လည်းကောင်း ကြေညာပေးထားမည် ဖြစ်သည်။

၇။ လျှောက်ထားသူများသည် မိမိလျှောက်ထားသည့် ဘာသာရပ်အတိုင်း ဘူမိဗေဒဘာသာရပ်၊ ဘူမိရူပဗေဒဘာသာရပ်၊ ဘူမိဓာတုဗေဒဘာသာရပ်များနှင့် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတများကို ၂၀-၆-၂၀၂၀ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ စစ်ဆေးမှုပြုလုပ်မည် ဖြစ်သည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၈-၆-၂၀၂၀ ရက်တွင် ထုတ်ပေးမည်။

၉။ နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် အခြေခံအထက်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များ ပါရှိရမည်ဖြစ်ပြီး မပါရှိပါက ဖြေဆိုခွင့်ရမည် မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက ဖုန်းနံပါတ်-၀၆၇- ၄၁၄၉၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်-၁/၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများတွင် သူနာပြု(၄) အကူသူနာပြု (လစာနှုန်း၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃၀၀)နေရာလစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော အကူသူနာပြု(ပြင်ပ) (၉)လသင်တန်းဆင်းအောင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့် ၂၆-၆-၂၀၂၀ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
- (ဃ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊
- (င) ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်၊
- (စ) လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- (ဆ) နိုင်ငံ့ဝန်ထမ်းအကူသူနာပြုအဖြစ်(၁)နှစ် မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန် -
- (က) လျှောက်လွှာတွင်ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၆-၆-၂၀၂၀ရက် နောက်ဆုံးထား လျှောက်ထားရမည်၊
- (ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်အလက်များ-
  - (၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃)ပုံ၊
  - (၂) အကူသူနာပြုအောင်လက်မှတ်(မိတ္တူမှန်)၊
  - (၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်၊
  - (၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲတပ်ဖွဲ့စခန်းတို့၏ထောက်ခံစာ(မူရင်း)(၁)စောင်၊
  - (၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသောသက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ(မူရင်း) (၁)စောင်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံစွာဖြင့် လျှောက်ထားသူများကိုသာ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုမည့်ရက်အား ပြန်လည်အကြောင်းကြားမည် ဖြစ်ပါသည်။

၆။ သိရှိလိုသည့်အချက်များရှိပါက သူနာပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၁၆၁၄၊ ၀၆၇-၄၁၁၃၈၇)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန

### အကူသူနာပြုရာထူးလျှောက်လွှာပုံစံ

ကာလာ ဓာတ်ပုံ

| | |
|---|---|
| အမည် | - ------------------------ |
| မွေးသက္ကရာဇ်၊အသက် | - ------------------------ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------------------ |
| မိဘအမည် | - ------------------------ |
| နေရပ်လိပ်စာအပြည့်အစုံ | - ------------------------ |
| ဆက်သွယ်ရန်လိပ်စာ | - ------------------------ |
| အောင်မြင်သည့်ခုနှစ်၊လ၊ရက် | - ------------------------ |
| အောင်မြင်သည့်ခုံအမှတ် | - ------------------------ |
| အောင်မြင်ခဲ့သည့်ဆေးရုံ | - ------------------------ |
| ဦးစားပေးလျှောက်ထားသည့် ဗဟိုအဆင့် ဆေးရုံကြီး/တိုင်းဒေသကြီး/ ပြည်နယ် | - (၁) ---------------------- |
| | - (၂) ---------------------- |
| | - (၃) ---------------------- |

လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ကတိ ရေးထိုးထားသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ------------------------
အမည် ------------------------
တယ်လီဖုန်းနံပါတ် ------------------------

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် လ ရက်

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်ကျော်
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၇)နေ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်အောင်ကျော်သည် ၂၄-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ ၃၀မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း အသက်(၉၅)နှစ်

ဒေါက်တာဒေါ်လှငွေး (သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး၊ မအူပင်ပြည်သူ့ဆေးရုံကြီး)၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သူ ဦးအုန်း အသက်(၉၅)နှစ်သည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရပါသည်။

**သားဖွားမီးယပ်ဆောင်မှ ဆရာဝန်နှင့်သူနာပြုများ၊**
**ဝန်ထမ်းများ**
**မအူပင်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း အသက်(၉၅)နှစ်

ဒေါက်တာဒေါ်လှငွေး(သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး၊ မအူပင်ပြည်သူ့ဆေးရုံကြီး)၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သူ ဦးအုန်း အသက်(၉၅)နှစ်သည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရပါသည်။

**သားဖွားမီးယပ်ဆောင်မိသားစု**
**မအူပင်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်@ Katherine San Paw
### အထက်တန်းပြ ဆရာမ(ငြိမ်း)
### အသက်(၈၉)နှစ်

ချစ်သူငယ်ချင်း ကိုမြင့်ခိုင်(အေးရိပ်မွန်ဆောက်လုပ်ရေး)-မလှမိုးအေး (L.Geismar)တို့၏မိခင် ဒေါ်ခင်ခင်သည် ၂၁-၅-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ချစ်သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် အန်တီကောင်းရာ သုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နိုင်ဝင်း၊ မိုးမိုးမြတ်ကို၊ ရီရီတင်၊ ခင်စပယ်ဖြူအောင်၊ ဝါဝါခိုင်၊ မို့မို့ဝင်း၊**
**ချိုမာဦး၊ သီတာလွင်၊ အေးအေးမူ၊ ချိုချိုအေးကျော်၊ သန့်သန့်ဇင်၊**
**(1984-1991 ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ချစ်သူငယ်ချင်းများ)**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဝင်း
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် (၆ခ/၂)နေ (ဦးတင်-ဒေါ်စိန်)တို့၏သမီး၊ ရဲမှူးကြီး ဦးစောမြင့်(ငြိမ်း)၏ဇနီး၊ ရဲမှူးကြီး ခင်မောင်သော် (ဒု-တိုင်းတပ်ဖွဲ့မှူး၊ နေပြည်တော်)-ဒေါ်ဦးဦးတင်၊ ဦးခင်မောင်ကျော် (သစ်တော) -ဒေါ်မီးငယ်၊ ဦးတင်အောင်လင်း (ခေတ္တ- ကနေဒါ)-ဒေါ်စန်းစန်းရီတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်၊ မြစ် တစ်ယောက်တို့ ၏အဘွားသည် ၂၅-၅-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၀ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးမြင့်ဆွေ
### အထပြ(ငြိမ်း)ဇီးကုန်း
### အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ ရန်ကုန်ပြည်လမ်း၊ (၅)ရပ်ကွက်နေဆရာမ ဒေါ်ခင်စန်းမြင့်(အထပြ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာထင်လင်းဆွေ-ဒေါ်မြတ်ဆုမင်းအောင်၊ ဒေါက်တာထင်မင်းဆွေ-ဒေါ်ကေသီနိုင်တို့၏ဖခင်၊ ဆရာကြီး ဦးမြင့်ဆွေ (အထပြ- ငြိမ်း)သည် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ဇီးကုန်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တပည့်များအား အသိပေးအ ကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ ကွင်းအမှတ် (၆၂၆)၊ ဘုရားသုံးဆူကွင်း၊ ဦးပိုင်အမှတ် (N-၁၉/၁)၊ ဧရိယာ ဝ.ဒသမ ဝ၅ဝဧကရှိ မြေနေရာအား ကျွန်မဒေါ်မို့မို့မြတ်စံ ၇/ပခန(နိုင်)ဝဝ၂၁၇၃မှ မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါ၍ မြေပေးမိန့်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(သို့)အောက်ဖော်ပြပါ ကာယကံရှင်ထံသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မို့မို့မြတ်စံ ၇/ပခန(နိုင်)ဝဝ၂၁၇၃**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်အောင်ကြည်
### ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)
### အသက်(၅၇)နှစ်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒေါ်စိုးစိမ့်အိ(ဒုတိယညွှန်ကြားရေးမှူး)၏ခင်ပွန်း ဦးအောင်အောင်ကြည်သည် ၂၂-၅-၂၀၂၀ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်မာမာဆွေ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်အောင်ကြည်
### ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)
### အသက်(၅၇)နှစ်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒေါ်စိုးစိမ့်အိ (ဒုတိယညွှန်ကြားရေးမှူး)၏ ခင်ပွန်းဖြစ်သူ ဦးအောင်အောင်ကြည်သည် ၂၂-၅-၂၀၂၀ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့်**
**ဝန်ကြီးရုံး ဝန်ထမ်းမိသားစုများ**

## ဗိုလ်မှူးသီဟ(ငြိမ်း)
### D.S.A(11) Intake
### ရေ-၁၁၈၆
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ [ ဒုဗိုလ်မှူးကြီး မောင်မောင်ကြီး - ရေ (ငြိမ်း) - ဒေါ်စိန်ရီ] တို့၏သားကြီး၊ [ဒုဗိုလ်မှူးကြီး သူရတင်မောင်(ငြိမ်း)]-ဒေါ်ငြိမ်းငြိမ်း တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ၉၂လမ်း၊ အမှတ် ၁၁၈(သုံးလွှာ)နေ ဒေါ်ရွှေဝါ(ခ)ဝါဝါတင်(Golden Dream ကိုယ်ပိုင်စာသင်စာကျက်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်ကေဇင်နို(Auditor-Kyaw & CPA )၊ မစနိုးသီ(Segi University)တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၅-၂၀၂၀ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၆:၃၀ နာရီတွင် မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသက်နိုင်မိုး (B.V.Sc)
### လက်ထောက်ညွှန်ကြားရေးမှူး
### မွေး-ကုဦးစီးဌာန၊ တောင်ကြီးမြို့

သူငယ်ချင်းဒေါက်တာသက်နိုင်မိုးသည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွေး-ဆေးတက္ကသိုလ်၊ ၁၉၉၄-၂၀၀၀ ပညာသင်နှစ်မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသူရလှိုင်
### အလုပ်သမားဝန်ကြီးဌာန၊ ဒုဦးစီးမှူး
### အသက်(၃၉)နှစ်

နေပြည်တော်၊ စကားဝါအိမ်ရာ၊ တိုက် ၂၃၅၂၊ အခန်း(၃၂)နေ ဒေါ်နီလာဝင်း၏ ခင်ပွန်း ဦးသူရလှိုင်သည် ၂၄-၅-၂၀၂၀ရက် တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**MCC Company ရုံးချုပ်**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီဖံ(စစ်တွေမြို့)
### ရခိုင်အမျိုးသမီးအသင်းနာယက
### စစ်တွေမြို့
### အသက်(၁၀၁)နှစ်

စစ်တွေမြို့နေ (ဦးစံရွှေဘု FRAS. Bar, At Law -ဒေါ်စံသာခိုင်)တို့၏သမီး၊ (အငြိမ်းစား)စက်ရှင် တရားသူကြီး ဦးသာဖံဦး-ဒေါ်မပုတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၂၈ နေ ဦးမောင်ကျော်ဖံ(ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး၊ငြိမ်း)၊ ဗဟိုတရားရုံးချုပ် ရှေ့နေကြီး၏ဇနီး၊ (ဦးထွန်းဝင်း)-ဒေါ်လှသန္တာ၊ (ဦးကျော်ဝင်း-ဒေါ်ဝင်းခင်)၊ဦးခင်မောင်ဦး-ဒေါ်ခင်အေးဖံ၊ (ဦးသာဖံ)-ဒေါ်မိမိဖံ၊ (ဦးဖံဝင်းမောင်)-ဒေါ်ထွေးထွေးစန်း တို့၏ချစ်လှစွာသောမိခင်၊ ဦးဇော်မင်းဝင်း-ဒေါ်ကျင်ကျင်ငွေး၊ဦးအောင်ကိုကို-ဒေါ်မေကြည်ဝင်း၊ ဦးအေးချိုမောင်-ဒေါ်မေအေးဝင်း၊ ဒေါက်တာစိုင်းကွမ်းဝမ်း-ဒေါက်တာစန္ဒီခင်၊ ဦးဇော်နိုင်ဝင်း-ဒေါ်နှင်းသဇင်မြင့်၊ ဒေါ်ခိုင်သူသူဖံ၊ ဦးရဲဖံမောင်-ဒေါ်နှင်းနှင်းခိုင်၊ ဦးသက်ပိုင်စိုး-ဒေါ်မြပန်းခိုင်၊ ဦးဝင်းကိုမြင့်-ဒေါ်မေမီဝင်း၊ ဦးဗိုလ်စစ်ခိုင်၊ ဦးရဲကျော်ဖံ၊ ဦးသာဝင်း-ဒေါက်တာ မိုးပန်းခိုင်၊ဦးဖြိုးညီညီဇော်-ဒေါ်ခိုင်ဖံထွေးတို့၏ ချစ်လှစွာသော ဘောင်ဘောင်၊ မြစ် ၁၆ယောက်တို့၏အဖီးရှင်သည် ၂၄-၅-၂၀၂၀ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်း(မြောင်းမြ)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်းနေ (ဦးစိန်ခက်-ဒေါ်အမာ)တို့၏သမီး၊ (ဦးသိန်းဖေ-ဒေါ်အေးရီ)တို့ ၏ညီမ၊ ဒေါ်သိန်းရီ၊ ဦးမြင့်လှိုင်တို့၏အစ်မကြီး၊ ဒေါ်မေရီ၊ ဦးထွန်းဝင်း၊ ဦးစန်းလှိုင်၊ ဦးစန်းနိုင်၊ ဒေါ်အေးအေးမြင့်၊ ဦးထွန်းလင်း၊ ဦးဘိုဝင်း၊ ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်သန်းတို့၏ အဒေါ်သည် ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၅၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ရွှေမန်းတရားရိပ်သာနှင့်
### အကျိုးတော်ဆောင်အဖွဲ့(နာယကကြီး)
### ဦးစိုင်းဘုန်းထူး (ခတ်ပုံ-စိုင်းဘုန်းထူး)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း(အလယ်ဘလောက်)အမှတ် (၁၀၀)နေ ဒေါ်ဖြူဖြူညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုင်းဘုန်းထူး(ခတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၃:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရွှေလှိုင်-ဒေါ်တင်အေး မိသားစု**
**ရွှေထီးပုံနှိပ်တိုက်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ ဗိုလ်တထောင်၊ ဦးပိုင်အမှတ် (၃၃၃၊ ၃၃၄၊ ၃၃၅၊ ၃၃၆၊ ၃၅၀)မှ မြေဧရိယာ ဝဒသမ၂၇၅ဧကရှိမြေကို မြို့မြေချထားရေးအဖွဲ့မှ ဒေါ်ခင်ရွှေအမည်ဖြင့် မြေချထားပေးခဲ့ရာမှ အဆိုပါမြေကွက်များကို ဒေါ်ခင်ရွှေသည် ၃၀-၁၂-၂၀၁၉ရက်တွင် ဦးစိန်ဝင်းအောင်သို့ တရားဝင်စာချုပ်မှတ်ပုံတင်ပြုလုပ်၍ စာချုပ်အမှတ် (၂၁/၂၀၂၀)အရ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် ဝယ်ယူသူအမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိ ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက် ၁၁ နေရာအတွက် ဆိုင်ကလုန်း Shelter လိုအပ်မှုအခြေအနေတို့ကို အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဦးစားပေးအလိုက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ် မေ ၁၉ ရက်မှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်ခွဲများ၏ စီးပွားရေးအရ ဖြစ်နိုင်ခြေသုံးသပ်ချက်၊ ဒေသဆိုင်ရာစီးပွားရေး အထောက်အကူပြုမှု၊ ဘဏ်လုံခြုံရေး၊ ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးတို့ကို စီစဉ်ထားခြင်း ရှိ၊ မရှိ တင်ပြချက်များကို စိစစ်သုံးသပ်ပြီးမှသာ ဘဏ်ခွဲလုပ်ငန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း ဖြစ်ပါကြောင်း။

အထက်ပါ ညွှန်ကြားချက်များအရ ဘဏ်များအနေဖြင့် ငွေသွင်းငွေထုတ်လာကြသော ပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘဏ်လုံခြုံရေးဝန်ထမ်းများ ထားရှိ၍ စောင့်ကြပ်စေခြင်း၊ ဘဏ်အဆောက်အဦပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှုပေးသော နေရာများတွင် CCTV ကင်မရာများ တပ်ဆင်စောင့်ကြည့်ခြင်း၊ အဓိက ဝင်ပေါက် တစ်ပေါက်သာ ထားရှိပြီး Banking Hour ကုန်ဆုံးသည်နှင့် သော့ခတ်၍ပိတ်ခြင်း၊ ဘဏ်ဝန်ထမ်းများမှလည်း လုံခြုံရေးအတွက် ဂရုပြုစောင့်ကြပ်ခြင်း၊ နေ့၊ ည လုံခြုံရေးဝန်ထမ်းများထားရှိခြင်းနှင့် လုံခြုံရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာစေခြင်း၊ လုံခြုံရေးစီမံချက်များ ရေးဆွဲထားရှိစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်တိုးလုံခြုံရေးအစီအစဉ်များအဖြစ် နိုင်ငံတကာဘဏ်များတွင် ကျင့်သုံးသည့် အရေးပေါ်အချက်ပေးစနစ်များ တပ်ဆင်ထားရှိရေး အစီအစဉ်များကို သင့်လျော်စွာ ချမှတ်ကျင့်သုံးသွားစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တိုက်တွန်းထားရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ကြီးကြပ်ကွပ်ကဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် စည်းမျဉ်းများအား လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ ဘဏ်များသို့ သွားရောက်စစ်ဆေးခြင်းနှင့် ဘဏ်များမှ ပေးပို့လာသော အစီရင်ခံစာများကို

စာမျက်နှာ ၆ ကော်လံ ၁ ❑



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

## အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် လိုအပ်သော မြေနေရာအား သက်ဆိုင်ရာများမှ အသုံးမလိုသည့် သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ်အပ်နှံခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်းတွင် မြန်မာ့မီးရထားမှ သိမ်းယူခဲ့သည့် လမ်းအူကြောင်း သိမ်းဆည်းမြေ (၉၉ ဒသမ ၅၇၉) ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် (၉၄ ဒသမ ၁၇၃)ဧက လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ ကျိုင်းတုံဘူတာယာဒ်ဝင်းမြေ ၄၂ ဒသမ ၄၂ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည် ဖြစ်ပါကြောင်း၊ ၅ ဒသမ ၄၀၆ ဧကကို မူလတောင်သူများသို့ ပြန်လည်စွန့်လွှတ်မည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ၏ ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်းပိုင်မြေအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ မြန်မာဂေါက်သီးရိုက်အသင်းပိုင် မြေငှားဂရန်စာချုပ်ကို သိမ်းယူကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ထားခဲ့ခြင်းကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့် ပေးအပ်ရန်ရှိပါက မည်သည့်အချိန်တွင် ပြန်လည်ပေးအပ်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန် က ယခင်အားကစားဝန်ကြီးဌာန၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ နိုင်ငံတော်မှ လွှဲပြောင်းပေးအပ်ခဲ့ခြင်း၊ ဂေါက်ကွင်းနေရာ မပျောက်ပျက်စေရေးအတွက် ဌာနမှ စီမံဆောင်ရွက်ခဲ့ခြင်း၊ ယနေ့တိုင် အဆိုပါ ဂေါက်ကွင်းအား ဌာနမှ

စာမျက်နှာ ၇ ကော်လံ ၁ ◆

## စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ထုတ်ပေးလျက်ရှိ

စာမျက်နှာ - ၉

## ဩစတြေးလျနိုင်ငံတွင် ကန့်သတ်မှုများ ဖြေလျှော့ပေးပြီးနောက် စာသင်ကျောင်းများပြန်ဖွင့်

စာမျက်နှာ - ၁၃



## မာန်အောင်မြို့နယ် ပြင်ကောက်ကျေးရွာ ပင်လယ်ကမ်းခြေရှိ သန္တာကျောက်တန်းအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိ

စာမျက်နှာ - ၁၉



## နယူးကာဆယ်နှင့် ဝုဖ်တို့ ဟီဂူအင်ကို ကမ်းလှမ်းရန် အဆင်သင့်ရှိ




ဂျူဗင်တပ်စ် တိုက်စစ်မှူး ဟီဂူအင်

နယူးကာဆယ်နှင့် ဝုဖ်အသင်းတို့သည် ချယ်လ်ဆီးအသင်းတွင် အငှားကစားခဲ့ဖူးသော ဂွန်ဇာလို ဟီဂူအင်ကို ကမ်းလှမ်းရန် အဆင်သင့်ဖြစ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းသည် ရီးရဲ မက်ဒရစ်တိုက်စစ်မှူးဟောင်း ဟီဂူအင်ကို ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားရန် ဆန္ဒရှိနေသည့်အတွက် ဟီဂူအင်အနေဖြင့် ပရီမီယာလိဂ်သို့ ဒုတိယအကြိမ် ပြန်လာရန်အခွင့်အရေး တစ်ရပ်အနေရှိနေသည်။ အဆိုပါ တိုက်စစ်မှူးကို ခေါ်ယူရန် နယူးကာဆယ်နှင့် ဝုဖ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ နယူးကာဆယ်အသင်းပိုင်ရှင်သစ်သည်

စာမျက်နှာ ၁၁ ကော်လံ ၅ ❄